


ရွှေခကား
သိရိကြယ်စင်
အချစ်ဆုံး၏အမုန်းနိုင်ငံ

# သီရိကြယ်စင်

## အချစ်ဆုံး၏အမုန်းနိုင်ငံ



စီစဉ်သူ မျိုးပပစိုး

# ရွှေစကားစာပေ



ဘီ၄ဝ၊ ပိတောက်ဝါ(၄)လမ်း၊ FMI CITY၊
☎: 6582445၊ Ext : 1121၊ 09 50 06078

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| - ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| - တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| - အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❁ ရွှေစကားစာပေ ❁

# သီရိကြယ်စင်

# အချစ်ဆုံး၏အမုန်းနိုင်ငံ

❁ ရွှေစကားစာပေ ❁

## အချစ်ဆုံး၏ အမုန်းနိုင်ငံ
## သီရိကြယ်စင်

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၉၈၁၀၈၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၂၅၀၁၀၀၇

**ထုတ်ဝေသူ**

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)

အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်။

**ထုတ်ဝေခြင်း**

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀ ကျပ်

**ဖြန့်ချိရေး**

ရွှေစကားစာပေ

ဖုန်း-၀၉ ၅၀၀ ၆၀၇၈


# အခန်း(၁)

"ညီမလေးရေ. . ကိုကိုသွားပြီဟေ့၊ တံခါးကို သေသေချာချာလာပိတ်ထား၊ စာကျက်ရင်းနဲ့လည်း ရည်းစားအကြောင်းတွေးမနေနဲ့၊ စာကိုသေသေချာချာကြိုးစား၊ ကိုယ့်အစ်ကိုကိုလည်း နည်းနည်းပါးပါးပြန်လုပ်ကျွေးဖို့စဉ်းစားဦး"

ထုံးစံအတိုင်း အိမ်ပေါက်ဝကနေ ကိုကိုရန်နောင်ရှင်းအာပြကြီးနှင့်အော်စနေလျှင် မီးဖိုထဲမှာ ကိုကိုစားပြီးသားထမင်းပွဲကို ဆေးကြောသိမ်းဆည်းနေရသည့် 'မေမြတ်နိုးဆု'မှာ ပါးချိုင့်လေးပေါ်အောင်ပြုံးရင်း ကိုကို့ကျောပြင်ကြီးကိုထုဖို့ အိမ်ရှေ့သို့ပြေးထွက်လိုက်သည်။

"ဟင်. . ဒီပါးစပ်ပုတ်ကြီးနဲ့ပြောဦး၊ ဒီပါးစပ်ပုတ်ကြီးနဲ့

ပြောဦး၊ ကိုယ့်ညီမလေးကဖြင့် ရိုးရိုးသားသားဖြူဖြူစင်စင်လေး ကို တစ်ခါလာ ရည်းစားအကြောင်းပဲပြောနေ၊ ဟင်း. . ကိုကို့ လို ကားသမားကသာ တစ်နေ့ကိုရည်စားအယောက်တစ်ရာ လောက်ထားနေတာသိလား၊ မသိရင်ခက်မယ်"

ကိုကို့ကျောပြင်ကြီးကို မှီအောင်လိုက်ထုရင်း မေမြတ်နိုး ဆု မြည်တွန်တောက်တီးလိုက်လျှင် တဟားဟားအော်ရယ်ရင်း လှေကားထစ်တွေကို တစ်ထစ်ကျော်စီ ကိုကိုခုန်ဆင်းပြေးသွား သည်။

ဂျင်းဘောင်းဘီခပ်မွဲမွဲနှင့် စပို့ရှပ်နက်ပြာရောင်အဟောင်း လေးကိုဝတ်ထားသည့် ကိုကို့ကိုယ်ဟန်ခပ်ကိုင်းကိုင်းကိုကြည့် ပြီး မေမြတ်နိုးဆု၏ရင်ထဲမှာ နင့်ကနဲခံစားလိုက်ရသည်။

တလောကလုံးမှာ နှစ်ယောက်ထဲပဲရှိတော့သည့် သွေး သားရင်းချာမောင်နှမနှစ်ယောက်။

အငယ်ဆုံးနှင့်အကြီးဆုံးမို့ ကိုကိုနှင့်မေမြတ်နိုးဆုသည် အသက်ဆယ်နှစ်လောက်ကွာပါသည်။ ကိုကိုက အသက်သုံး





ဆယ်လောက်ရှိပြီး မေမြတ်နိုးဆုကတော့ ရှေ့လမှာ အသက် နှစ်ဆယ်ပြည့်မည်။

နောက် အင်္ဂလိပ်စာမေဂျာနှင့် ကျောင်းတက်နေသည့် တက္ကသိုလ်ကျောင်းသူတစ်ဦး။ နောက်တစ်နှစ်ဆိုလျှင် မေမြတ် နိုးဆု ကျောင်းပြီးမည်။

ကျောင်းပြီးလျှင်တော့ သူများတွေလိုပဲ ကွန်ပြူတာသင် တန်းတွေ၊ ဘာတွေတက်ပြီး ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်မည်။ နောက် ကိုကို့ကို ပြန်ပြီးမြှုစုလုပ်ကျွေးမည်ပေါ့။ မောင်နှမနှစ် ယောက် ချစ်ခင်ကြင်နာစွာနေကြမည်။

စိတ်ကူးထဲမှာ ကိုကို့ကိုပြန်လည်ကျေးဇူးဆပ်ရင်း လော လောဆယ်တော့ တိုက်ခန်းတံခါးကိုပိတ်ကာ မေမြတ်နိုးဆု မီးဖို ထဲသို့ပြန်ဝင်ခဲ့သည်။

မီးဖိုထဲမှာသိမ်းဆည်းပြီးတော့မှ စာကြည့်စားပွဲထိုင်ရမည်။ စားပွဲပေါ်မှာတင်ထားပစ်ခဲ့သည့် ကိုကို့စေတနာ မရမ်းပေါင်း၊ သရက်ပေါင်းထုပ်လေးများကိုမြင်မိပြန်တော့ ကိုကို့ကို မေမြတ် နိုးဆု ရင်ထဲနင့်အောင့်သနားမိသွား၏။

ဧည့်ခန်းထဲမှ ကိုကို့ဓာတ်ပုံကိုလှမ်းကြည့်ရင်း ထူးထူးခြားခြားသတိရနေမိသည့်မေမြတ်နိုးဆုသည် ထိုညက ကိုကို့ကိုနောက်ဆုံးမြင်လိုက်ရခြင်းသာဖြစ်ကြောင်း ကြိုတင်သိရှိခဲ့မည်ဆိုပါလျှင်. . ။



## အခန်း(၂)

ဓားထိုးခံရသည့်ဒဏ်ရာများကြောင့် ရင်ဘတ်တစ်ခုလုံး
သွေးတို့ဖြင့်ရဲရဲနီနေသည့် ကိုကို့ရုပ်အလောင်းကိုကြည့်ပြီး မေ
မြတ်နိုးဆု နေရာမှာတင် ခေါက်ကနဲလဲကျသွားလျှင် အတူလိုက်
ပါသတင်းပေးလာသည့်ဦးခိုင်မြအောင်က ဖေးမထားလိုက်သည်

"ခေါ်သွား. . ခေါ်သွား. . ကောင်မလေးပါ တစ်ခုခုဖြ
သွားလိမ့်မယ်"

ဆေးရုံအရေးပေါ်ခန်းမှာ အုပ်စုနှစ်စုချိန်းပြီး ရိုက်ပွဲဖြ
ထားမှုကြောင့် သွေးသံတွေကတရဲရဲ။ အထိအနာဆုံးကတေ
ကြားထဲကတက်စီမောင်းသမားဖြစ်သည့် ရန်နောင်ရှင်းဖြစ်သည်

သူက ပွဲချင်းပြီး။ လောကကြီးထဲမှ အပြီးအပိုင်ထွက်ခွာသွားရပါချေပြီ။

မေမြတ်နိုးဆုကို ဦးခိုင်မြအောင်နှင့် သူမ၏သူငယ်ချင်း ထားသီရိတို့က သူမ၏တိုက်ခန်းသို့ပြန်ခေါ်ခဲ့ကြသည်။ ထားသီရိမှာလည်း သူငယ်ချင်းကိုကြည့်ပြီး မျက်ရည်တွေတွေစီးကျလျက်။ ရှေ့ခန်းမှာကားမောင်းနေသည့် ဦးခိုင်မြအောင်သို့ လှမ်းပြီး ကြေကွဲစွာပြောမိသည်။

"မြတ်နိုးရဲ့အဖြစ်က ဆိုးလှပါတယ်၊ သူ့မှာ ဒီအစ်ကိုတစ်ယောက်တည်းကိုပဲအားကိုးနေရတဲ့ကြားထဲ အစ်ကိုကလည်း အသေဆိုးနဲ့သေသွားရရှာတယ်၊ သူ့မှာ ကျောင်းလည်းမပြီးသေးဘူး၊ ဘာပစ္စည်းမှလည်း ဆုပ်ဆုပ်ကိုင်ကိုင်မရှိဘူး၊ ဒုက္ခပါပဲဦးရယ်"

ဦးခိုင်မြအောင်ကိုငေးကြည့်ပြီး ထားသီရိတိုင်တည်မိသည်မှာ ဦးခိုင်မြအောင်သည် ကိုကိုရန်နောင်ရှင်း၏ ကားအုံနာ သူဌေးမို့ပါပင်။

ချောမောပြီး အနည်းငယ်ဝဖိုင့်သည့်ခန္ဓာကိုယ်နှင့် ဦး





ခိုင်မြအောင်သည် အသက်သုံးဆယ်ကျော်လောက်ရှိပေပြီ။

နောက် သဘော်သားတစ်ယောက်ဖြစ်ပြီး မိန်းမနှင့်၊ ကလေးတစ်ယောက်နှင့်။ ရေနစ်သူသည် မြက်ပင်ကိုပင်လှမ်းပြီးဆုပ်ကိုင်မိသလို သူငယ်ချင်းအတွက် ထားသီရိ လှမ်းပြီးမျှော်ကြည့်မိပါ၏။

သူမ၏ရင်ခွင်ထဲမှာတော့ မေမြတ်နိုးဆု သတိလစ်နေလျက်။ ဦးခိုင်မြအောင်က လမ်းမှာတွေ့လိုက်ရသည့်ဆေးခန်းတစ်ခုထဲသို့ဝင်ပြီး မေမြတ်နိုးဆုကို ပြလိုက်သည်။

"အင့်. . အင်း. . ကိုကို. ."

သတိပြန်လည်လာသည်နှင့် သူ့အစ်ကိုကိုအော်ဟစ်တမ်းတလိုက်ပြီး အရူးမလေးနှယ် မေမြတ်နိုးဆု လူနာကုတင်ပေါ်မှဖျတ်ကနဲခုန်ဆင်းလိုက်လျှင် ထားသီရိနှင့်ဦးခိုင်မြအောင်တို့ တားဆီးချုပ်နှောင်ထားကြရ၏။

"စိတ်ကိုထိန်းပါ၊ ဖြေပါမြတ်နိုးရယ်၊ ရှေးဘဝက အကြောင်းတရားတွေပါပဲ၊ ဘာပဲဖြစ်ဖြစ် ပြုသူအသစ်၊ ဖြစ်သူအဟောင်း. "

ထားသီရိမှာ တတ်သမျှ၊ မှတ်သမျှတရားချသော်လည်း

မေမြတ်နိုးဆုမှာ တဒင်္ဂရူးသွားတော့မတတ်၊ ခံစားမှုတို့ဖြင့် ကြောင်တောင်တောင်။

"ဟင့်အင်း. . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှေးအကုသိုလ်ကံကြောင့်မဟုတ်ဘူး၊ သူဌေးသားတွေ၊ လူ့အမိုက်တွေရဲ့ ိတ်ဆာမှု၊ မာနပြိုင်မှုတွေကြောင့် ငါ့အစ်ကိုသူတော်ကောင်းကြီး ကြားထဲကနေ အသေဆိုးနဲ့သေရတာပဲ၊ ငါမကြေဘူး၊ တစ်သက်မကြေဘူး၊ ဘယ်သူ့လက်ချက်ကြောင့် ငါ့အစ်ကိုသေဆုံးရတာလဲ၊ ဘယ်သူ့ကြောင့်လဲ၊ သိအောင်စုံစမ်းမယ်၊ ငါကလဲ့စားပြန်ချေမယ်"

လက်သီးကိုကျစ်ကျစ်ဆုပ်၊ အံကိုတင်းတင်းကြိတ်ပြီး မျက်ရည်လည်ရွဲနှင့် မေမြတ်နိုးဆုပေါက်ကွဲနေလျှင် ဦးခိုင်မြအောင်လည်း တရားချရပါသည်။

"ဖြစ်တာက ဟိုဘက်လေးငါးယောက်၊ ဒီဘက်လေးငါးယောက်မို့ လက်ပြုထဲမှာဖြစ်သွားတာမြတ်နိုးရဲ့၊ စိတ်ကိုဖြေပါ၊ ကိုယ့်အစ်ကိုအတွက် ကောင်းမှုကုသိုလ်တွေလုပ်ပြီး အမျှဝေပါကလေးရယ်၊ အရင်ဘဝက ကုသိုလ်မကောင်းလို့ အခုဘဝမှာ. "





"အို. . အရင်ဘဝကိုလွှဲချလို့မရပါဘူး၊ လူမတန်ကံချလို့ဖြစ်မှတဲ့လား၊ ကျွန်မရဲ့အစ်ကိုကို သေအောင်စားနဲ့ထိုးတဲ့တရားခံကို ကျွန်မဘယ်တော့မှမကြေဘူး၊ သူတို့ဘာသာ ရန်ဖြစ်ချင်လည်းဖြစ်ပါလား၊ ကြားထဲက ကျွန်မအစ်ကိုကို အချောင်စားနဲ့ဝင်ထိုးရသလား"

မျက်ရည်များနှင့် မေမြတ်နိုးဆုပေါက်ကွဲနေလျှင် ကျန်လူနာများကိုအားနာသဖြင့် ဦးခိုင်မြအောင်နှင့်ထားသီရိတို့ မေမြတ်နိုးဆုကို ချော့မော့ခေါ်ဆောင်ခဲ့ရပါသည်။

# အခန်း(၃)

လောကကြီးဟာ လူသားတွေအတွက် ဘဝဇာတ်ခုံကြီးပါပဲ။ ဇာတ်ကွက်တွေမျိုးမျိုးနှင့် ကပြနေရသည့်ဇာတ်ခုံကြီးပေါ်မှာ ယခု မေမြတ်နိုးဆု ဘယ်လိုတွေဆက်လက်ကပြရမှာတဲ့လဲ။

ကိုကိုရှိတုန်းက လိမ်မာလှသည့်ညီမလေး။ စာတော်ခဲ့သည့်ညီမလေးအဖြစ် ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်၊ နောက် ကိုကို့ဝေယျာဝစ္စလေးတွေလုပ်ပေးရင်း ဘဝကို အေးချမ်းသာယာစွာဖြတ်ကျော်ခဲ့ပါသည်။

ယခုတော့ သူမ ဘယ်လိုခရီးဆက်ရမှာတဲ့လဲ။ ငယ်စဉ်ကတည်းက မိဘနှစ်ပါးရှေ့ဆင့်နောက်ဆင့်သေဆုံးခဲ့ရပြီး အစ်ကို့ပြုစုယုယမှုနှင့်သာ အသက်ရှင်ခဲ့ရသည့်မေမြတ်နိုးဆု။





အိုးပိုင်၊ အိမ်ပိုင်လည်းမကျန်ခဲ့။ ပစ္စည်းထုပ်ထုပ်ထည်ထည်လည်းမရှိခဲ့။ နားမှနားကပ်လေးပင် ကိုကို့ရက်လည်ဆွမ်း၊ သက်ပျောက်ဆွမ်းတို့အတွက် ကုန်ခဲ့ပြီ။

သို့ပေမယ့် မေမြတ်နိုး အားမငယ်ပါ။ လူသားဆန်သည့်စိတ်ဓာတ်ဖြင့် သူမ ဘဝကိုဖြစ်အောင်ရင်ဆိုင်မည်။ ဖြစ်သလိုရင်ဆိုင်မည်။

ချောမောလှပဖြူစင်ဝင်းပသည့် ရုပ်ရည်ကရော အရည်ကျိုသောက်ရတာလိုက်လို့။ ကိုယ့်ဘဝကို အညစ်နွမ်းမခံဘဲ လှေခွက်ချည်းဆန်၊ အလံမလဲ တိုက်ပွဲဝင်ပါတော့မည်ဆိုမှ အ-ကလည်းရှားလိုက်တာ။ တူ

လောလောဆယ် စာမေးပွဲဖြေဆိုပြီးလျှင် မေမြယ်" ကျောင်းပိတ်ထားမည်။ အင်း. . နောက်တစ်နှစ်ရော၊ ကို တက်နိုင်ပါ့မလား။ တခိုး

အတွေးတွေနှင့် ရှုပ်ထွေးမွန်းကျပ်လာပေမယ့် ေလ ဆယ်တော့ သူမ စာမေးပွဲကိုသာ ကောင်းစွာဖြေဆိုခဲ့ပါ၊ယ်၊

သည်နေ့ည ထားသီရိ သူမနှင့်အတူလာပြီး ညအိပ်

မည်။ ထားသီရိကိုမျှော်ရင်း ကိုကို့ကိုသတိရ၊ ရန်ပွဲထဲမှာထိုးသတ်သွားသည့်လူကို မေတ္တာပို့နေမိစဉ် သူမ၏တိုက်ခန်းတံခါးခေါက်သံကြားလိုက်ရသည်။

မေမြက်နိုးဆု၏တိုက်ခန်းက ဒုတိယထပ်။ ရွှေ့လဆိုလျှင် စာချုပ်သက်တမ်းစေ့ပြီ။ မတတ်နိုင်။ ဘော်ဒါဆောင်တစ်ခုခုမှာ ပြောင်းနေရမှာပဲ။

တိုက်ခန်းတံခါးကိုဖွင့်ပေးလိုက်တော့ ဦးခိုင်မြအောင်နှင့် ထားသီရိတို့ကို တွေ့လိုက်ရသည်။

မှ "ဘယ်လိုဖြစ်ပြီး နှစ်ယောက်အတူဆုံလာကြတာလဲ"

လောလောဆယ် သူမမှာ သူတို့နှစ်ယောက်ပင် သဉ်းဆုံးမိတ်ဆွေတွေဖြစ်သဖြင့် ဝမ်းသာစွာခေါ် လိုက်မိ၏။ နော ည့်ခန်းထဲမှာအတူထိုင်မိကြလျှင် သူမက အဆင်သင့် သာ'သည့်လက်ဖက်သုတ်နှင့်ရေနွေးကြမ်းကို တည်ခင်းကျွေး

က်သည်။

က ဧည့်ခန်းထဲမှာ သုံးယောက်သား အတန်ကြာငြိမ်သက်





နေကြပြီး အလုပ်မရှိအလုပ်ရှာသလိုသဘောနှင့် ရေနွေးကြမ်း ပန်းကန်လေးများကိုသာ မှုတ်သောက်နေမိကြသည်။

ကိုကိုမရှိတော့တာ တစ်လလောက်ရှိပြီမို့ အိမ်တစ်ခုလုံး သွေ့ခြောက်နေလိုက်တာကလည်း ဘယ်လိုမှစိမ်းလန်းတော့မည်မဟုတ်။ အတန်ကြာမှ ဦးခိုင်မြအောင်က စကားစသည်။

"ဦးက ဘာပဲဖြစ်ဖြစ် ရန်နောင့်မျက်နှာရော၊ မြတ်နိုးဆု မျက်နှာကြောင့်ပါ ဦးမှာတာဝန်ရှိနေတယ်လို့ခံယူမိတယ်၊ ရှေ့ဆက်ပြီး မြတ်နိုးဘာလုပ်မယ်စိတ်ကူးထားလဲ၊ ဘယ်လိုနေထိုင်စားသောက်မလဲ"

"ဟုတ်တယ်၊ အဲဒါတိုင်ပင်ချင်လို့ သီရိလည်း ဦးနဲ့အတူဆုံပြီးလာခဲ့တာ၊ သီရိလည်း မြတ်နိုးအတွက် အရမ်းစိတ်ပူမိတယ်"

သူတို့နှစ်ယောက် စကားစပြီး မေမြတ်နိုးဆု၏မျက်နှာကို ငေးကြည့်နေကြလျှင် သူမ သက်ပြင်းတစ်ချက်ကို တိတ်တခိုး ချလိုက်မိ၏။ ပြီးမှ. . .

"မြတ်နိုးအတွက်စိတ်ပူပေးကြလို့ ကျေးဇူးတင်မိပါတယ်၊ ဒါပေမယ့် မြတ်နိုး ဒီလိုစဉ်းစားထားတယ်လေ၊ ဒီတိုက်ခန်းကို

ပြန်အပ်ပြီး သင့်တော်လုံခြုံတဲ့ဘော်ဒါဆောင်တစ်ခုမှာ နေလိုက်မယ်၊ နောက် အလုပ်တစ်ခုခုရှာပြီး ဝင်လုပ်လိုက်မှာပေါ့"

"ဟယ်. . မြတ်နိုးရယ်. . ကျောင်းပြီးအောင် ဆက်မတက်တော့ဘူးလား၊ တစ်နှစ်ပဲကျန်တော့တာ နှမြောစရာဟယ်၊ ဒီခေတ်က ပညာခေတ်လေ၊ အနည်းဆုံး ဘွဲ့တစ်ခုတော့ရမှပေါ့"

"ဘယ်တတ်နိုင်မလဲသီရိရယ်၊ ဘွဲ့မရလည်း နေပါစေတော့၊ ဖြစ်ရာဘဝမှာ ဆက်လက်ပြီးချီတက်ရမှာပဲ၊ ငါတော့ အဲလိုပဲစဉ်းစားထားတယ်၊ အခု အိမ်မှာကျန်သေးတဲ့ အိမ်ထောင်ပရိဘောဂလေးတွေရောင်းပြီး ဘော်ဒါဆောင်ကိုပြောင်းမယ်၊ နောက် ရရာအလုပ်ဝင်ပြီး စားဝတ်နေရေးဖြေရှင်းမယ်၊ ဒါပဲပေါ့၊ ဒါ အပြစ်အကင်းဆုံးမဟုတ်လား၊ ကိုကိုလည်း ရောက်ရာ အရပ်ကနေ သာစုခေါ်ပါလိမ့်မယ်"

မေမြတ်နိုးဆုက ကိုယ့်အစီအစဉ်နှင့်ကိုယ် အားမာန်အပြည့်ဖြစ်နေလျှင် ဦးခိုင်မြအောင်နှင့်ထားသီရိမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေကြလေ၏။ ပြီးမှ ဦးခိုင်မြအောင်က သူ့အစီအစဉ်ကိုပြောပြ၏။





"ဦးစီစဉ်ထားတာကတော့ ရန်ရှင်းဟာ ဦးရဲ့သူငယ်ချင်းလည်းဖြစ်၊ အုံနာပေးခဲ့တာလည်းဖြစ်ဆိုတော့ မြတ်နိုး ခုလိုကျောင်းမပြီးဘဲ ဘဝထဲတိုးဝင်သွားရမှာ မကြည့်ရက်ပါဘူး၊ ဗရုတ်သုတ်ခ၊ ဗရမ်းဗတာကြီးများဖြစ်သွားမလားလို့"

"ဟုတ်ပြီ၊ ဦးက မြတ်နိုးအတွက် ဘယ်လိုများစီစဉ်ပေးနိုင်မှာလဲ၊ သီရိလည်း ဦးရဲ့အစီအစဉ်ကိုနားထောင်ပါရစေ"

ထားသီရိက ဝမ်းသာအားရနှင့် စကားတောင်းနေလျှင် မေမြတ်နိုးဆုမနှစ်သက်နိုင်ပါ။ သို့သော် နားထောင်ကြည့်ရပေဦးမည်။

"ဦးရဲ့အိမ်မှာခေါ်ထားချင်ပေမယ့် ဦးရဲ့ဇနီးက နားလည်မှုမရှိတော့ မြတ်နိုးအနေရကျပ်မှာစိုးပါတယ်"

"အို. . ကျွန်မကလည်း လိုက်မနေချင်ပါဘူး"

"ဟုတ်ပါတယ်၊ ဦးစီစဉ်တာက မြတ်နိုးကို ဒီတိုက်ခန်းမှာပဲ အခြေမပျက်ဆက်နေစေပြီး ရန်ရှင်းရှိတုန်းကလိုပဲ နေလို့ရအောင် ဦးက ငွေကြေးထောက်ပံ့ပါ့မယ်"

"ဘာ. . "

မေမြတ်နိုးဆု၏အသံက ရှိုင်းစိုင်းစွာကျယ်လောင်သွားလျှင် ထားသီရိပင် ကြားထဲကလန့်ဖြန့်အားနာသွားရလေ၏။

မေမြတ်နိုးဆုကတော့ အားမနာနိုင်ပါ။ ဘာမှလည်းသွေးမတော်သားမစပ်။ အကြောင်းပြချက်ခိုင်ခိုင်လုံလုံမရှိဘဲနှင့်ထောက်ပံ့မယ်ဆိုတာ ဘာသဘောလဲ။

ဒီလူကြီး ဒီလောက်သဘောမကောင်းနိုင်။ ဒီလောက်မရက်ရောနိုင်။ ဦးခိုင်မြဲအောင်က ပျာပျာသလဲနှင့် မေမြတ်နိုးဆုကိုရှင်းပြပါလေ၏။

"တလွဲမထင်နဲ့လေမြတ်နိုးရဲ့၊ ဦးက စေတနာနဲ့ပါ၊ တစ်သက်လုံးလည်းမထောက်ပံ့ပါဘူး၊ မြတ်နိုးကျောင်းပြီးဖို့ တစ်နှစ်ပဲလိုတော့တဲ့အတွက် ပညာပါရမီဖြည့်တဲ့အနေနဲ့ပါ၊ နောက်ကျောင်းပြီးလို့အလုပ်ရတဲ့အခါ ဦးမထောက်ပံ့တော့ပါဘူး၊ ဦးစေတနာကို တလွဲမတွေးစေချင်ဘူး"

"ဟုတ်သားပဲမြတ်နိုးရယ်၊ အဲဒီအကြံကို ငါပါဝိုင်းကူစဉ်းစားပေးတာပါ၊ နင်သိတဲ့အတိုင်း ငါကျတော့လည်း ကူညီချင်ပေမယ့် စေတနာပဲရှိတယ်လေ၊ ဖေဖေနဲ့မေမေခမျာ ငါတို့မောင်





နှမလေးယောက်ကိုတောင် မနည်းတာဝန်ယူနေရတာမဟုတ်လား၊ ဦးက စာနာစိတ်အပြည့်နဲ့ တစ်နှစ်ထဲတာဝန်ယူပေးမှာပါ၊ နင်လက်ခံလိုက်ပါ၊ ဦးလည်း ကုသိုလ်ရ၊ နင့်ဘဝလည်း ဗရမ်းဗတာမဖြစ်ရတော့ဘူးပေါ့၊ ဟုတ်လား. . "

ထားသီရိမှာ မြတ်နိုးအတွက် စေတနာအပြည့်နှင့်ဝင်ရောက်တောင်းပန်၊ စီမံနေသော်လည်း မေမြတ်နိုးဆုလက်မခံနိုင်ပါ။ ဒီပံ့ပိုးမှုနောက်မှာ ဘာတွေပါဝင်လာနိုင်သလဲ။

ဦးခိုင်မြဲအောင်ကိုငေးပြီး မေမြတ်နိုးဆုတဆုံးတွေးနေမိလျှင် သူတို့နှစ်ယောက်က ဝိုင်းပြီးနားချကြ၏။

"လူကြီးတွေရဲ့စေတနာကို တလွဲမတွေးနဲ့မြတ်နိုး၊ ဦးအနေနဲ့ကျတော့ မြတ်နိုးကို တစ်နှစ်လောက်စောင့်ရှောက်လိုက်ရုံနဲ့ မင်းရဲ့ဘဝလှပသွားတာကိုမြင်ရမယ်၊ အဲဒီကုသိုလ်အတွက် ဦးတစ်သက်လုံးပီတိဖြစ်ပါရစေ"

"အဲဒါဆိုလည်း ဦးရဲ့ဇနီးပါခေါ်လာပြီး မြတ်နိုးကို. . "

"ဒီလိုတော့ စကားမကပ်ပါနဲ့ကွယ်၊ မိန်းမဆိုတာ အူတိုမျိုးပဲ၊ သူတို့ကြည့်ရှုစောင့်ရှောက်ရမယ့်သူဟာ ချောမောလှပတဲ့

တက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်နေမယ်ဆိုရင် ဘယ်ကြည်ဖြူနိုင်ပါ့မလဲကွယ်၊ ကဲပါ. . မြတ်နိုးရယ်. . ရေပူးပေါက်တာထက် ရေပါဖို့ကအဓိကပါ။ ဦး မင်းကို အလုပ်အကိုင်အတည်တကျဖြစ်တဲ့အထိ ကူညီစောင့်ရှောက်မယ်၊ အဲဒါ စေတနာသန့်သန့်နဲ့ဆိုတာ ဦး ဘုရားရှင်ရဲ့ရှေ့မှာ တိုင်တည်ရဲပါတယ်၊ ဦးရဲ့စေတနာကို မင်းသံသယမရှိပါနဲ့တော့"

ထားသီရိကလည်း ဦးခိုင်မြဲအောင်ဘက်မှ ရှေ့နေလိုက်ပေး၏။

"ဟုတ်ပါတယ်မြတ်နိုးရယ်၊ တို့တွေ ပညာကိုပြီးဆုံးအောင်တက်ကြမယ်၊ နောက် အလုပ်တွေလုပ်ကြမယ်၊ ဦးရဲ့ကျေးဇူးကိုတော့ နောင်အခွင့်သာတဲ့တစ်နေ့မှာ တို့တွေပြန်ဆပ်ကြတာပေါ့"

ထားသီရိ၏စကားကို ဦးခိုင်မြဲအောင်က ပျာပျာသလဲပင်ငြင်းပါ၏။

"နိုး. . နိုး. . နိုး. . ဦးက ကျေးဇူးတင်ခံချင်လို့ ကူညီတာမဟုတ်ပါဘူး၊ လောကအတွက် လိုအပ်တဲ့တစ်ထောင့်တစ်နေရာလေးကနေ ကူညီဖြည့်ဆည်းပေးလိုက်တယ်၊ လောကကို အလှ





ဆင်လိုက်တယ်လို့ပဲ ယူဆပါတယ်၊ ကဲ. . မြတ်နိုး. . ဒီအချက်ကို လက်ခံသဘောတူပြီဆိုရင် ဒီတိုက်ခန်းကိုဆက်ငှားပေးမယ်၊ နောက် စားစရိတ်နဲ့ကျောင်းစရိတ်အဖြစ် တစ်လကို တစ်သိန်းဆိုရပြီလား"

ဦးခိုင်မြဲအောင် သည်မျှရက်ရောနေလျှင် မမြတ်နိုးဆုမှာ သံသယမဝင်ဘဲမနေနိုင်ပြန်ချေ။ အီလည်လည်ဖြစ်လာသည့်ရင်ထဲမှခံစားချက်ကိုမြိုသိပ်ပြီး သူမ ကိုယ်ဖြစ်ချင်တာကိုပြောပြမိသည်။

"ဦးကို မြတ်နိုးအရမ်းကျေးဇူးတင်ပါတယ်၊ လေးလည်းလေးစားမိတယ်၊ ဒါပေမယ့် မြတ်နိုး ကိုယ့်လိပ်ပြာကိုယ်မသန့်ဘူး၊ မြတ်နိုး လိပ်ပြာသန့်အောင် ဒီလိုလုပ်ပါရစေ"

"ပြော. . မြတ်နိုးစိတ်ချမ်းသာရင်ပြီးရော"

"ဒီလိုပါ၊ မြတ်နိုး ဒီတိုက်ခန်းမှာမနေတော့ဘူး၊ တစ်ယောက်တည်းဖြစ်တဲ့အတွက် လုံခြုံမှုလည်းရအောင် အေးချမ်းတဲ့သီးသန့်ဘော်ဒါဆောင်တစ်ခုမှာနေမယ်၊ နောက် ကျောင်းဆက်တက်မယ်၊ နေစရိတ်၊ စားစရိတ်၊ ပညာသင်စရိတ်တွေအတွက် တစ်လတစ်သိန်းလောက်ဆိုရင် တော်ပါပြီ"

"အို. . ဒါဆို မြတ်နိုး နေရ၊ စားရ၊ စာကျက်ရတာ ဘယ် အဆင်ပြေမလဲ"

"ပြေပါတယ်၊ တိုက်ခန်းငှားခက နည်းတာမှမဟုတ်ဘဲ၊ နောက် အဲဒီကုန်ကျစရိတ်တွေကို မြတ်နိုးမှတ်ထားပြီး ဆပ်နိုင် တဲ့အချိန်မှာဆပ်ပါရစေ"

"ဖြစ်ရလေမြတ်နိုးရယ်၊ လွယ်ပြီးသားကိစ္စကို ခက်အောင် လုပ်နေတယ်၊ ကဲလေ. . မြတ်နိုးသဘောပါ၊ နောင်တစ်ချိန်မှာ ဆပ်နိုင်လည်းဆပ်ပေါ့၊ ဦးကတော့ ဘယ်လိုမှသဘောမထားပါ ဘူး"

နောက်ဆုံး မေမြတ်နိုးဆို၏ဆန္ဒအတိုင်း ဦးခိုင်မြဲအောင် က လိုက်လျောပေးလိုက်သည်။



## အခန်း(၄)

မေမြတ်နိုးဆို၏စာသင်ခန်းရှေ့တွေမှာ သူ့ကိုတွေ့တွေ့ နေရတာ တော်တော်ပင်ကြာခဲ့ပြီ။ မှတ်မှတ်ရရ တစ်လလောက် တောင်လား။ တစ်လဆိုတာ ရက်ပေါင်းသုံးဆယ်ပေါ့။

ရုပ်ကလေးချောပေမယ့် ဂျစ်ကန်ကန်ရုပ်ကလေးက တစ်မျိုးစွဲမက်ဖွယ်။ အဖြစ်ပြောတာပါ။ ပျော်ရွှင်ဖွယ်မရှိတော့ သည့်မေမြတ်နိုးဆို၏နှလုံးသားထဲမှာ ချစ်ခြင်းတရားတွေမရှိ တော့။

သူမ၏ရင်ထဲမှာ အမုန်းနိုင်ငံပဲရှိတော့သည်။ သူမ၏ရင် ထဲမှာ အငြိုးအတေးတွေ၊ အာဃာတတွေ၊ ကလဲ့စားချေလိုမှုတွေ၊ နောက် သံသယတွေပေါ့။

လောက၏အနှုတ်လက္ခဏာများပဲ သူမရင်ထဲမှာပိုင်ဆိုင်ခဲ့ပါသည်။ ဒါ ဘယ်သူ့ကြောင့်လဲ။ ဘယ်သူ့အပြစ်လဲ။

ချောမောလှပပြီး ချစ်စရာဝင်းဖန့်ဖန့်ကောင်မလေးတစ်ယောက်၏ ငြိမ်းချမ်းသည့်ဘဝကို မီးလောင်ပြင်လို၊ မီးတောက်မီးညွန့်တွေလို တလက်လက်တောက်ပပူလောင်အောင် ဘယ်သူ ဖန်ဆင်းခဲ့တာလဲ။

မေမြတ်နိုးဆုက သတိမမူမိပေမယ့် ထားသီရိက ထိုဂျစ်ကန်ကန်နှင့်အသည်းထိုရှမြင်းဆိုးလေးလို ကောင်ချောလေးကို စတင်ပြီးသတိမူမိခဲ့ပါသည်။

စာသင်ခန်းထဲမှာ ဆရာစာသင်ပြီးထွက်သွားသည့်အခါ ခါးထိအောင်ရှည်လျားအိစ္စ့သည့်ဆံနွယ်များဖြင့် မျက်နှာကိုဖုံးအုပ်မတတ်ခေါင်းငုံ့ပြီး စာရေးနေသည့်မေမြတ်နိုးဆုကို ထားသီရိကလက်တို့ပြီး ခေါင်းချင်းပူးပြီးပြောသည်။

"မြတ်နိုးရေ . . ဟိုနေ့တွေထဲက မြင်ခဲ့တဲ့ကောင်လေး၊ ခုလည်း ရောက်လာပြန်ပြီ၊ သူ မြတ်နိုးကို လိုက်လိုက်ပြီးကြည့်နေတာ၊ မြတ်နိုးတော့ စွံ့တော့မယ်ထင်တယ်"





သူပြရာသို့ လှမ်းကြည့်ပြီးလျှင် မြတ်နိုး နှုတ်ခမ်းကိုလှပစွာမဲ့ပြလိုက်သည်။

"မဖြစ်နိုင်ပါဘူး၊ တို့အခန်းထဲက တစ်ယောက်ယောက်ကိုလာပြီးရှိုင်းနေတာနေမှာပေါ့၊ ကိုယ့်ကိုချမ်းသာပေးစမ်းပါ သီရိရယ်၊ တို့လေ ဘယ်ယောကျ်ားလေးကိုမှ စိတ်ဝင်စားရဲပါဘူး၊ တို့ဘဝက ခဲမှန်တော့မယ့်စာသူငယ်လို ဘယ်အနားကများ ခဲလာမှန်မလဲဆိုပြီး အမြဲထိတ်လန့်နေရတဲ့ဘဝပါ"

"အံမယ် . . အံမယ် . . ပြောတတ်လိုက်တာ၊ ဟီဟိ . . မြတ်နိုးရယ် . . ရှင်သာအလိုရှိရင် လက်ညှိုးညွှန်ရုံနဲ့ ရေဖြစ်ချင်တဲ့သူတွေ ရိုက်သတ်လို့တောင်မကုန်ပါဘူး၊ ကိုယ့်နှလုံးသားကိုယ်သော့ခတ်သိမ်းဆည်းထားပြီးတော့များ အသံကောင်းလွှင့်ချင်ရသေးတယ်၊ ကြံကြံဖန်ဖန်မြတ်နိုးရယ်၊ သူ့ကျမှ ခဲမှန်တော့မယ့်စာသူငယ်တဲ့၊ အမြဲထိတ်လန့်နေတာတော့ မဟုတ်ရပါဘူးနော်၊ ယူ့ကြည့်ရတာ အမြဲရန်လိုနေတာပါ၊ ရုပ်ကလေးချောပေမယ့် ရန်စွယ်တငေါငေါပဲ"

သူငယ်ချင်းမို့ အားမနာ၊ ပါးမနာဝေဖန်နေလျှင် မြတ်နိုးကလည်း ထားသီရိကိုပြန်လည်ချေပလိုက်၏။

"ရန်လိုတာမဟုတ်ဘူးသီရိရဲ့၊ ကိုယ့်ဘဝကိုယ်သိလို့၊ ကိုယ့်အကြောင်းကိုယ်သိလို့ကွ၊ ထိကရုန်းပင်လေးတွေလို၊ ဖြူကောင်လေးလို ကိုယ့်အန္တရာယ်ကိုယ်ကာကွယ်တဲ့အနေနဲ့ ဆူးလေးမရှိမဲ့၊ ရှိမဲ့ကို ဖြန့်ကားထားရတာပါ"

"ဟောတော့. . ဝင်လာပြီ. . လုပ်ပါဦး"

စာသင်ခန်းထဲမှာ ထမင်းဖူးပါသူများသာကျန်တော့သည်မို့ အခန်းထဲသို့ကောင်လေးဝင်လာလျှင် ထားသီရိက အလန့်တကြားဟန်လုပ်ပြလေ၏။

တကယ်တော့ ဘာလန့်စရာလိုသလဲ။ သူမတို့လည်း ဖရက်ရှာလေးတွေမဟုတ်။ နောက်ဆုံးနှစ်ကျောင်းသူကြီးတွေပင်မဟုတ်ပါလား။

ထားသီရိ ပြုံးစိစိနှင့်လှောင်နေခြင်းဖြစ်ပါသည်။ ထားသီရိသည် အသားညိုညို၊ ဝဝလုံးလုံးလေးနှင့် စိတ်သဘောကောင်းသူလေးဖြစ်သည်။

အတန်းထဲမှာတော့ သူများတွေ စ,စရာ၊ သိပ်ပြီးလှပချစ်စရာကောင်းသည့်မမြတ်နိုးဆုကို ဧကရီလို့ခေါ်ကြပြီး ထားသီရိ





ကိုတော့ နာရီလို့ခေါ်ကြပါသည်။ နာနီလို့မခေါ်ချင်လို့ နာရီလို့ခေါ်ကြတာလေ။

အရပ်မြင့်မြင့်မားမားနှင့် အင်တာနေရှင်နယ်ဆိုက်၊ ကမ္ဘာကျော်ဘောလုံးသမားဆိုက်နှင့် ကောင်ချောလေးက သူမတို့နှစ်ယောက်၏ရှေ့မှ လွတ်နေသည့်ခုံတန်းသို့ ခပ်တည်တည်နှင့်ပင်ဝင်လာ၏။

သူ့နောက်မှာလည်း သူ့သက်တော်စောင့်လား၊ သူ့သူငယ်ချင်းလား လူငယ်တစ်ယောက်။ အသွေးအမွေးချင်း၊ ရုပ်ရည်ချင်းကွာသည်မို့ ဒီလိုပြောလိုက်ရခြင်းဖြစ်ပါသည်။

ကောင်လေးက မမြတ်နိုးဆုနှင့်မျက်နှာချင်းဆိုင်လိုက်လျှင် ရင်ထဲမှာ အလိုမကျသလို၊ ဒေါသထွက်သလိုလို၊ ကြောက်သလိုလိုခံစားလိုက်ရသော်လည်း သူမ အရဲကိုးဟန်ဆောင်ပြီး သူ့ကိုမျက်မှောင်တွန့်ကြည့်လိုက်သည်။

ထို့နောက် သူ ဘာမှမပြောရခင် ကိုယ်ကအရင်ဟောက်ပစ်လိုက်သည်။

"ဘာလဲ. . ဘာလာကြောင်တာလဲ"

ကောင်လေးက ခပ်မိုက်မိုက်၊ ခပ်ကြမ်းကြမ်းရုပ်ထဲမှ လင်းကနဲဖြစ်သွားစေသည့်အပြုံးတစ်ခုကို သူမထံ လျှပ်တပြက်လွှတ်လိုက်၏။

"ကျွန်တော့်နာမည် မင်းရာဇာပါ"

"ဘာလဲ. . လျက်ဆားလာပြီးကြော်ငြာတာလား"

"ဟုတ်တယ်. . ဟုတ်တယ်. . ဒီကညီမရဲ့ရုပ်က အစာမကြေသလို ရှုံ့ရှုံ့မဲ့မဲ့ဖြစ်နေတော့ အစ်ကိုကြီးက လျက်ဆားလာပေးတာပါ"

"တောမှာသွားပြော၊ သူ့ကိုယ်သူများ အစ်ကိုကြီးတဲ့၊ ကြောင်တောင်တောင်နဲ့"

မင်းရာဇာနှင့်မေမြတ်နိုးဆုတို့ အတိုင်အဖောက်ညီနေကြလျှင် ထားသီရိနှင့်သူ့နောက်တော်ပါးမှာ တဟိဟိနှင့်ပါးစပ်ကိုလက်ဝါးပိတ်ကာ ရယ်နေကြရ၏။

မင်းရာဇာ၏ရုပ်က ရယ်ချင်ပက်ကျိရုပ်နှင့်။ အလိုလိုအူမြူးနေသည့်ပုံ။ သူ့ကိုယ်သူ အစ်ကိုကြီးလို့ဆိုထားပေသကိုးလေ။

"တလွဲမထင်လိုက်ပါနဲ့နှမငယ်၊ အစ်ကိုကြီးတို့က မင်းမျိုး





မင်းနွယ်တွေပါ၊ အသက်ငယ်ပေမယ့် ဝါကြီးရင်လည်း အစ်ကိုကြီးလို့ခေါ်ရပေမယ်မဟုတ်လား"

"ဝါကြီးရအောင် ရှင်က ကျွန်မအစ်မရဲ့ယောကျ်ားမို့လို့လား"

"ဟိုက်. . ဘယ်လိုမှ နီးစပ်အောင်လုပ်ယူလို့မရပါလား"

မင်းရာဇာ အမောဟိုက်သွားရစဉ် မေမြတ်နိုးဆုက မဲ့မဲ့လေးပြုံးရင်း သူ့ကိုထပ်ပြီးပညာပေးလိုက်ပြန်၏။

"မှတ်ထား. . ဘယ်အရာမဆို သဘာဝအတိုင်းပဲကောင်းတယ်၊ သဘာဝကိုလွန်ဆန်ထားရင် ဘယ်အရာမှမကောင်းဘူး"

"ဒီလိုလည်းမပြောပါနဲ့အစ်မတော်ရယ်၊ ကျွန်တော် မမမြတ်နိုးကို အရမ်းခင်ချင်လို့ပါ"

"အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေ၊ လူတစ်ယောက်နဲ့တစ်ယောက် ခင်မင်ကြတယ်ဆိုတာ ရေစက်ပါမှပါ၊ တမင်လုပ်ယူလို့မရဘူး၊ ဖန်တီးလို့မရဘူး"

"ဒါဆိုလည်းမမရယ်. . ရှေးရေစက်တို့၊ ဖူးစာတို့ဆိုတာ ဘယ်သွားထားမလဲ၊ နောက် ဟို. . ပဌာန်းဆက်တို့၊ ဘာတို့ဆိုတာလေ"

"တော်. . တော်. . ငါတို့ထမင်းစားရဦးမယ်၊ အရည်မရ အဖတ်မရတွေလာပြောမနေနဲ့၊ အားအားလျှားလျှားတော်၊ မခင် နိုင်ပါဘူး"

မေမြဝ်နိုးဆု အပြတ်ပင်ငြင်းဆန်လိုက်လျှင် မင်းရာဇာ မျက်နှာလေးငယ်သွားရ၏။ ထားသီရိမှာ ကြားထဲကရယ်နေ သည်မို့ မင်းရာဇာက သူမ၏ဘက်သို့မြှားဦးလှည့်လိုက်သည်။

"ဒီအစ်မကလည်း ရယ်လို့ချည်းနေတာပဲ၊ သူငယ်ချင်း ကောင်းဆိုတာ ကိုယ့်သူငယ်ချင်းကောင်းစားဖို့အတွက်၊ ပျော် ရွှင်ဖို့အတွက် အကျိုးဆောင်ပေးရတယ်အစ်မရဲ့"

"အလိုတော်. . အသလွတ်ကြီးပါလား၊ ရှင်ကဘာမို့လို့ ကျွန်မက တိုက်တွန်းပေးရမှာတဲ့လဲ၊ ပုံကြည့်ရတာတော့ တကယ့် အထက်လွှာက ဂျစ်ပစီလေးတွေဖြစ်ရမယ်၊ လမ်းသရဲခေတ်က တော့ ကုန်ပါပြီ၊ ကျုပ်သူငယ်ချင်းကိုလာနှောင့်ယှက်မှန်းမသိ၊ ဘာမှန်းမသိ၊ ဘာရည်ရွယ်ချက်နဲ့လာလုံးမှန်းမသိတဲ့ကိစ္စကြီးကို ကျုပ်က အားပေးရမှာတဲ့လား"

ထားသီရိက မျက်စောင်းတစ်ချက်ပစ်လွှတ်ရင်း နာနာ





ပြောပစ်လိုက်လျှင် မင်းရာဇာက သူ့အဖော်ကို လှမ်းပြီးတ,လိုက် ပါ၏။

"ထင်ရှားရေ. . ရှေ့နေငှားကာမှ ထောင်လုံးလုံးကျတော့ မှာပါလား"

ထိုအခါ ထင်ရှားဆိုသူ မည်းမည်းဝိန်ပိန်၊ အမည်းခြောက် နှင့်တူသည့်လူက သူ့ကောင်လေးဘက်မှ ဝင်ပြီးထုချေလွှာတင် လေ၏။

"ဒီလောက်အထိတော့ မပြောသင့်ပါဘူးညီမလေးတို့ရယ်၊ အစ်ကိုကြီးတို့က ဒီကညီမကိုမြင်လိုက်ကတည်းက ဒုက္ခသည် လေးနဲ့တူလို့ လောကကြီးထဲမှာ သက်တောင့်သက်သာနေနည်း လေးတွေ ဖြန့်ဝေပေးချင်လို့ပါ"

"ဟင်း. . ရုပ်တွေကိုက ကြောင်တောင်တောင်နဲ့"

မေမြတ်နိုးဆုက သူတို့ကိုမျက်စောင်းတစ်ချက်ထိုးလိုက် ပြီး ထားသီရိလက်ကိုဆွဲကာ ကျောင်းကင်တင်းသို့ထွက်လာခဲ့ သည်။

"ဘာပဲဖြစ်ဖြစ် အပေါင်းအသင်းဆိုတာရှိသင့်တယ်မြတ်နိုး ရဲ့ ကောင်လေးကြည့်ရတာ ရည်ရည်မွန်မွန်လေးပါ"

"လာပြန်ပြီ၊ သီရိနော်. . တို့အပေါ်မှာ အမြဲပဲဆရာကြီး လုပ်နေ၊ တော်ကြာ ဆရာတင်မှားလို့ ကိုယ်ဒုက္ခရောက်နေဦးမယ်"

ကင်တင်းမှာ ဆီချက်တစ်ပွဲစီမှာစားကြပြီး နှစ်ယောက် သားစကားပြောနေကြစဉ် သူမတို့နောက်ဘက်စားပွဲမှာ မင်း ရာဇာတို့ဝင်ထိုင်လိုက်ကြ၏။ မေမြတ်နိုးဆုတို့ကမူ မမြင်လိုက် ကြချေ။

"မြတ်နိုးရယ်. . နင့်ကို ရည်းစားထားဖို့တိုက်တွန်းနေတာ မှမဟုတ်ဘဲ၊ အလိုက်အထိုက်ပြန်ခင်လိုက်ရင် ကောင်းမလား





လို့ပါ၊ ခြောက်သွေ့မည်းမှောင်နေတဲ့နင့်ဘဝကြီးလည်း နည်း နည်းဖြစ်ဖြစ်စိုပြည်သွားမလားလို့ပါ"

"မစိုပြည်ချင်လည်းနေပါစေတော့သီရိရယ်၊ ကိုယ့်မှာ မင်း လည်းရှိသားပဲ၊ ပြီး မိန်းကလေးတစ်ယောက်ကို ယောကျာ်းလေး တစ်ယောက်က ရိုးရိုးသားသားခင်ချင်လို့ပါဆိုတာလည်း မြတ်နိုး တော့ လုံးဝမယုံဘူး၊ သူတို့မှာ အကြံအစည်တွေရှိနေကြမှာပဲ"

တစ်တီတူးလို မြတ်နိုးအကြောင်းတွေလွှန်နေလျှင် ထား သီရိရယ်မောမိ၏။

"အကြံအစည်. . ဘာအကြံအစည်လဲမြတ်နိုးရယ်၊ အတွေး ကလည်း ခေါင်လွန်းပါ့၊ နင်က ကုဋေရှစ်ဆယ်သူဌေးသမီးလည်း မဟုတ်၊ ဘာလဲ. . ပြန်ပေးဆွဲမှာတွေ၊ သတ်မှာ၊ ဖြတ်မှာတွေ တွေးကြောက်နေတာလား"

ကျယ်ကျယ်၊ ကျယ်ကျယ်နှင့် သူမတို့စကားပြောနေကြ လျှင် နောက်ဘက်မှာ မင်းရာဇာနှင့်ထင်ရှားက သူတို့၏စား သောက်ဖွယ်ရာလေးများကိုယူကာ ဝိုင်းပြောင်းလာကြ၏။

"ဒီလိုတွေမထင်လိုက်ပါနဲ့အစ်မတော်ဘုရားရယ်၊ ကျွန်

တော် တကယ်ပဲရိုးရိုးသားသားခင်ချင်တာပါ၊ စိတ်ချပါ၊ ကျွန်တော်က လူသာငယ်တယ်၊ အိန္ဒိယပြည်ကလို မွေးပြီးစကတည်းက လက်ထပ်ရမယ့်သူအသင့်ရှိပြီးသားပါ"

အတည်ပေါက်ကြီးနှင့် မင်းရာဇာဝင်လိုမ့်နေလျှင် ထားသီရိက ကြားမှဝင်ပြီးဖြန်ဖြေဖို့ကြိုးစားလိုက်၏။

"သေချာတယ်နော်၊ မင်း ရုတ်ရုတ် ရုတ်ရုတ်လုပ်လို့ကတော့ ဂုတ်ဂုတ် ဂုတ်ဂုတ်ဖြစ်သွားမယ်မှတ်၊ ကဲ. . ဒါဖြင့် မင်းရဲ့ ဟာစ်စတြီပြော၊ ကလေကချေဆိုရင်လည်း ခင်ဖို့နိုးပဲ"

ထားသီရိက ကိုယ်ရေးရာဇဝင်ကိုစစ်ဆေးလိုက်လျှင် မင်းရာဇာက သူ့ကျောင်းသားကတ်လေးကို ထုတ်ပြပါ၏။

"ဩော်. . မင်းက စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ကိုး၊ ဒါဆို မြတ်နိုးနဲ့ရွယ်တူပေါ့၊ အဲ. . မင်းကတောင် လပိုင်းကြီးဦးမယ်"

"ကြီးရင်မှီ၊ ငယ်ရင်ချီပေါ့ဗျာ၊ အဲ. . . ရွယ်တူဆိုတော့ လေးစားရတာပေါ့"

"အင်း. . ပညာရေးကတော့ မဆိုးပါဘူး"

"စီးပွားရေးအခြေအနေလည်း မဆိုးပါဘူး"





ထင်ရှားက ဘေးမှရှေ့နေလိုက်ပေးလျှင် ထားသီရိ၏ မျက်စောင်းက ဒိုင်းကနဲ။

"သတို့သားလာလျှောက်တာကျနေတာပဲ၊ ကျွန်မတို့က ကလေကချေ၊ တေလေဂျပိုးဆိုရင် မခင်ချင်တာက နောက်ပိုင်းဇယားရှုပ်မှာစိုးလို့ပါ"

"အခုအတိုင်းဆို နောက်ပိုင်းရှင်းပြီမဟုတ်လား၊ ကျွန်တော်တို့ကို ခင်နိုင်ပြီပေါ့နော်"

ထင်ရှားနှင့်ထားသီရိတို့နှစ်ယောက်သား အတိုင်အဖောက်တွေညီနေကြလျှင် မြတ်နိုးနှင့်မင်းရာဇာတို့မှာ ပြုံးချင်စိတ်ကို မနည်းချုပ်ထိန်းထားနေရ၏။

"ခင်ရုံလောက်တော့ရပါတယ်၊ ဒါနဲ့ ရှင်တို့အိကိုမှာ ခင်စရာသူငယ်ချင်းမိန်းကလေးတွေ ဒီလောက်ရှားလို့ ဒီဘက်ကို လာခင်ရတာတဲ့လားရှင်"

"ဒါကတော့ ဒီလိုရှိပါတယ်ခင်ဗျ၊ ခင်တယ်၊ မင်တယ်ဆိုတာကလည်း ရင်ထဲကလာမှကောင်းတယ်မဟုတ်လား၊ မြတ်နိုးဆုတို့ကို ကျွန်တော် ဒီဘက်ကိုသူငယ်ချင်းနောက်လိုက်လာရင်း

နဲ့ တွေ့ဖူးလိုက်ပါတယ်၊ တွေ့လိုက်တယ်ဆိုရင်ပဲ ကျွန်တော့် ရင်ထဲက ရင်ဘတ်မိတ်ဆွေဖြစ်သင့်သူလို့ တစ်ခါတည်းဆုံးဖြတ်လိုက်မိပါတယ်ဗျာ. . အဲ. . အဲ. . ”

ရှေ့ဆက်ပြီး မင်းရာဇာဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ် မေမြတ်နိုးဆုနှင့်ထားသီရိက ပြိုင်တူပြုံးလိုက်ကြပြီး သူ့ကို ပါမစ်ပေးလိုက်လေတော့သည်။

“ဟုတ်ပြီ. . ရှင့်စကားအတိုင်း ခင်ရုံပဲနော်၊ ဒါပဲ၊ ကဲ. . ကျွန်မတို့ခင်ခွင့်ပေးတယ်”

“ဟေး. ရည်ရွယ်ချက်တွေပြည့်ပြီကွ”

ကလေးတစ်ယောက်သဖွယ် မင်းရာဇာထအော်လိုက်လျှင် ကင်တင်းထဲမှကျောင်းသား၊ ကျောင်းသူများက ပြုံးစေ့စေ့ဖြင့် လှမ်းကြည့်ကြပြီး မေမြတ်နိုးဆုကတော့ အရှက်မျက်နှာတရဲရဲနှင့် မင်းရာဇာကိုမျက်စောင်းထိုးလိုက်မိတော့သည်။

ဟင်း. . ခင်တောင်မခင်ရဲတော့ဘူး။ တစ်နေ့ မျက်စောင်းအကြိမ်တစ်ရာလောက် ထိုးပစ်ဖို့ကောင်းတဲ့ကောင်လေး. . အဲ. ကောင်ကြီး. . ။



# အခန်း(၅)

ညနေငါးနာရီခန့်တွင် အဆောင်ရှေ့သို့ ဦးခိုင်မြဲအောင်၏ကားလေး ထိုးဆိုက်လာ၏။ မြတ်နိုးမကြိုက်သဖြင့် ဦးခိုင်မြဲအောင် သူမထံသို့ခဏခဏမလာရ။ တစ်ပတ်မှာ တစ်ခါလောက် သာလာတွေ့ရ၏။

ယခု ညနေခင်းကြီးထဲမှာ ဦးခိုင်မြဲအောင်၏ကားလေး ရောက်လာလျှင် အပေါ်ထပ်မှလှမ်းမြင်လိုက်ရသည့်မြတ်နိုး အရမ်းစိတ်ညစ်သွားရ၏။

သို့သော် သူက ကိုယ့်ကို တစ်လတစ်သိန်း ချေးငွေပေးကမ်းနေသူမို့ မြတ်နိုးမှာ ဦးခိုင်မြဲအောင်ရှိရာသို့ အလိုက်သင့် ဆင်းသွားရသည်။

"အို. . "

ခြည့်ခန်းထဲမှာ သူ့ကို ခေါင်းမှာပတ်တီးစည်းလျက်သား ကြီးတွေ့လိုက်ရလျှင် မေမြတ်နိုးဆုထိတ်လန့်သွားရ၏။

"ဘယ်လိုဖြစ်လာတာလဲဦးရယ်၊ မကြီးမငယ်နဲ့ ရန်ဖြစ် ကြသလား၊ ဒါမှမဟုတ် ချော်လဲသလား"

မျက်နှာလေးအိုအိုနှင့် သူမမေးလိုက်လျှင် ဦးခိုင်မြအောင် က တကျွတ်ကျွတ်စုပ်သတ်ညည်းညူလိုက်၏။ ခေါင်းကပတ်တီး မှလည်း သွေးတို့စိမ့်ထွက်နေ၏။

"အိမ်ကမိန်းမပေါ့မြတ်နိုးရယ်၊ မနက်ကတည်းက သူ့ မိတ်ဆွေနဲ့ထွက်သွားလိုက်တာ တစ်နေ့လုံးပဲ၊ သူပြန်ရောက်တာ နဲ့ ဦးက နည်းနည်းအပြစ်တင်မိတယ်"

"ဒါတော့ ဦးလွန်တာပေါ့၊ သူ့ခမျာ ကိစ္စရှိလို့နေမှာပေါ့၊ ကလေးတွေမှမဟုတ်တာ"

မြတ်နိုးက သူ့မိန်းမအကြောင်းကို ရှေ့နေလိုက်ပေးလျှင် ဦးခိုင် မြအောင် ရှုံ့မဲ့သွားလေ၏။

"အခုက သူရိုက်လွှတ်တာ၊ ဦးကို ပန်းအိုးနဲ့ပစ်ပေါက်





ကြောင်ကို ဝမ်းနှုတ်ဆေးကျွေးထားမိသလို ပျော့ပျော့နဲ့ နံမည့်သူ။

"ဒီစနေမှာ ဦးတို့သားအဖ ကစားကွင်းသွားမလို့၊ သား လေး (၄)နှစ်ပြည့်မွေးနေ့လေ၊ စူပါဝမ်းသွားရအောင်၊ သားကို ရော၊ မြတ်နိုးကိုပါ ကြိုက်တာဝယ်ပေးမယ်၊ စူပါဝမ်းကုန်တိုက် ထဲမှာရှိတာသာဖြစ်ပါစေ၊ လိုချင်တာဝယ်ပေးမယ်"

သူက ကလေးနှင့်မျှားလျှင် မေမြတ်နိုးကလည်း လူကြီး နှင့်ကိုင်ပေါက်၏။

"သားလေးမွေးနေ့မှာ မိသားစုစုံစုံညီညီနဲ့ ပျော်ပျော်ရွှင် ရွှင်နေရ၊ သွားရမှာ၊ ဘယ့်နှယ့် ကြားထဲက ဆေးရိုးသည်ကိုဖိတ် နေရတာလဲဦးရဲ့၊ မမသီတာနဲ့သွားကြပါ၊ သားလေးသိပ်ပျော် မှာပေါ့"

"ဩော်. . မြတ်နိုးရယ်. . သီတာသာ မြတ်နိုးရဲ့တစ်ဝက် လောက်သိတတ်မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ ကွယ်၊ ခုတော့ ဦးမှာ ရှေ့ကိုသာစိုးပွားကြုံးရှာနေရတယ်၊ နောက်

ပိုင်းက ဘယ်လိုမှစိတ်မချမ်းသာရပါဘူးကွယ်၊ အခုလည်း ဦးနဲ့ စိတ်ဆိုးပြီး သူ့အမေအိမ်ဆင်းသွားပြန်ပြီလေ”

“လိုက်ခေါ်ပေါ့ဦးရဲ့၊ အချော့ခံချင်လို့ဆင်းသွားတဲ့ဥစ္စာ၊ လိုက်ချော့လိုက်ပေါ့၊ ဒါ ယောကျ်ားအလုပ်၊ ယောကျ်ားဘို့ရဲ့ တာဝန်ပဲဟာ”

“တော်ပါပြီမြတ်နိုးရယ်၊ ဦး သူ့ကိုအရမ်းစိတ်ကုန်နေပြီ၊ လင်မယားဆိုတာလည်းကွာ ဆန့်ဆုံစား၊ ကံကုန်သွားပါ၊ သား လေးမျက်နှာနဲ့ သူ့ကိုသည်းခံရပေါင်းများပြီ၊ ဦးကိုမကြင်နာချင် နေပါ၊ ခုလိုစိမ်းစိမ်းကားကား၊ ရက်ရက်စက်စက်တော့မပြောပါ နဲ့မြတ်နိုးရယ်၊ ဦးသွားမယ်၊ စနေနေ့လာခေါ်မယ်”

သူ့ဇာတ်သူဖြတ်ပြီး ဦးခိုင်မြဲအောင်ချာကနဲလှည့်ပြီး ကားပေါ်သို့တက်သွားလျှင် မေမြတ်နိုးဆုမှာ အဆောင်ဧည့်ခန်း ထဲ ကြောင်တောင်တောင်ကြီးကျန်ခဲ့ရ၏။

ဘယ်လိုကြီးလဲ။ သူမ ဘယ်လိုမှဆုံးဖြတ်မပေးရခင် သူ့ ဘာသာသူထွက်ခွာသွားချေပြီ။ မြတ်နိုးမှာ အကြင်နာနည်းပါး လှတာမဟုတ်ပေမယ့် အစကတည်းက သံသယတွေအပြည့်နှင့်





သူ့အကူအညီကိုယူခဲ့ရသူမို့ ယခုအဖြစ်မှာလည်း ဦးခိုင်မြဲအောင် ကို နည်းနည်းလေးမှမကြင်နာ၊ မသနားမိလိုက်ပေ။

အလကား လံကြုတ်ဇာတ်လမ်းကြီးပါ။ အခုခေတ်အိမ် ထောင်ရှင်ယောကျ်ားသားတွေဟာ နောက်မိန်းလင်းချင်ပြီဆိုလျှင် မယားကြီးကို အပြစ်တွေပြော၊ အပြစ်တွေဖို့။ သူတို့ကိုယ်သူတို့ ကမ္ဘာပေါ်မှာသနားစရာအကောင်းဆုံးသတ္တဝါဖြစ်အောင်ပြော။

ဒီဇာတ်ဝင်ခန်းတွေရိုးနေပြီဦးခိုင်မြဲအောင်ရေ။ ရှင်က တော့ထင်မယ်။ ဒီငါးမလေးဟာ ငါးစာကိုသာလှည့်ပတ်စားပြီး ငါးမျှားချိတ်ကိုတော့ မဟပ်ဘူးလို့လေ။

ကျွန်မ သိပ်ပြီးလည်ပတ်လွန်းလို့မဟုတ်ရပါဘူး။ ဒါပေ မယ့် ဒီခေတ်ကြီးထဲမှာ သုံးစားမရအောင် နုံအမယ်ဆိုရင် မြတ် နိုးခံသွားရမှာပေါ့။

စနေနေ့မှာ တစ်နေရာသို့ရှောင်ထွက်၊ ပုန်းအောင်းနေ ဖို့သာမြတ်နိုးစဉ်းစားထားရဖါသည်။

## အခန်း(၆)

သည်နေ့ ထားသီရိကျောင်းမတက်သဖြင့် မြတ်နိုး၏အပါး မှာ မင်းရာဇာ အရိပ်သဖွယ်ကပ်ပါနေ၏။

သူမ၏စာသင်ချိန်တွေအားလုံး အနားမှာ ခပ်တည်တည် နှင့်လိုက်တက်ပေးနေသဖြင့် မေမြတ်နိုး အနေကျဉ်းကျပ်ရပါ သည်။

မည်သူနှင့်မျှရင်မခုန်ဖူးသောမေမြတ်နိုးဆိုမှာ သူနှင့်ကျ တော့ ရန်ခုန်သလိုလို၊ စိတ်ညစ်မိသလိုလို၊ စိတ်ကျဉ်းကျပ်သလို လို။ ခြေဖျားလက်ဖျားတွေအေးစက်ပြီး ဇောချွေးတွေပြန်လုလု။

ဆရာသင်သောလက်ချာတွေကို သူက ကိုယ့်အစားကူး ရေးပေးပြီး တကယ့်ကိုအနှောင့်အယှက်မပေးဘဲ ရိုကျိုးသေဝပ် စွာနေပေးနေတာတောင်မှ မေမြတ်နိုး သူ့ကိုငြူစူချင်ချင်။





ဘာလို့ ဒီလောက်တောင် အန္တတာခံနေရတာလဲ။ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်လာတယ်ဆိုတော့ ဘာအမိပ္ပာယ်ရှိရဦးမှာတဲ့လဲ။

မလိုတမာစိတ်တွေကိ‌ ပြီး စိ ကိုဖြေလျှော့ထားလိုက် တော့လည်း သူ့ထံမှ လူပျိုနံ့သင်းသင်းနှင့် ကိုယ်ငွေ့နွေးနွေးက သူမထံသို့ ရင်ဖိုစဖွယ်ပျံ့လွင့်လာသည်။

ယခုအချိန်ထိ ရွှေရင်တံခါးကိုသော့ခတ်သ သည်း ခပ်တင်းတင်းပိတ်ထားမိလေသမျှ ကိုလူကြမ်းလေးက ဇွတ် အတင်းဆွဲဖွင့်တော့မည်လား။

သူ့အနားမှာထိုင်ပြီး သူပြုသမျှငေးကြည့်နေရင်းမှ စာ သင်ချိန်တွေပြီးဆုံးသွားသည်။ သူက မြတ်နိုးကိုပြုံးပြီး ငုံ့ကြည့် လာသည့်အခါ သူမက သူ့ကို ဂျစ်ကန်ကန်ရုပ်နှင့် ခပ်တည်တည် မော့ကြည့်လိုက်သည်။

"ကိုယ့်ကျောင်းတော့မတက်ဘဲနဲ့ ဘာလို့လာရှုပ်နေတာလဲ"

"တစ်ရက်တစ်လေပဲကွာ၊ ကိစ္စမရှိပါဘူး"

"လက်ချာတွေလွတ်ကုန်မှာပေါ့"

"မလွှတ်ပါဘူး၊ ကိုယ့်ဆို ကူးပေးချင်တဲ့ကောင်မလေးတွေ ပြည့်လို့"

"ဟင်. . "

ဟုတ်တာပေါ့။ သူဟာ အင်တာနေရှင်နယ်ကောင်ချော လေးပဲ။ အတွေးနှင့် သူမ၏မျက်နှာပျက်ယွင်းသွားလျှင် မင်း ရာဇာက ချစ်ဖို့ကောင်းအောင်ပင်ပြုံးရယ်လိုက်၏။

အို. . လျှပ်လက်လိုက်သလို သူ့အပြုံးက လင်းကနဲလှပ သွားပါလား။ ကောင်လေးတစ်ယောက်၏ အနီးကပ်ညှို့ချက် မှာ သူမအငိုက်မိသွားလျှင် ရင်ထဲမှာ အခါတစ်ရာလောက် မိမိ ကိုယ်မိမိဆဲရေးလိုက်မိသည်။

ဒါနဲ့များ ကိုယ့်ကိုယ်ကို အသည်းမာသတဲ့။ သံမဏိသစ် ရွက်တဲ့။

ကလပ်စ်လည်းပြီးသွားပြီမို့ မေမြတ်နိုး သူ့အနားမှ ခပ် ဆောင့်ဆောင့်ထွက်လာခဲ့လျှင် မင်းရာဇာကလည်း သူမ၏နောက် သို့ ပစ္စည်းပစ္စယများကိုသယ်ဆောင်ပြီး ထလိုက်ခဲ့သည်။

သူမ ဘယ်လောက်ပင်ခြေလှမ်းသွက်သွက် မကြာမီ မင်း





ရာဇာမီလာ၏။ သူမ၏အနားမှာ သူက ခပ်ပြုံးပြုံးနှင့်မီအောင် ကပ်လျှောက်နေလျှင် မေမြတ်နိုး ခြေလှမ်းကိုတုံ့ကနဲရပ်လိုက် သည်။ မင်းရာဇာက ခပ်ပြုံးပြုံးနှင့်ပင် သူမကိုမေးလိုက်သည်။

"ဘာဖြစ်သွားတာလဲကွာ၊ တစ်နေ့လုံး ကောင်းနေရဲ့သား နဲ့၊ အခုကျမှ ဖောက်သွားရတာလား၊ ကိုယ်လိုက်ပို့မယ်လို့ပြော ပြီးပြီလေ၊ မြတ်နိုးကို တစ်ခုခုကျွေးမယ်၊ နောက် အဆောင်ကို လိုက်ပို့ပေးမယ်"

"မကျွေးနဲ့၊ မပို့နဲ့၊ ရှင် ဒီမှာကျန်ခဲ့တော့"

"ဟောဗျာ. . စိတ်ကလည်း မြန်လိုက်တာ၊ မနက်ဖြန် စနေ၊ ကိုယ့်မွေးနေ့မြတ်နိုးရဲ့၊ မြတ်နိုးနဲ့အတူ ဘုရားသွားမယ်၊ နောက် မနက်စာအတူစားကြမယ်၊ မြတ်နိုးက ကိုယ့်ကို မွေးနေ့ လက်ဆောင်လေး၊ ဘာလေးပေးချင်လည်းပေးပေါ့"

ပြုံးပြုံးလေးနှင့်သူပြောနေပုံက သူမကို တမင်လှောင် ပြောင်နေသည်ဟု မေမြတ်နိုးခံစားနေရလျှင် သူ့ကိုထုရိုက်ကုတ် ဖဲ့ချင်စိတ်တွေဖြစ်သွားရ၏။

သို့သော် သူမ မလုပ်ပါ။ လုပ်လို့မဖြစ်ပါ။ သူနှင့်ကိုယ်

ည် ဘာမှမဟုတ်။ သူငယ်ချင်းဖြစ်တာတောင် ရက်ပိုင်း၊ နာရီပိုင်းသာရှိသေးသည်။

တစ်ယောက်အကြောင်းလည်း တစ်ယောက် ,ခရေစေ့တွင်းကျမသိ။ သူဟာ မင်းရာဇာဖြစ်ပြီး ကိုယ်က မေမြတ်နိုးဆိုဖြစ်ကြောင်းသာ သိကြတာမဟုတ်ပါလား။

စိတ်ထဲမှာ ကသိကအောက်ဖြစ်လွန်းသဖြင့် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း သူ့ရှေ့မှ မြတ်နိုးချာကနဲလှည့်ထွက်ခဲ့လျှင် သူက ရယ်ဟာဟာနှင့် နောက်မှလိုက်ခဲ့သည်သာ။

အတန်ကြာမှ သူမ၏လက်လေးတစ်ဖက်ကို ယုယစွာဆွဲယူလိုက်ပြီး သူ့ကားဆီသို့ခေါ် သွားလေသည်။

သူမ ရုန်းကန်မနေတော့သည်မှာ သူ့ကြောင့် ခွန်အားတွေဆုံးရှုံးသွားလို့ဖြစ်ပေလိမ့်မည်။

ကားရှေ့ခန်းမှာ နှစ်ယောက်အတူစီးပြီး ညင်သာစွာကားထွက်လာလျှင် မေမြတ်နိုး၏မျက်ရည်များ ပါးပြင်လှလှလေးမှာ ခပ်ပါးပါးစီးကျလာသည်။

အလိုမကျ။





တစ်ဘဝလုံးကမောက်ကမဖြစ်ခဲ့ရသည့် ကမောက်ကမကောင်မလေး၏နှလုံးသားသည် ဘယ်လိုကြီးတဲ့လဲ။ မင်းရာဇာဆိုသည့်ကောင်လေးကို ငင်ရုံတောင်မခင်ချင်ပေမယ့် အခုကျဘာလို့ သူ့ကြောင့်မျက်ရည်ကျနေရတာတဲ့လဲ။

ခေါင်းကို တအားခါရမ်းပစ်ပြီး စိတ်ကိုတင်းသော်လည်း မြတ်နိုး၏မျက်ရည်များမှာ တိုးလို့သာကျလာ၏။ ကားမှန်မှတဆင့် မြတ်နိုးဖြစ်ပုံကိုမြင်ရသည့်အခါ မင်းရာဇာ ခံစားနားလည်မိပါသည်။ ကောင်မလေး ဘာတွေဖြစ်ပြီး၊ ဘယ်လိုခံစားနေရသည်ဆိုတာ မင်းရာဇာနားလည်မိပါသည်။

ကားထဲမှာ မျက်ရည်တွေနှင့်ပိတ်ဖုံးပြီး ဘယ်ရောက်လို့ရောက်မှန်းမသိဖြစ်နေစဉ် ကားလေးငြိမ့်ကနဲထိုးရပ်သွားသဖြင့် မေမြတ်နိုးအလန့်တကြားကြည့်မိလျှင် အင်းလျားရေပြင်ကြီးကို ရင်အေးစဖွယ်လှမ်းမြင်လိုက်ရသည်။

"ဟင်. . ရှင်. . မြတ်နိုးကို ဘယ်ခေါ် လာတာလဲ၊ ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူးမြတ်နိုးရယ်၊ မင်းရဲ့ဘဝက ပူလောင်

လွှန်းလို့ အင်းလျားရေရိပ်မှာ ချွေးသိပ်ရအောင်ခေါ်လာခဲ့တာပါ'

မိန်းကလေးတို့၏သဘောမှာ အလွန်ဆန်းပြားလှသည် တကား။ စောစောက မင်းရာဇာမှာ ကောင်မလေးတွေရှိသည် ဆိုသည်နှင့် တဆုံးတွေးပြီး မျက်ရည်ကျခဲ့သောမြတ်နိုးသည် ယခုကျတော့ သူဟာ ကောင်မလေးပေါင်းများစွာကို ဒီလိုပဲ အင်းလျားခေါ်လာ၊ ချစ်တမ်းကစားခဲ့သည့် ဒဿဂီရိလို့ ထင်မိ လိုက်ပြန်သည်။

ကျနေသည့်မျက်ရည်များ တန့်ကနဲရပ်သွားပြီး သူ့ကို မီး ဝင်းဝင်းတောက်မျက်လုံးများနှင့် မော့ကြည့်လိုက်လျှင် မြတ်နိုး၏ စိတ်ခံစားချက်ကို မင်းရာဇာသိလိုက်ပြန်သည်သာ။

သူ့ကိုလှမ်းရိုက်လိုက်သည့်လက်အား ဖျတ်ကနဲ ညင်သာ လျှင်မြန်စွာဆွဲထားပြီး မင်းရာဇာ အယူခံဝင်ရပါလေသည်။

"ကိုယ့်အပေါ် အမျိုးမျိုးတွေတွေးမနေဂါနဲ့မြတ်နိုးရယ်၊ မင်းအကြောက်လွန်နေပြီ၊ ကိုယ်ဟာ အသည်းစားဘီလူးလည်း မဟုတ်ဘူး၊ ပန်းစားဘီလူးလည်းမဟုတ်ဘူး၊ မြတ်နိုးထင်သလိုပဲ ပတ်သက်မှုအကြောင်းတစ်ခုကြောင့် မြတ်နိုးကို ကိုယ်ချဉ်းကပ်





ခဲ့တယ်၊ ဒါပေမယ့် မင်းယုံ၊ ကိုယ်ဟာ မြတ်နိုးကို ဘယ်တော့မှ ဒုက္ခပေးမယ့်သူမဟုတ်ဘူး၊ မြတ်နိုးဘဝကို လုံခြုံအေးချမ်းအောင် ပဲ ကိုယ်ကဆောင်ကျဉ်းသွားချင်တဲ့သူပါ"

သူက ငြိမ်းချမ်းတည်ကြည်စွာနှင့် တစ်လုံးချင်းနားဝင် အောင်ပြောလျှင် မမြတ်နိုးဆုအံ့သြရပြန်သည်။ ပတ်သက်မှု အကြောင်းတစ်ခုကြောင့်တဲ့။ ဘာလဲ. . ဘယ်လိုပတ်သက်မှုလဲ။

သူဟာ ကိုကိုရန်နောင်ရှင်းကိုသတ်ခဲ့သူလား။ ဒါမှမဟုတ် တစ်နည်းနည်းဖြင့် ပတ်သက်ဆက်နွယ်နေသလား။ သံသယ တွေနှင့် မြတ်နိုး သူ့ကိုမော့ကြည့်စူးစမ်းနေလျှင် မင်းရာဇာရင် နင့်ရပါသည်။

လောကအလယ် သားရဲမုဆိုးတို့အလယ်မှာ တစ်ယောက် တည်းကျန်ခဲ့ရရှာသည့် ဘုမသိ၊ ဘမသိကောင်မချောလေးအား မင်းရာဇာ အလွန်ပင်သနားကြင်နာမိပါ၏။

သူမ၏လက်ကလေးတစ်ဖက်ကို ကြင်နာစွာဆွဲယူပြီး ရေ ရိပ်မြက်ခင်းပြင်မှာ နှစ်ယောက်အတူ ယှဉ်တွဲထိုင်လိုက်သည်။

"ကိုယ့်စိတ်အထင်တွေကို လူတစ်ဖက်သားရဲ့အဖြူရောင်

နှလုံးသားကို မညစ်နွမ်းစေပါနဲ့မြတ်နိုးရယ်၊ ကိုယ်ဟာ တည်ကြည်
လေးနက်တဲ့ယောကျ်ားတစ်ယောက်ပါ။ မြတ်နိုးကို ဘာဒုက္ခမှ
မပေးပါဘူး၊ မြတ်နိုးကို ကိုယ်စောင့်ရှောက်မယ်"

သူမ၏ပခုံးလေးကို ဖွဖွဆုပ်ပြီး သူ့အသံက သာယာနာ
ပျော်ဖွယ်ကောင်းလွန်းလှလျှင် မေမြတ်နိုး စတင်အရည်ပျော်
လေပြီ။

"စောင့်ရှောက်မယ်ဆိုတာ ဘာကိုပြောတာလဲဟင်၊ ချစ်
တယ်လို့ပြောတာလား"

တကယ်ပင် မသိသည့်ပုံစံလေးနှင့်မြတ်နိုးမော့ငေးပြီးမေ
မိလျှင် မင်းရာဇာ သူမကို ညင်သာစွာဖက်ထွေးယူလိုက်ပါတော့
သည်။

"ဟုတ်တယ်၊ ချစ်တယ်လို့ပြောတာ၊ မြတ်နိုးက ဂျမ်းတော
မလေးမို့ ကြောက်လို့ဝှေ့လည်ကြောင်ပတ်ပြောရတာ၊ သဘော
ပေါက်လို့တော်ပါသေးရဲ့ကွာ၊ တော်တယ်၊ မြတ်နိုးနားမဝေးဘူး

အင်းလျားရေစပ်မှာ နှစ်ယောက်အတူကြည်နူးနေမိရာမှ
စနေပြဿနာကို မေမြတ်နိုးသတိရသွားပြီး သူ့ကိုတင်ပြရသည်၊





"သူ့ကို မြတ်နိုးအကြောင်းတွေမပြောရသေးဘူး၊ မြတ်နိုး
ရဲ့ဘဝက အဆင်မချောပါဘူးကိုရယ်၊ တကယ့်ကို အူကြောင်
ကြောင်ဘဝပါ၊ ဒါပေမယ့်လေ ကိုစိတ်ညစ်သွားမှာစိုးလို့ မြတ်နိုး
မပြောသေးဘူး၊ မြတ်နိုးကိုအထင်သေးမှာ၊ အထင်လွဲမှာစိုးတာ
လည်းပါတယ်"

တကယ်ပါပင်။ သွေးမတော်၊သားမစပ်သည့် ဦးခိုင်မြ
အောင်က မြတ်နိုးကို လစဉ်ထောက်ပံ့နေသည်ဆိုလျှင် ကိုယုံပါ့
မလား။ နောက် တစ်မျိုးထင်သွားလေမလား။

စကားစလိုက်ပြီးမှ မြတ်နိုး ကြေကွဲစွာပါးစပ်ပိတ်သွားလျှင်
မင်းရာဇာစိတ်ဝင်စားစွာမေးလိုက်သည်။

"ဘာလဲကွာ၊ ပြောလေ. . ချစ်သူချင်းလျှို့ဝှက်မထားကြေး
လေ၊ အကြောင်းစုံသိထားမှ ကိုကူညီနိုင်တာဆိုလည်း ကူညီရ
တာပေါ့"

"ဘာမှမဟုတ်ပါဘူးကိုရယ်၊ မြတ်နိုးအလကားပြောတာ
ပါ၊ ပြောပလောက်အောင် မကြီးကျယ်ပါဘူး"

ကိုယ့်စကားကိုယ် သေချာစွာပြန်ပိတ်ရသည်မှာ မြတ်နိုး

ကို့ကိုသနားလို့လည်းဖြစ်သည်။ ကိုဟာ ကျောင်းသားတစ်ယောက်မို့ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး ပေါများပိုလျှံမည်မဟုတ်။ ဦးခိုင်မြအောင်လို ငွေကြေးကူညီနိုင်မည်မဟုတ်။ ချစ်သူစိတ်ဆင်းရဲရရှာပဲရှိလိမ့်မည်။

အတွေးကြောင့် ကို အာရုံပြောင်းသွားစေရန် မြတ်နိုးရှင်လန်းစွာထရပ်လိုက်သည်။

“ဆာလိုက်တာကိုရယ်၊ မုန့်ဝယ်ကျွေးမယ်ဆို ကျွေးလေ၊ မေ့ချင်ယောင်ဆောင်လို့မရဘူးနော်”

ပါးချိုင့်လေးတစ်ဖက်ပေါ်အောင်ပြုံးရင်း အပူအပင်မရှိသည့်ဟန်လေးနှင့် မေမြတ်နိုးဆု မော့မော့လေးချွဲနွဲ့မိလျှင် မင်းရာဇာလည်း ကြည်နူးပီတိဖြစ်သွားရသည်။

အရုပ်ကလေးလို မလှုပ်မယှက် အေးစက်စက်ကောင်မလေးဟာ အချစ်ကြောင့် အသက်ဝင်လာပြီတဲ့လား။ သူကလေး၏လက်ကို ယုယစွာဆွဲယူပြီး မင်းရာဇာ ကားဆီသို့ခေါ်လာခဲ့သည်။





“စားသောက်ဆိုင်တစ်ခုခုမှာ မြတ်နိုးကိုဝယ်ကျွေးမယ်၊ ပြီးရင် အဆောင်ပြန်ပို့ပေးမယ်နော်”

“ဟုတ်ကဲ့”

“လိမ်မာလိုက်တဲ့ချစ်သူလေးပဲကွာ”

လက်နုနုလေးကို မချင့်မရဲဖျစ်ညှစ်ရင်း မင်းရာဇာ၏ရင်မှာ အချစ်ဒီဂရီတွေ တိုးမြင့်ခဲ့ရသည်။

# အခန်း(၇)

"မြတ်နိုးရေ. . ညည့်သည်. . "

မိုးလင်းပြီးစမှာပင် အဆောင်ပိုင်ရှင်အန်တီ၏ အော်ကျယ်ပ်မှလှမ်းအော်သံကြောင့် မေမြတ်နိုးဆု ပြုံးလိုက်မိသည်။

တော်တော်သည်းတဲ့ကိုပါပဲ။ မနေ့ကမှချစ်သူဖြစ်သွားပြီမို့ သည်ကနေ့ အစောကြီးမှာပဲ ချစ်သူဆီအခစားဝင်လာသတဲ့လား။

ပြီး သည်နေ့ သူ့မွေးနေ့တဲ့။ မွေးနေ့လက်ဆောင်တောင်မဝယ်ရသေး။ ကိစ္စမရှိ။ သွားရင်းလာရင်းနှင့်ပင် အလှဆုံးပန်းသီးလေးတစ်လုံးကို မွေးနေ့လက်ဆောင်ဝယ်ပေးလိုက်မည်။





ပန်းသီးဆိုတာ အချစ်ရဲ့သင်္ကေတ။ အချစ်ရဲ့နိမိတ်ပုံလေးတစ်ခုပဲမဟုတ်လား။ ပန်းရောင်လှလှ ပန်းသီးလေးတစ်လုံးကို ချစ်သက်လက်ဆောင်ပေးလိုက်မှာပေါ့။

နောက်ကျမှ တန်ဖိုးကြီးလက်ဆောင်တွေကိုဝယ်ပေးတော့မည်။ မြတ်နိုးရဲ့စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတွေကို နှလုံးသားနဲ့ထုပ်ပိုးပြီး ကိုကိုပေးထားလိုက်တာကိုက တန်ဖိုးအကြီးဆုံးလက်ဆောင်မွန်ဆိုတာ ကိုက ဆရာကြီးမို့သိမှာပါ။

"လာပြီအန်တီရေ. . ခဏလေးစောင့်ခိုင်းထားပါနော်"

တစ်သက်လုံးက ကျောက်ဆစ်ရုပ်ဖြစ်လာခဲ့သည့်မြတ်နိုးမှာလည်း ယခုမှ ဇောင်းထဲကလွတ်သည့်မြင်းမလေးလို အချစ်ကြောင့် ရင်ခုန်ရွှင်မြူးနေရသည်။ ကိုနှင့်အတူ လျှောက်လည်ကြဖို့ တစ်ခါတည်းပြင်ဆင်နေတော့သည်။

အထူးတာလည်တော့ပြင်ဆင်မနေပါဘူး။ ပန်းနုရောင်ဝတ်စုံအိအိလေးကိုဝတ်ဆင်ပြီး မျက်နှာကို မိတ်ကပ်ပါးပါးလေးလိမ်း၊ နှုတ်ခမ်းနီပန်းရောင်လေးဆိုးလိုက်ခြင်းပါပဲ။

နဂိုရှိသူမို့ နဂိုင်းကထွက်ပြီးသား။ ဆင်စွယ်ရောင်လို

အသားပိုင်ရှင်လေးမို့ သူမ၏ပြေပြေပြစ်ပြစ်အဆင်အပြင်က ကြွေရရလှပသွားစေပြီး စိုပြည်ဖွံ့ထွားသည့်ကိုယ်နေဟန်လေးကလည်း အစွင့်သား။

တကယ့်ပန်းလှလှလေးပါပဲ။ ကျောထိအောင်ရှည်လျားသည့်ဆံနွယ်များကိုတော့ ခပ်မြင့်မြင့်လေးပဲစည်းနှောင်ထားလိုက်လျှင် ဆံနွယ်လေးများ ပခုံးပေါ် ဝေ့ဝဲကျနေပုံမှာ သူမနှင့်များစွာပဏာရသွားသည်။

အိတ်လှလှလေးကို ပခုံးမှာချိတ်ပြီး ကြိုးသိုင်းဖိနပ်အဖြူလေးကို အပြေးစီးရင်း အောက်ထပ်ဧည့်ခန်းသို့ မြတ်နိုးလျင်မြန်စွာဆင်းလာခဲ့လျှင်. . .

"ဟင်. . "

မေမြတ်နိုးဆု အမောဆို့သွားရပါလေ၏။ ဧည့်ခန်းထဲမှာ စောင့်နေတာ ဦးခိုင်မြဲအောင်နှင့် သူ့သားလေးပြည့်စွမ်းအောင်။

"လှလိုက်တာမြတ်နိုးရယ်၊ သားသား. . အန်တီလှတယ်နော်"

"ဟုတ်တယ်. . အန်တီသိပ်လှတာပဲ"





သားအဖနှစ်ယောက်မှာလည်း ပြင်ဆင်ထားလိုက်တာ ကျော့လို့မော့လို့။ မေမြတ်နိုးဆုမှာ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်။

သူတို့ ဒီလောက်ဝီရိယကောင်းလိမ့်မည်ဟု မြတ်နိုးမထင်ပါ။ ယခုမှတော့ ဘယ်လိုလှိမ့်လို့၊ ပတ်လို့ရဦးမည်တဲ့လဲ။

စောစောရွှင်လန်းတက်ကြွနေသည့်ခြေလှမ်းများမှာ ယခုတော့ ပိဿလေးဆွဲခံထားရသည့်နှယ်။ စိတ်ဓာတ်များစွာကျပြီး မချိပြုံးပြုံးရင်း မေမြတ်နိုးဆု ကြွေရစွာသူတို့ထံလျှောက်လှမ်းသွားလျှင် ဦးခိုင်မြဲအောင်က ပီတိပြုံးနှင့်လက်ကမ်းကြိုတော့ မယောင်။

"စောစောက မြတ်နိုးကိုမြင်လိုက်ရတာ ဦးတော့ အရမ်းစိတ်ချမ်းသာသွားတာပဲ၊ မြတ်နိုးအသက်နှစ်ဆယ်တောင်မပြည့်သေးဘူးမဟုတ်လား၊ ကလေးလို ပျော်ပျော်ရွှင်ရွှင်နေစမ်းပါကွယ်၊ တစ်နေ့တစ်နေ့ အမယ်ကြီးအိုလေးလို ကြွေဝတ်ရုံကြီးခြုံပြီးနေရတာ စိတ်ကိုကြီးရင့်စေတယ်၊ ပျော်ပျော်ပါးပါးလေးလည်း နေဦးမှပေါ့ကလေးရယ်၊ တဲ. . လာ. . သွားကြစို့၊ ဒီနေ့ ဦးမှာ

ကလေးနှစ်ယောက်ကို ပျော်ရွှင်ချမ်းမြေ့စေဖို့ တာဝန်ယူထားလိုက်ပြီနော်၊ စားချင်တာကျွေးမယ်၊ လိုချင်တာဝယ်ပေးမယ်၊ သွားချင်တဲ့နေရာကိုရောက်အောင်ပို့ပေးမယ်နော်"

"ဟေး. . ဒါမှတို့ဖေဖေကွ"

သားသားပြည့်စွမ်းအောင်မှာ ခုန်ပေါက်ပြီးပျော်ရွှင်နေလေသမျှ မေမြတ်နိုးဆုမှာတော့ ငရဲခံရတော့မည့်နှယ်။

ကိုနဲ့လွဲတော့မှာပဲ။ ကိုက ဘယ်လိုထင်သွားမလဲ။ ကို့ကို ဘယ်လိုမှာခဲ့ရပ့ါမလဲ။ ဦးနှောက်ထဲမှာ၊ နှလုံးသားထဲမှာ မင်းရာဇာပဲရှိနေသည်မို့ မရွှင်သည့်နှလုံး၊ မပြုံးသည့်မျက်နှာနှင့် မေမြတ်နိုးဆု လိုက်ပါသွားရပေတော့မည်။

သူက ကိုယ့်ကို လစဉ်ထောက်ပံ့ချေးငှားနေသူမို့ ပစ်ပစ်ခါခါလုပ်လို့လည်းမဖြစ်။ ကိုယ့်ဘဝကိုယ်မပိုင်သည့်အဖြစ်ကို စိတ်နာမိရင်း မေမြတ်နိုးဆု အဆောင်ပိုင်ရှင်အန်တီကို တီးတိုးသွားမှာရပါသည်။

"အန်တီ. . မြတ်နိုးကို တစ်ယောက်ယောက်လာမေးရင် ဦးလေးနဲ့လိုက်သွားတယ်လို့ ပြောပေးပါနော်"





"အေး. . အေး. ."

ဦးခိုင်မြအောင်တို့သားအဖရပ်စောင့်နေရာ ကားလေးဆီသို့ အသက်မပါသည့်မေမြတ်နိုးဆုမှာ ကိုယ့်ခြေလှမ်းများကို အနိုင်နိုင်သယ်ရင်း သွားလိုက်ရပါတော့သည်။

"သားသား. . ဘယ်ကိုအရင်သွားမလဲ"

"တိရစ္ဆာန်ရုံသွားမယ်ဖေဖေ၊ သားသား မျောက်ကလေးတွေ၊ သမင်လေးတွေကိုမတွေ့ရတာကြာပြီ"

"ငါ့သားကတော့ တကယ့်သားပဲကွာ"

ကားရှေ့ခန်းလေးထဲမှာ သားကိုအလယ်ကထားပြီး ဦးခိုင်မြအောင်နှင့်မြတ်နိုးက တစ်ဖက်စီမှာရှိနေကြ၏။ တကယ့်မိသားစုလေးသဖွယ်။

သို့ပေမယ့် မြတ်နိုး၏ရုပ်က အသက်မပါ။ ကြိုးစားလို့တောင် ပြုံးလို့မရ။ ရင်ထဲမှာ ခွေယိုင်နုံးရင်း ချစ်သူကို့ကိုသာ မြင်ယောင်နေမိလေသည်။





ကလေးကလည်း ချေးကျရာပျော်သည့်ကြက်လို တကယ့်ကို လွန်လိုက်၊ သဲလိုက်တာ။ မြတ်နိုးမှာ ကိုယ်ချင်းစာတတ်သူ၊ ကလေးချစ်တတ်သူမို့ ပြည့်စွမ်းအောင်လေးကို စိတ်မတိုမိသော်လည်း ကိုယ့်အဖြစ်ကိုယ် စိတ်နာနေမိသည်။ ကလေးကိုတော့ သူမ စိတ်ရှည်ရှည်ထားပြီး ကြင်နာမိပါသည်။

ဘာပဲပြောပြော ဒီကလေးလေးဟာ ဖခင်နှင့်မိခင်၏ ရန်ပွဲတကျက်ကျက်ကြားမှာ ငြိုးငယ်စွာကြီးပြင်းခဲ့ရသူလေးမဟုတ်ပါလား။

ဖခင်ကလည်း စီးပွားရေးလုံးပန်း။ မိခင်ကလည်း ပေါ့ပေါ့လွင့်လွင့်နှင့်။ ဒီလိုမျိုးလည်း တစ်ခါမှလိုက်ပို့ဖူးပုံမရသဖြင့် ကလေးမှာ အလွန်ပျော်ရွှင်နေတော့သည်။

"ကိုယ်တို့ ရွှေရှမ်းကန်အရင်ဝင်မယ်၊ ပြီးမှ ရွှေတိဂုံဘုရားသွားပြီး သားလေးမွေးနေ့အလှူအဖြစ် ရွှေသင်္ကန်းကပ်မယ်၊ ပြီးတော့ တိရစ္ဆာန်ရုံကိုသွားမယ်နော်"

"ကောင်းတယ်ဖေဖေ၊ စူပါဝမ်းမသွားတော့ဘူးလား၊ သားကို အရုပ်ဝယ်ပေးဦးမယ်ဆို"

"ဝယ်ပေးပါ့မယ်သားရယ်၊ ဒီနေ့တစ်နေ့လုံး ဖေဖေ မင်းတို့နှစ်ယောက်အတွက် အလိုဆန္ဒတွေဖြည့်ဆည်းပေးနေမယ်၊ ဒီနေ့တစ်ရက်နဲ့တော့ ဖေဖေ့စီးပွားရေးတွေ ကမောက်ကမ မဖြစ်လောက်ပါဘူး"

သူတို့သားအဖသာ အတိုင်အဖောက်စကားတွေပြောနေကြသော်လည်း မေမြတ်နိုးကတော့ သက်မဲ့အပြုံးလေးတစ်ပွင့်နှင့်သာ။ သူမ စကားမပြောနိုင်တော့ပါ။

လောကကြီးရယ်. .

ကျွန်မဟာ မချစ်တတ်ခင်တုန်းကလည်း ကျောက်ဆစ်ရုပ်ထုလို၊ ရေခဲရုပ်ထုတစ်ခုလို အသက်ရှင်သန်ခဲ့ရပါတယ်။ အခုချစ်တတ်သွားတော့လည်း ကိုယ့်ဘဝကိုယ်မပိုင်တဲ့အတွက် အသက်မပါတဲ့လူသားဖြစ်သွားရမြန်ပါတယ်။

ချစ်သောသူနဲ့ တစ်ရက်ကလေးခွဲရ၊ ကွဲရတာတောင် ဒီလောက်ခံစားနေရရင် ကျွန်မ ဘယ်လိုအသက်ရှင်ရပါ့မလဲရှင်။

"နော်. . မြတ်နိုး. ."

"ရှင်. ."





ဦးခိုင်မြဲအောင် ဘာပြောလိုက်မှန်းမသိသဖြင့် မြတ်နိုးကြောင်,အနေလျှင် သူတို့သားအဖကတော့ ရယ်လို့မဆုံး။ ဒါပေါ့လေ။ သူတို့ကတော့ အပျော်ခရီးတွေနှင့် ရစ်ပတ်ဖွဲ့နှောင်ထားသူတွေကိုး။

"ဩော် . . ဦးတို့အစီအစဉ်ကို မြတ်နိုးသဘောတူရဲ့လားလို့မေးတာပါ၊ မြတ်နိုးကလည်းကွာ. . သားလေးရဲ့မွေးနေ့မှာပျော်ပျော်ရွှင်ရွှင်နေစမ်းပါ၊ အသက်မပါသလိုကြီးမလုပ်စမ်းပါနဲ့၊ ဦးတို့သားအဖရဲ့ဘဝက အမြဲလိုလိုခြောက်သွေ့ခဲ့ရတော့ ဒီတစ်နေ့လေးတော့ မြတ်နိုးအလိုက်အထိုက်နေပေးပါနော်၊ ဦးအနူးအညွတ်တောင်းပန်ပါတယ်ကွာ"

ဦးခိုင်မြဲအောင်က ဂရုဏာသက်စဖွယ် တောင်းပန်လိုက်လျှင် မေမြတ်နိုးဆု ခေါင်းညိတ်ပြပြီး ကိုယ့်စိတ်ကိုယ်ဖြေရပါသည်။

ဟုတ်သားပဲလေ။ ဘာပဲပြောပြော သူဟာ ငါ့ဘဝအတွက်ထောက်တည်ရာရအောင် ကူညီဖေးမနေတာမို့ အလိုက်အထိုက်တော့နေပေးရမှာပါပဲ။

"ဟုတ်ကဲ့ပါဦး၊ မြတ်နိုးကို အထင်မလွဲပါနဲ့၊ ခုလို သားနဲ့

ဦးနှစ်ယောက်တည်းတွေ့လိုက်ရတော့ စိတ်မကောင်းလို့ပါ။ ဘာ ပဲဖြစ်ဖြစ် မမသိတာပါ ပါလာရင် ပိုပြီးပျော်ဖို့ကောင်းမှာနော်”

“မေမေက ဘွားဘွားအိမ်ကို ခဏသွားတယ်အန်တီရဲ့၊ ဒီနေ့ သားမွေးနေ့ဆိုတာ မေမေမေ့သွားပြီထင်ပါတယ်”

ကလေးက ဝမ်းနည်းစွာနှင့်ဝင်ပြီးပြောလိုက်လျှင် ဦးခိုင် မြဲအောင်က သားစိတ်မဆင်းရဲစေရန် ချော့မော့လိုက်သည်။

“ညနေကျ ပြန်လာမှာပေါ့သားရယ်၊ ပြန်မလာလည်း ဖေဖေတို့သွားခေါ်ကြမယ်နော်၊ ကဲ. . သားလေးရဲ့မွေးနေ့မို့ ဒီနေ့တစ်နေ့လုံး ကုသိုလ်တွေပြုကြ၊ ပျော်ရွှင်ကြမယ်၊ မေမေ့ကို ခဏမေ့ထား၊ ဟုတ်ပြီလား၊ မြတ်နိုးလည်း ကျေးဇူးပြုပြီး အစဖော် မပေးပါနဲ့နော်”

သူက တကယ်ပင်အနူးအညွတ်တောင်းပန်နေလျှင် သူမ စိတ်မကောင်းဖြစ်ရသည်။ ကိုယ်က မသိတတ်သလိုဖြစ်သွားရ သည်ကိုး။ ကားပေါ်မှာ ပျော်ရွှင်ယောင်ဆောင်ရင်း မြတ်နိုးတို့ ရွှေရှမ်းကန်သို့ရောက်သွားခဲ့သည်။

မနက်ဘက်မို့ လူကခပ်ရှင်းရှင်း။ အုပ်စုလိုက်၊ သုံးလေး ဖွဲ့လောက်သာ တွေ့ရပါသည်။





“ညဘက်တော့ စားပွဲဝိုင်းတွေကအပြည့်ပဲ”

ရှေ့ဘက်မှ တီးဝိုင်းစင်မြင့်ကို မြတ်နိုးနှင့်သားငေးကြည့် လျှင် ဦးခိုင်မြဲအောင်ကရှင်းပြသည်။ ဘူဖေးစနစ်မို့ ဘယ်စားပွဲ ထိုးမှလည်း ယူချမပေး။

ဦးခိုင်မြဲအောင်ပဲ စားပွဲထိုးကြီးပေါ့။ မြတ်နိုးနှင့်သားကို ဆိုင်ရှေ့ဝရန်တာဘက်မှာ နေရာချထားပေးပြီး သူ့ဘာသာ စား သောက်စရာများကို နှစ်ခေါက်၊ သုံးခေါက်သွားသယ်နေသည်။

သားနှင့်မြတ်နိုးကတော့ ကန်ဘက်မှဖြတ်တိုက်လာသည့် လေနုအေးနှင့် လှေလှော်ကျင့်နေကြသည့်ကန်ကြီးကိုလှမ်းကြည့် ပြီး ပျော်ရွှင်သွားကြ၏။

သားက ခုန်ဆွ၊ ခုန်ဆွ။ မြတ်နိုးကတော့ သားလောက် မကဲ။ သို့သော် ရင်ထဲအေးသွားတာပါပဲ။ ဒီလိုနေရာမျိုးတွေ သူမ ဘယ်မှာရောက်ခဲ့ဖူးလို့လဲ။

ကိုယ့်ဘဝနှင့်ကိုယ် ရုန်းကန်လှုပ်ရှားနေကြရသည်မို့ သွား လည်းမသွားအား။ လိုက်ပို့မည့်သူလည်းမရှိ။ ဦးခိုင်မြဲအောင်နှင့် မဟုတ်ဘဲ ကိုနှင့်သာဆို ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲ။

ယခု သားဖြစ်နေသလို မြတ်နိုးလည်း ကို့လက်ကိုကိုင်ကာ ခုန်ဆွ၊ ခုန်ဆွဖြစ်နေပေလိမ့်မည်။

"ကလေးတွေလာကြဟေ့၊ ဒီမှာ စားကြသောက်ကြဦးစို့"

ဦးခိုင်မြအောင်က ကိုယ်တိုင်သွားယူလာသည့်စားသောက်ဖွယ်ရာများကို စားပွဲပေါ် ချပြီး ပြုံးပြုံးကြီးနှင့်လှမ်းခေါ် လျှင် သားနှင့်မြတ်နိုးတို့ စားပွဲသို့ပြန်ပြေးလာကြသည်။

ကျွဲဖြစ်မှတော့ ရွံ့ကြောက်နေလို့မရ။ ဒီတစ်နေ့ သူတို့စိတ်ချမ်းသာအောင် နေပေးလိုက်ရုံသာ။

သုံးယောက်သား အစားတွေစား၊ စကားတွေများ၊ အေးချမ်းစွာနေပြီးမှ သူမတို့ ရွှေရှမ်းကန်မှပြန်ခဲ့ကြသည်။



ရွှေတိဂုံဘုရားသို့ ဓာတ်လှေကားနှင့်တက်ကြတော့ သားက သူ့ဖေဖေကိုလက်ဆွဲထားသလို သူ့ဖေဖေက မြတ်နိုး၏လက်ကိုဆွဲထားပါသည်။

ဦးခိုင်မြအောင်ဆွဲတာမခံချင်ပေမယ့် အရွယ်ချင်းကွာပြီး သူက ကလေးတစ်ယောက်လိုစိုးရိမ်လို့ ကိုင်ဆွဲထားတာမို့ မေမြတ်နိုး အကဲပါနေလို့မရပါ။

နောက် စနေနေ့မို့ ဘုရားမှာလူတွေကလည်း အရမ်းများနေသည်မဟုတ်ပါလား။ လေးနှစ်သားထိရှိပေမယ့် သားသည် သူ့မွေးနေ့များကို ဘယ်လိုကျော်ဖြတ်ခဲ့သည်မသိ။ ခါတိုင်းတော့ တိတ်ဆိတ်စွာပြီးဆုံးခဲ့ပြီး ယခုမှ ဒီလိုတွေလိုက်ပို့ပေးလို့ပေပဲလား။

ကလေးပျော်နေတာကိုကြည့်ပြီး မြတ်နိုးပါ စိတ်ချမ်းသာလာတော့သလိုလို။

"သားပျော်နေတာကြည့်ပြီး ဦးတော့ ဒီလိုပဲ ကိုယ့်ရဲ့မအားလပ်တဲ့အချိန်တွေထဲကနေ သားကိုဖဲ့ပေးဖို့စိတ်ကူးရသွားပြီ"

သူက မြတ်နိုးကို တီးတိုးငုံ့ပြီးပြောလျှင် သူမခေါင်းညိတ်ပြရသည်။ ဦးခိုင်မြဲအောင်နှင့် သူမမျက်လုံးချင်းမဆိုင်ချင်။

အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်၏ အယုအယ၊ အကြင်နာ၊ အသနားခံသည့်မျက်လုံးများကို သူမ လုံးဝမလိုချင်။ မမြင်ချင်။ ခံစားလို့မရ။

ဒါ မြန်မာပြည်ပဲ။ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးရမှာပေါ့။ အစတုန်းကတော့ မစဉ်းစားဘဲ ယူလိုက်ကြပြီးနောက်မှ အမှားပြင်ဆင်ဖို့ကြိုးစားလျှင် ကြားထဲက သားသမီးလေးများနစ်နာသည်။

ပြီး ဒီကိစ္စမျိုးကို အမှားပြင်ဆင်ချင်နေလျှင်လည်း မိန်းမသားတွေဘက်ကနစ်နာပါသည်။ ယခုလို အတူ မလွဲသာ၊ မရှောင်သာသွားနေရတာတောင် လွန်လှပါပြီ။





ကျောင်းပြီးဖို့ကလည်း လပိုင်းသာလိုတော့သည်မို့ အောင့်အီးသည်းခံပြီး မြတ်နိုးနေရပါလိမ့်မည်။ ဓာတ်လှေကားရပ်သွားလျှင် သားက အပြင်သို့အရင်ပြေးထွက်သွားပြီး ဦးခိုင်မြဲအောင်နှင့်မြတ်နိုးက နောက်မှလိုက်ရသည်။

ဦးခိုင်မြဲအောင်မှာ သားကိုမျက်ချည်မပြတ်ကြည့်နေသော်လည်း မြတ်နိုးကိုတော့ လက်မှမလွှတ်။ ကိုယ့်လက်ကိုပြန်ရုန်းသော်လည်း မရ။

"လူတွေကြားမှာ မြတ်နိုးပျောက်သွားမှာစိုးလို့ပါ၊ မင်းက ရန်ကုန်သူဆိုပေမယ့် ဘယ်မှမသွားတတ်ဘူးမဟုတ်လား"

"သားပျောက်သွားလိမ့်မယ်"

"ကိစ္စမရှိဘူး၊ သားကိုရော၊ မြတ်နိုးကိုပါ မပျောက်အောင်ထိန်းသိမ်းရမှာ ဦးတာဝန်"

"ဒါဆိုလည်း ပြီးရော"

ရွှေတိဂုံဆံတော်ရှင်ကို ကြည်နူးချမ်းမြေ့စွာဖူးမြော်ရင်း ဖေဖေ၊ မေမေနှင့် ကိုကိုရန်နောင်ရှင်းတို့ကို မြတ်နိုးသတိရနေမိပါသည်။

လောလောဆယ် ကိုကို့ကိုသတိအရဆုံးပေါ့။ ကိုကို့ကို သတ်သွားသည့်တရားခံကိုလည်း မြတ်နိုးမသိရသေး။ ဦးခိုင်မြ အောင်ကတော့ လက်ပြထဲမို့ သူတစ်ချက်၊ ငါတစ်ချက်ထိုးသွား ကြတာတဲ့။

ရက်စက်လိုက်ကြတာ။ ဘာပဲဖြစ်ဖြစ် ကျောင်းပြီးသွား လျှင်တော့ ကိုကို့အမှုကို ပြန်အစဖော်ပြီး မေမြတ်နိုး ရေဆုံး၊ မီးဆုံးလိုက်မည်။

ဥပဒေကရော အပြစ်ပေးလိုက်ပြီတဲ့လား။ တစ်ခါတစ်ရံ ငွေရှိသူ၊ ဂုဏ်ရှိသူတို့သည် ဥပဒေကို လက်တစ်လုံးခြားလှည့် စားအနိုင်ယူတတ်ကြပါသည်။

သည်အခါ ကာယကံရှင်ကိုယ်တိုင် ဒဏ်ခတ်ပစ်လိုက် မှာပေါ့။ ဘုရားပေါ်မှာ မငြိမ်းချမ်းသည့်အတွေးများကို ခေတ္တ မေ့ထားလိုက်ပြီး မေမြတ်နိုး ဘုရားရှိခိုးလိုက်သည်။

ထို့နောက် မိမိတတ်နိုင်သမျှလှူဒါန်းပြီး မိဘနှစ်ပါးနှင့် ကိုကို့ကို အမျှဝေလိုက်သည်။



## အခန်း(၈)

တိရစ္ဆာန်ရုံထဲမှာ အပျော်စီးဆိုက်ကားလေးနှင့်ပတ်တော့ လည်း မြတ်နိုးတို့သုံးယောက်အတူတူ။

ကလေးကို အလယ်မှာထားသည်ဆိုသော်လည်း မျောက် ရှုံးအောင်ဆော့သည့်သားကြောင့် ကလေးကိုထိန်းရင်း၊ ဆွဲရင်း မြတ်နိုးမှာ ဦးခိုင်မြအောင်နှင့်လက်ပွန်းတတီး။

သို့သော် ရောဂါအခံတစ်ခုရှိလျှင် နောက်ရောဂါတစ်ခု ထပ်မံမဝင်နိုင်တော့သလို သူမ၏နှလုံးသားထဲမှာလည်း ချစ်သူ မင်းရာဇာကသာ အခန်းပြည့်စိုးမိုးလွှမ်းခြုံနေသဖြင့် မြတ်နိုးမှာ မည်သည့်ခံစားချက်မှဝင်မလာပါချေ။

စပါးကြီးမြွေလို ညို့နေမည့်ဦးခိုင်မြဲအောင်ကိုလည်း ယောင်လို့ပင်လှည့်မကြည့်။ မော့မကြည့်။

ဘယ်လိုကောင်မလေးမျိုးပါလိမ့်။ သူ့အသည်းနှလုံးက သံမဏိနှင့်လုပ်ထားလေသလားဟု အံ့ဩရင်း ဦးခိုင်မြဲအောင် တွန့်နေမိသမျှ မေမြတ်နိုးကတော့ မနေ့ကမှချစ်တံခါးကြီးဖွင့် ဝင်လာခဲ့သည့်ကို့ကို ကျေးဇူးတွေတင်နေမိသည်။

ယခုတော့ ဘာရောဂါမှဝင်လို့မရတော့။ မည်သည့်ဖျား ယောင်းမှုကိုမှ မေမြတ်နိုးဂရုမစိုက်မိတော့ပါလေ။

"ဟော. . ဖေဖေ. . သမင်သေးသေးလေးတစ်ကောင် လောက် သားကိုဝယ်ပေးပါလားဟင်၊ ဟိုမှာ. . ဟိုမှာ. . "

သမင်လေးတွေကိုကြည့်ပြီး သားရွှင်မြူးနေသလို သစ် ကုလားအုတ်လေးတွေတွေ့လိုက်တော့လည်း သူလိုချင်ပြန်သည်။

"လှလိုက်တာဖေဖေရယ်၊ ဟိုသစ်ကုလားအုတ်ပေါက်လေး ငြိမ်နေပုံကို သားသားသဘောကျလိုက်တာ၊ ဆော့လည်းမဆော့ ဘူးနော်၊ သူက မပျော်ဘူးလားဖေဖေ၊ အဲဒါမျိုးလေးတစ်ကောင် လောက်ရရင် သိပ်ကောင်းမှာပဲနော်"





ဆိုက်ကားက နှေးနှေးလေးနင်းလိုက်၊ ဆင်းပြေးကြည့် လိုက်မို့ မြတ်နိုးတို့မှာ တော်တော်နှင့်ခရီးမတွင်။ မကြာမီ ငှက် ကုလားအုတ်တွေကို မြင်ရပြန်သည်။ ဒီတစ်ခါတော့ သားသား မလိုချင်တော့ပါ။

"ဟော. . ဒေါင်းစိမ်းနဲ့ဒေါင်းဖြူ၊ အမြီးဖြန့်လိုက်တော့ ဒေါင်းစိမ်းကလှတယ်နော်"

ကျားရုံ၊ ခြင်္သေ့ရုံတွေရောက်တော့လည်း ဟောထဲမှာ ကျား၊ ခြင်္သေ့လိုမဟုတ်ဘဲ လောကအပေါ် စိတ်အပျက်ကြီးပျက် နေသည့်ရုပ်တွေနှင့် မလှုပ်မယှက်အိပ်နေ၊ ငြိမ်နေသည့်ပုံတွေက အရုပ်ကြီးတွေလို။

"သားသားသနားလိုက်တာဖေဖေရယ်၊ သားသားမှာသာ လုပ်ပိုင်ခွင့်ရှိရင် ဒီကောင်ကြီးတွေကိုလှောင်အိမ်ဖွင့်ပြီး ဘေးမဲ့ လွှတ်ပေးလိုက်ပါတယ်"

"အမယ်လေး. . မလုပ်လိုက်ပါနဲ့သားရယ်၊ သူတို့ကိုသာ ဘေးမဲ့လွှတ်ပေးလိုက်ရရင် လူတွေဒုက္ခရောက်မှာပေါ့သားရဲ့"

"ဒါဖြင့် သူတို့က ဆိုးလို့လှောင်ပိတ်ထားတာလားဟင်၊ ဒါဆို သူတို့ကိုထောင်ချထားတာပေါ့ဟုတ်လားအန်တီ"

"ကြဲကြဲဖန်ဖန်သားရယ်၊ သားတို့လို လုပ်သားပြည်သူတွေ မမြင်ဖူးတဲ့တိရစ္ဆာန်တွေမြင်ဖူးအောင်၊ အပန်းဖြေရအောင် ခေါ်ထားတာပါ။ သူ့သဘာဝအတိုင်းမပျော်ရလို့ မှိုင်နေတာပဲရှိတယ်၊ သူတို့မှာ လူတွေလို စားဝတ်နေရေးဒုက္ခမရှိဘူး၊ အချိန်တန်စား ရတယ်၊ အိပ်ရတယ်၊ မကောင်းဘူးလား"

"ဟုတ်တယ်နော်"

ကလေးက ကလေးအတွေးနှင့်ငြိမ်သက်သွားသော်လည်း ဦးခိုင်မြဲအောင်ကမူ မြတ်နိုးကို ခေါင်းလေးလှုပ်ရင်း စ,နေလေသည်။

"ဒါဆို မြတ်နိုးရော စားဝတ်နေရေးဖူလုံအောင် ဒီတိရစ္ဆာန် ရုံထဲလာနေပါလား၊ လှောင်အိမ်လှလှလေးနဲ့ ထားမယ်လေ၊ အလှဆုံးကောင်မလေးဆိုပြီး ရုံသွင်းပြထားမယ်၊ ဘယ့်နှယ့်လဲ"

သည်လိုပြောလျှင် မြတ်နိုး စိတ်အလွန်ဆိုးသွားရသည်။ ကလေးကိုစိတ်ချမ်းသာအောင်ပြောသည့်စကားအပေါ် သူမို့ တုံ့ပြန်ကလှဲစားချေရက်သည်။

ဦးခိုင်မြဲအောင်ကို စူးစူးဝါးဝါးကြည့်ပြီး နောက်ဘက်သို့





သူမချာကနဲပြေးထွက်ခဲ့လျှင် ဦးခိုင်မြဲအောင်မှာ စိုးရိမ်စိတ်ဖြင့် ပူလောင်သွားသည်။

"မြတ်နိုး. . မြတ်နိုး. . ဦးကစတာပါ၊ မြတ်နိုးကလည်း ကွာ. . ကလေးလေးကျနေတာပဲ"

သူမကိုမီအောင်လိုက်ဖမ်းသဖြင့် ပြန်မိသွားလျှင် နေရာမှာထိုင်ချပြီး မြတ်နိုးမျက်ရည်ကျနေမိသည်။ အလိုမကျတာတွေ အားလုံးပေါင်းပြီး သူမ မျက်ရည်အဖြစ်အရည်ဖျော်ချ နေမိပ၏။ ဦးခိုင်မြဲအောင်ကတော့ သူမအဖြစ်ကိုမသိချေ။

"နောက် ဦးမစတော့ဘူးနော်၊ လာပါကလေးရယ်၊ နောက်မှာ သားသားပြေးလိုက်လာနေပြီ၊ ကလေးက သူ့အမေကိုပြန် ပြောရင် မလိုလားအပ်ဘဲ ပြဿနာတွေတက်ကုန်လိမ့်မယ်"

"ဘာရှင့်. . "

သူ့အပြောကြောင့် မေမြတ်နိုးဆုမှာ စိတ်မပြေသည့်အပြင် ဒေါသတွေပိုပြီးထွက်လာရသည်။ ကြည့်ပါဦး. . . . ကိုယ်ကပဲ ကလေးအမေနောက်ကွယ်မှာ သူနှင့်စုံတွဲခုတ်နေသလိုလို။

"ရှင်. . ရှင်. . ဘာစကားမျိုးပြောလိုက်တာလဲ၊ ပြဿနာ

တက်ရအောင် ရှင်နဲ့ကျွန်မက သမီးရည်းစားမို့လို့လား၊ ကိုယ့်ရဲ့ဘဝကို ကူညီဖေးမနေတဲ့ကျေးဇူးရှင်ဆိုပြီး သားရဲ့မွေးနေ့မှာ အဖော်ရအောင်လိုက်လာခဲ့ရတဲ့ကျွန်မကို ဘာအဓိပ္ပာယ်မျိုးပြောလိုက်တာလဲ တော်ပြီ၊ အပြောလည်းမခံနိုင်ဘူး၊ အထင်လည်း မခံနိုင်ဘူး၊ ဒီနေ့ ကျွန်မ အားနာလို့လိုက်လာမိတာ လုံးဝမှားသွားပြီ၊ ဒီလောက်လိုက်လျှောခဲ့ရင်တော်ပါတော့၊ ကျွန်မ,မပါလည်း ရှင်တို့သားအဖပျော်ပါတယ်၊ ကဲ. . ကျွန်မကို ထပ်ပြီးမနှိပ်စက်ပါနဲ့တော့၊ ကျွန်မ အဆောင်ကိုပြန်ပါရစေ"

မျက်ရည်များကိုတန့်ကနဲရပ်ပစ်ပြီး မေမြတ်နိုးဆုတည်ကြည်စွာထရပ်လျှင် ဦးခိုင်မြဲအောင် အလွန်ထိတ်လန့်သွား၏။

"မြတ်နိုး. ."

"ရှင်. . ဖယ်နေစမ်း၊ ကျွန်မအာ့ပေါ် ဒီလောက်အနိုင်မကျင့်ပါနဲ့၊ ရှင်ကူညီနေတဲ့ငွေကိုလည်း ရပ်ပစ်လိုက်၊ ကျွန်မဘာသာ ကူလီထမ်းပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းမယ်၊ လျှောင်အိမ်နဲ့ထည့်ပြီး တောင်ပံရိုက်ချိုးခံရတဲ့ဘဝကနေလွတ်အောင် ရုန်းထွက်မယ်"

"မြတ်နိုး. ."

သူမ၏စကားလုံးတွေက ကြောက်မက်ဖွယ်ကောင်းအောင်





ပြင်းထန်နေလျှင် ဦးခိုင်မြဲအောင်ထိတ်လန့်သွားရ၏။ ဘာပဲဖြစ်ဖြစ် သူကလေးကိုတော့ ဘဝမှာ ပရမ်းပတာမဖြစ်စေလို။

"ရှင်ကျန်ခဲ့တော့၊ ကျွန်မသွားပြီ"

ခပ်တည်တည်ပင် ခေါင်းကိုမော့ပြီး မေမြတ်နိုးဆုထွက်ခဲ့လျှင် ဦးခိုင်မြဲအောင် အံ့အားသင့်စွာကျန်ခဲ့သည်။ သူမက ခေါင်းမာသူမို့ ချက်ချင်းလိုက်ပြီးဖြေရှင်းနေလျှင် ပိုမိုရှုပ်ပျက်လိမ့်မည်။ နောက်မှ အေးဆေးစွာရှင်းပြရမည်။

ထိုစဉ် သူ့အနားသို့ သားနှင့်ဆိုက်ကားရောက်လာသဖြင့် ဦးခိုင်မြဲအောင် ဆိုက်ကားပေါ်သို့တက်လိုက်ရပါသည်။

စိုင်းထီးဆိုင်ရဲ့သီချင်းလိုပါပဲ။ သူဟာ မိန်းမနဲ့ပတ်သက်လာရင် အမြဲပဲကံဆိုးလေသလား။ သူကလေးကိုကလည်း အကဲဆတ်လွန်းလှပါသည်။ အများမိန်းကလေးတွေလို ညာခွဲပြီးလည်း မစားတတ်။

ပဲပြားပင်လိုမကျင့်ဘဲ သစ်ပင်ကြီးလိုကျင့်တဲ့ကောင်မလေးကို ခိုင်မြဲအောင် သံယောဇဉ်တင်းမိတာမှားသလား။

# အခန်း(၉)

မေမြတ်နိုးဆု အဆောင်သို့ပြန်ရောက်လျှင် နေ့လည်နှစ်နာရီပင်ရှိပေပြီ။ တစ်နေ့လုံးလျှောက်သွားနေရသည်ကြောင့် ပင်ပန်းတာရော၊ စိတ်အလိုမကျတာရောကြောင့် အဆောင်သို့ရောက်လျှင်ရောက်ချင်း ကိုယ့်အခန်းထဲမှာကိုယ်ပစ်လှဲဖို့ မြတ်နိုးပြင်လိုက်သည်။

သို့သော် သူမ၏အခန်းထဲသို့ အောက်ထပ်မှ ရွှန်းလဲ့ဝေ ဝင်လာသဖြင့် မြတ်နိုး ကုတင်ပေါ်မှထထိုင်ရပြန်သည်။

"ဆို. . ရွှန်းလဲ့. ."

"ယူ့ကိစ္စပါ၊ မနက်က ယူထွက်သွားပြီးတာနဲ့ နောက်တစ်ယောက်ရောက်လာတယ်"





"ဟင်. ."

ရွှန်းလဲ့ဝေ၏စကားကိုကြားရလျှင် မေမြတ်နိုးဆု၏ပင်ပန်းနွမ်းနယ်နေသည့်စိတ်တွေ ထိတ်လန့်နိုးကြားသွား၏။

"ယူ့ကိုမေးတော့ ဦးခိုင်မြအောင်နဲ့ပါသွားတဲ့အကြောင်း ပြောလိုက်တယ်လေ၊ သူကတောင် ဘာတော်သလဲ၊ အဲဒီလူ ဘယ်မှာနေသလဲ၊ ဘာလဲတွေလျှောက်မေးနေသေးတယ်၊ ကိုယ်လည်း မသိဘူးလို့ပဲပြောလိုက်တယ်၊ သိမှမသိတာပဲဥစ္စာ၊ အဲဒါ ယူပြန်လာရင် ဖုန်းဆက်ပါဆိုပြီး သူ့ဟမ်းဖုန်းနံပါတ်ပေးသွားတယ်"

ကတ်ပြားလေးတစ်ခုကိုပေးပြီး ရွှန်းလဲ့ဝေပြန်ထွက်သွားသော် မေမြတ်နိုးဆု အခန်းတံခါးကိုပိတ်လိုက်သည်။

"ကို. ."

စလယ်ဝင် ဖင်မမည်းခင်ထဲက ကွဲတော့မှာလားကိုရယ်။ ဖြစ်သန့်ရှင်းပါတယ်လို့ မြတ်နိုးကိုထင်ပါဦးမလား။

ကတ်ပြားလေးကို ရင်ဘတ်ပေါ်တင်ရင်း မြတ်နိုးမျက်ရည်

စီးကျနေမိစဉ် သူမ၏အခန်းတံခါးကို လက်ဖြင့်ပုတ်ပြီး ခေါ်သံ ကြားလိုက်ရပြန်သည်။

"မြတ်နိုးရေ. . ဧည့်သည်. ."

လာပြန်ပြီ။ ဘယ်သူလဲ။ ဦးခိုင်မြအောင်များ ချော့ရအော လိုက်လာလေသလား။ ပင်လယ်ကို လရောင်အသေကြီးနဲ့တော့ လာမမျှားနဲ့။ လုံးဝစိတ်မပါဘူး။

သို့သော် မင်းရာဇာများဖြစ်နေမလားဟူသောမျှော်လင့် ချက်ကလည်း ခပ်ပါးပါး။ အခန်းတံခါးကိုဖွင့်ပြီး မေးမည့်ဟ ပြင်သော်လည်း လာသတင်းပေးသူက အောက်သို့ပြန်ဆင်းသွ ချေပြီ။

တစ်မနက်လုံး ဝတ်ဆင်ထားသည့်ဝတ်စုံကိုချွတ်ပြီး ပေ ပေါ့ပါးပါးဂါဝန်အပြာကွက်လေးကိုသာ ဝတ်ဆင်လိုက်သည်။

နောက် ဆံပင်ကိုလည်း ခေါင်းပေါ်မှာဝွဲဆံညှပ်ဖြင့် သ တောင့်သက်သာညှပ်တင်လိုက်သည်။ ဘာမှပြင်ဆင်မနေတော့ ဖြစ်သလိုပဲ။ အောက်မှဧည့်သည်ဟာ ဘယ်သူမှန်းမှမသိတာ ချောင်းကြည့်လို့လည်းမရ။





တွန့်ဆုတ်၊ တွန့်ဆုတ်နှင့် မေမြတ်နိုးဆု အောက်ထပ်သို့ ဆင်းလာခဲ့လျှင် ဧည့်ခန်းမှာ အသင့်စောင့်နေသည့်မင်းရာဇာ၏ ဂျစ်ကန်ကန်ရုပ်ကို သူမ ဝမ်းမြောက်စွာတွေ့လိုက်ရသည်။

"ကို. ."

အသံတိုးတိုးလေးရွတ်ကြည့်ပြီး နေရာမှာတင် မြတ်နိုးရပ် တန့်နေမိလျှင် မင်းရာဇာက သူမအနားသို့ ခပ်ဖြည်းဖြည်းလျှောက် လာသည်။

သူမမှာ ငိုချက်လျက်လက်တို့။ ကလေးလေးသဖွယ် မျက် ရည်များခပ်ပါးပါးစီးကျလာလျှင် မင်းရာဇာက သူမကို ကြင်နာ စွာဆွဲခေါ်သွားသည်။

"သွားစို့. . ကို့မွေးနေ့မကျော်သေးဘူး၊ မွေးနေ့လက်ဆောင် လည်း ပေးရဦးမယ်လေ"

သူ့ကားလေးဆီ မြတ်နိုးကိုဆွဲခေါ်သွားလျှင် သူမ ပေ ကတ်ကတ်လုပ်နေမိ၏။ မြတ်နိုးစိတ်ထဲမှာ မသန့်။ အဆောင်မှ လူတွေက ဘယ်လိုထင်ကြမလဲ။ မနက်တစ်ယောက်၊ ညတစ် ယောက်တွဲထွက်နေတယ်လို့များ ထင်မလား။

ပြီး သူမဝတ်ဆင်ထားတာ မဖွယ်မရာ။ အဆောင်နေရင်းပုံစံ။ ခေါင်းကအစ ရှုပ်ရှုပ်ပွပွ။ နောက်ပြီး ပိုက်ဆံလည်း တစ်ပြားမှမပါ။

သူကလည်း ဇွတ်တရွတ်။ ကားတံခါးကိုဖွင့်ပြီး မြတ်နိုးကို ပစ်ထည့်လိုက်ပုံက ပစ္စည်းခိုးသည့်သူခိုးနှယ်။

သူလည်း တစ်ဖက်မှ ကားတံခါးဖွင့်ကာတက်လိုက်ပြီး ကားလေးက လျှောကနဲထွက်လေတော့သည်။

"ဖြစ်သလိုကြီးကိုရယ်၊ မွေးနေ့လက်ဆောင်ဝယ်ပေးဖို့က အစ ပိုက်ဆံမပါလာဘူး။ မြတ်နိုးပုံစံကလည်း စုတ်ပြတ်နေတဲ့ ဥစ္စာ. . "

ခိုမလေးလို သူမညည်းညူသော်လည်း မင်းရာဇာက ဘာမှမဖြစ်သည့်ဟန်။ သူ့ကို မြတ်နိုးခိုးကြည့်မိပြန်သည်။ ကိုရုပ်က တည်တည်တံ့တံ့မို့ သူ စိတ်ခုနေသလား၊ စိတ်ပုံမှန်ပဲလားဆိုတာ တောင် မြတ်နိုးမသိရပါ။

သြော်. . မနက်ကတော့ ဘာကိုမှဂရုမစိုက်မိလေသမျှ





ယခုကျ မြတ်နိုးမှာ အသေးစိတ်ကြောက်လန့်ဂရုစိုက်နေမိတော့ သည်။

ကိုယ်က သူ့ကိုချစ်တာကိုးနော်။ သူ့ကိုသိပ်ချစ်မိတာနှင့် အမျှ စိုးရိမ်သောကက တိုက်ရိုက်အချိုးညီနေတော့၏။

"ကို. . ဘယ်ကိုသွားမှာလဲဟင်"

သူက ဘာစကားတစ်ခွန်းမှမပြောဘဲ ကားကိုသာဂရုစိုက်မောင်းနှင်နေလျှင် မြတ်နိုး ထိတ်လန့်လာပြီ။

"စိတ်ချ. . မင်းကို ဘာမှမလုပ်ဘူး၊ မှတ်ထား. . မင်းဘဝမှာ ငါ့ကြောင့် ဘယ်တော့မှဒုက္ခမရောက်စေရဘူး"

သူက မင်းတွေ၊ ငါတွေနှင့်ရင့်သီးနေလေလျှင် မြတ်နိုးအားငယ်ရပြန်သည်။ တစ်သက်လုံးက ခေါင်းမာ၊ ပေကတ်၊ သတ္တိတွေရှိနေမိသည့်သူမဟာ အချစ်ကြောင့် သတ္တိတွေနည်းပါးသွားပြီလား။

ကိုယ်က အပြစ်ရှိသလိုဖြစ်နေသည်မို့ မေမြတ်နိုးဆု သူ့ကိုဘာတစ်ခွန်းမျှ စကားခွန်းတုံ့မပြန်ရဲတော့ဘဲ ငြိမ်သက်စွာ လိုက်ပါခဲ့ရပါသည်။

သူ့ကားလေး အင်လျားရေစပ်သို့ ဦးတည်ဝင်သွားတော့မှ မြတ်နိုး သက်ပြင်းကိုတိတ်တခိုးချလိုက်လျှင် မင်းရာဇာကြားဖြစ်အောင်ကြားလိုက်သည်။

သူ့အပြုံးက မခိုးမခန့်။

အလို့ . ဘုရားရေ့ . သူတို့ယောက်ျားတွေဟာ မိန်းကလေးတစ်ယောက်ရဲ့အသည်းနှလုံးကို အပိုင်စီးမိသွားပြီဆိုတာနှင့် မာရေ ကျောရေဖြစ်သွားသတဲ့လား။

ဒါကြောင့်လည်း မရခင် ဖျာလိုလိပ်၊ ထိပ်ပေါ်တင်၊ ရသွားတော့ ဖျာလိုခင်း၊ နင်းတတ်သရှင်လို့ သီချင်းတွေထဲမှာ ဆိုခဲ့တာပဲ။

မင်းရာဇာက မြတ်နိုး၏မျက်နှာကို လက်တစ်ဖက်ဖြင့်ဆွဲမော့ပြီး တည်တည်တင်းတင်းကြီးကြည့်၏။

"ဘာလဲ . . မင်းကို ငါဘယ်တွေခေါ်သွားမယ်ထင်လို့လဲ၊ စိတ်ချ . . ဘယ်တော့မှ တည်းခိုခန်းတွေ၊ ဟိုတယ်တွေခေါ်မသွားဘူး၊ အဲဒီလိုခေါ်သွားမယ့်ယောကျ်ားမျိုးမဟုတ်ဘူး"

တစ်ယောက်ထဲ သူပေါက်ကွဲနေလျှင် မေမြတ်နိုး နားလည်





မှုတွေပေးနေမိသည်။ သူပြောထားခဲ့သည့်ကြားက၊ သူနှင့်ချိန်းဆိုထားသည့်ကြားက မြတ်နိုး ဦးခိုင်မြဲအောင်ရဲ့နောက်သို့ လိုက်သွားမိခဲ့သည်မဟုတ်ပါလား။

သည်ကြားထဲ သူမနှင့်ဦးခိုင်မြဲအောင်ဟာ ဘာမှသွေးသားမတော်စပ်။ သူမကိုထောက်ပံ့နေသူ။ သန့်ရှင်းစင်ကြယ်တယ်လို့လည်း ပြောလို့မရ။ ဦးခိုင်မြဲအောင်ဟာ မြတ်နိုးအပေါ် အမြဲမျှော်လင့်နေခဲ့သည်ပဲမဟုတ်ပါလား။

ချစ်သူရှေ့မှာ၊ ကမ္ဘာလောကရဲ့ရှေ့မှာ ခေါင်းမော့ရင်ကော့ ပစ်နိုင်ဖို့အတွက် မြတ်နိုး အရာအားလုံးကို စွန့်ပစ်လိုက်ချင်ပါသည်။

တဲတဲလေးသာကျန်တော့သည့် ဘွဲ့တစ်ခုအတွက် သူမမျက်နှာငယ်နေရတာလား။ သူကမ်းလာသည့်လက်ကို သူမ မဝံ့မရဲတွဲရင်း ရေစပ်မှသစ်ပင်ရိပ်တွင် ထိုင်ရမြန်သည်။

သူကမ်းလင့်သည့်အအေးပုလင်းကို သူ့အလိုကျ ပိုက်နှင့်စုပ်နေရပေမယ့်လည်း မြတ်နိုး၏ရင်မှာ အဆမတန်ပူလောင်နေမိသည်။

ရင်ထဲမှာပူလွန်းရသည့်အခါ မျက်ဝန်းမှာမျက်ရည်ခိုးတွေဝေ့နေပြီး မြတ်နိုး မိမိကိုယ်ကိုတရားချနေရပြန်သည်။

ငါ ဘာလို့ဒီလောက်တောင်ရင်ပူနေရတာလဲ။ ချစ်သူစွန့်ပစ်သွားမှာစိုးလို့လား။ သူ့အပြစ်တင်သံတွေ မကြားရဲလို့လား။ သူ့မေးခွန်းတွေကို မဖြေနိုင်မှာစိုးလို့လား။

နောက်ဆုံးအဖြေက ဘာတွေဖြစ်လာမှာလဲ။ ချစ်သူ သူမကိုစိတ်ဆိုးသွားမှာနှင့် သူမကိုစွန့်ပစ်သွားမှာဟာ နောက်ဆုံးအဖြေပေါ့။

ဘာပဲဖြစ်ဖြစ် အမှန်ဆုံးနှင့်အကောင်းဆုံးအဖြေကိုပေးမည်။ သည်ကြားထဲကမှ ချစ်သူ သူမအပေါ် နားလည်မှုမပေးနိုင်ဘူးဆိုလျှင် သူမရင်ကွဲရုံပေါ့။

မျက်ဝန်းကိုမှိတ်လိုက်လျှင် မြတ်နိုး၏မျက်ရည်များ ပါးပြင်နုနုပေါ် သို့ ခပ်ပါးပါးစီးကျလာသည်။ ပြောတော့လွယ်လိုက်တာ။ မြတ်နိုးမှာ တရားရှင် အရင့်အမာကြီးမဟုတ်သည်မို့ ချစ်သူနှင့်ကွဲဖို့၊ ခွဲခွာဖို့တွေးမိတာနှင့် ရင်ထဲမှာ မခံစားနိုင်အောင်ပင်ပူလောင်ကြေကွဲရပါသည်။





"မြတ်နိုး. . "

သူမ၏ကိုယ်လေးကိုဆွဲပွေ့ပြီး မင်းရာဇာခံစားနေရလျှင်သူမ မျက်ရည်ပိုမိုကျမိသည်။

"မငိုပါနဲ့မြတ်နိုးရယ်၊ ကို အပြစ်မတင်တော့ဘူးနော်၊ ဒါပေမယ့် ကို့ရင်ထဲကပဟေဠိတွေ၊ ပဋိပက္ခတွေကိုတော့ မြတ်နိုးရှင်းပေးပါဦး၊ ခိုင်မြဲအောင်ဆိုတာ ဘယ်သူလဲ"

မင်းရာဇာ၏မေးခွန်းသံက မာကျောလှလျှင် မြတ်နိုးထိတ်လန့်ရပါ၏။ သို့သော် သူမ အားတင်းရပါသည်။ ယခုထိသူမမှန်နေသေးတာပဲမဟုတ်လား။ ယခုထိ သူမ ဖြူစင်နေသေးတာပဲမဟုတ်လား။

"ဦးခိုင်မြဲအောင်ဟာ ကိုကို့ရဲ့ကားပိုင်ရှင်ပါ၊ ကိုကိုတစ်ညမှာ ကားထွက်မောင်းရင်း သူဌေးသားအုပ်စုနှစ်စုရဲ့ရန်ပွဲမှာ ဝင်ပြီးခားစာခံအဖြစ် သေဆုံးသွားတော့ သူက ကျောင်းမပြီးသေးတဲ့မြတ်နိုးကိုသနားလို့ ကျောင်းပြီးအောင်ဆက်ထားပေးခဲ့တယ်"

"ယုတ္တိမရှိဘူး"

မင်းရာဇာ၏မျက်နှာက အဆမတန်ပျက်ယွင်းနေခဲ့တာ မြတ်နိုးအတွက် စိတ်ပူလွန်းလို့လား။

"မြတ်နိုးရဲ့အဖြစ်က ယုတ္တိမရှိဘူး၊ ဒီထက်ကောင်းတဲ့ ဆင်ခြေပေးဦး၊ ဦးခိုင်မြဲအောင်ဟာ အသားစားတတ်တဲ့ကျား၊ သတ်သတ်လွတ်စားတဲ့ကျားမဟုတ်ဘူး၊ မြက်စားနေမယ့်ကျား မဟုတ်ဘူး"

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မင်းရာဇာ၏မျက်နှာနီရဲနေလျှင် မြတ်နိုးကြောက်ရွံ့ရပါသည်။ ချစ်သူ သူ့ကိုမုန်းတော့မှာလား။

"ဒါပေမယ့် သူ မြတ်နိုးကို ဘာအခွင့်အရေးမှမယူပါဘူး ကို၊ အဆောင်ကို တစ်ပတ်တစ်ခါလောက်လာပြီး မြတ်နိုးလိုအပ်တာဖြည့်ဆည်းပေးတယ်၊ တစ်လကို ငွေတစ်သိန်းပေးတယ်၊ သူပေးတာကို မြတ်နိုးအလကားမယူပါဘူး၊ ချေးတယ်လို့သဘောထားပြီး စာရင်းမှတ်ထားပါတယ်၊ နောက် တစ်နေ့နေ့မှာ ပြန်ဆပ်မှာပါ"

"ဟား. . ဟား. . ဟား. ."





မြတ်နိုးရှင်းပြနေသည့်စကားအဆုံးတွင် မင်းရာဇာ အားပါးတရရယ်မောလိုက်လျှင် သူမမှာ ကြောင်ကြောင်လေးငေးကြည့်နေမိ၏။ မြတ်နိုး၏မျက်နှာလေး အဆမတန်ပျက်ယွင်းနေသည်ကိုလည်း သူ ငုံ့မကြည့်ခဲ့ပါချေ။

"အေး. . ဆပ်ရမှာပဲ၊ မင်း သူ့အကြွေးတွေကို မကြာခင်ပြန်ဆပ်ရလိမ့်မယ်၊ ခန္ဓာကိုယ်နဲ့ဆပ်ရမလား၊ ဂုဏ်သိက္ခာနဲ့ဆပ်ရမလား၊ တစ်ခုခုပဲ"

"အို. . ကို. ."

"မအိုနဲ့လေ၊ မြတ်နိုးရယ်. . မင်းဟာ သူငယ်နှပ်စားလေးလည်းမဟုတ်ပါဘူး၊ နက်ဖြန်၊ သဘက်ခါဘွဲ့ရတော့မယ့်မိန်းကလေးတစ်ယောက်ပါ၊ ကျားတစ်ကောင်က သမင်ကို သနားတယ်ဆိုတဲ့ပုံပြင်ကို မင်းယုံနေသလား၊ မင်းစိတ်ထဲမှာ နည်းနည်းမှသံသယတွေမဖြစ်ထွန်းဘူးလား"

မင်းရာဇာ၏မေးခွန်းကို သူမ မဖြေနိုင်ပါ။ တကယ်လည်း ဦးခိုင်မြဲအောင်ကို သူမ သံသယရှိနေခဲ့တာပဲမဟုတ်လား။ သံသယရှိနေသည့်အတိုင်းလည်း ဖြစ်လာတော့မှာမဟုတ်လား။

မင်းရာဇာက မြတ်နိုးကို ပစ်ပစ်ခါခါဆက်ပြောနေပြန်သည်။

"မင်းဟာ ဆင်သေကောင်ပေါ် စီးနင်းလိုက်ပါနေတဲ့ကျီးမိုက်လိုပဲ၊ တဖြည်းဖြည်းနဲ့ ပယ်လယ်ထဲရောက်နေပြီ၊ စုန်းစုန်းမြုပ်သွားမှ နောင်တရလိမ့်မယ်"

သူမ၏အနားမှထရပ်ပြီး မင်းရာဇာ ကျောခိုင်းပြောနေလျှင် မြတ်နိုးမခံစားနိုင်တော့ပါ။ အသည်းဆတ်ဆတ်ခါနာရပြီ။

ကြေကွဲစွာမျက်ရည်ကျရင်း သူ့ကိုနာကျည်းမိတော့သည်။

"ကျွန်မကို အဲဒီလောက်ကျိန်စာမတိုက်ပါနဲ့၊ မရှုတ်ချပါနဲ့ဦးမင်းရာဇာ၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်သေးပါဘူး၊ မနေ့ကမှ ချစ်သူဖြစ်တယ်၊ ချစ်သူဆိုတာနဲ့ ကျွန်မတစ်ဘဝလုံးကိုပိုင်ဆိုင်သေးတာမဟုတ်ဘူး၊ ရှင် ဒီလောက်ထိ ကျွန်မကိုအထင်သေးစရာမလိုဘူး၊ ပြောစရာမလိုဘူး"

"မဟုတ်ဘူးမြတ်နိုး၊ ကိုယ်က မင်းကိုစိုးရိမ်လို့ပြောတာ၊ မင်းမသိတတ်လို့ ပြောနေတာ"

"မလိုဘူး၊ ကျွန်မနေရာမှာ ရှင်ဆိုရင်ရော ဘယ်လိုလုပ်





မလဲ၊ လူဆိုတာ ကိုယ်ချင်းစာနာတတ်ရတယ်၊ ကိုယ်က မြေကြီးကိုမနင်းဖူးတဲ့ ရွှေဘုံပေါ်ကလူဖြစ်တိုင်း မြေကြီးပေါ်ကလူကို မစော်ကားရဘူး၊ ကျွန်မမှာ ကိုယ်ပိုင်အသိရှိတယ်၊ ဒီလိုပဲ ဘဝမှာကဲကဲဆတ်ခွင့်မရသေးလို့ အလိုက်သင့်ရေစုန်မျှောနေရတာ၊ လှေကြုံစီးနေရတာ. . "

"အေး. . အဲဒီလိုရေစုန်မျှောရင်း၊ လှေကြုံစီးရင်းနဲ့ မင်းဘဝနစ်မွန်းသွားမှာစိုးလို့ ကိုယ်ပြောနေတာ"

"မပြောနဲ့၊ ကျွန်မသိတယ်၊ ကျွန်မ ကိုယ်တက်နေတဲ့ဘွဲ့လေးကိုမက်မောနေမိတဲ့အတွက် ရှင့်အပြောကိုခံနေရတာ၊ လူတွေရဲ့အပြောကိုခံနေရတာ၊ ခုချိန်ကစပြီး ကျွန်မဘာလုပ်သင့်သလဲဆိုတာ ကျွန်မသဘောပေါက်သွားပြီ၊ ရှင်ကျန်ခဲ့တော့. . "

ဆတ်ကနဲထရပ်ပြီး သူ့အနားမှ မြတ်နိုးပြေးထွက်သွားလျှင် မင်းရာဇာ ခြေလှမ်းကျဲကြီးဖြင့်လိုက်ဖမ်းရပါသည်။

သူ မြတ်နိုးကို ပြေးမထွက်နိုင်အောင် သိမ်းကြုံးပြီးဖက်ထားမိ၏။

"မင်း ငါ့ကိုအထင်မလွဲနဲ့မြတ်နိုး၊ အစကတည်းက မင်း

ဘဝကို ကူဖို့၊ ကယ်ဖို့ ငါရောက်လာတာ၊ မင်း ဦးခိုင်မြဲအောင် အားမကိုးပါနဲ့၊ ငါ့ကိုပဲအားကိုးပါ”

မြတ်နိုးက ရှန်းကန်ထုရိုက်နေသည်မို့ မလွတ်အောင်ကြုံး ဖက်ထားရင်းမှ စိတ်ခံစားမှုကြောင့် မင်းရာဇာအလွန်မောဟိုက်နေသည်။

“အားမကိုးဘူး၊ ကျွန်မ ဘယ်သူ့ကိုမှအားမကိုးဘူး၊ ဘယ်ယောကျ်ားကိုမှ မယုံတော့ဘူး၊ ရှင်တို့အားလုံး အသားစားချင်နေတဲ့ကျားတွေကြီးပဲ၊ ဟန်ဆောင်နေတာနဲ့ ဟန်မဆောင်တာပဲ ကွာမယ်၊ ဖယ်. . ရှင် ကျွန်မကိုလွှတ်၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး”

ပြောသော်လည်း သူက မြတ်နိုးကို လွှတ်မပေးပါ။ သူ့ခွန်အားဗလကြီးဖြင့် သူမကိုဖက်ထွေးချုပ်နှောင်ထားသည်။

ယောကျ်ားခွန်အားဆိုတာ ဒါမျိုးလား။ ဘုရားရေ. . ဦးခိုင်မြဲအောင် သူမကိုအကြမ်းဖက်လာလျှင်လည်း သူမခုခံနိုင်မည်မထင်။

“ဘာလို့မဆိုင်ရမှာလဲမြတ်နိုးရယ်၊ ကိုတို့နှစ်ယောက်





နေ့ကတင် အသည်းချင်းဖလှယ်ပြီးကြပြီလေ၊ တို့အချစ်တွေ တမ္ဘာတည်သရွေ့ ခိုင်မြဲရမယ်”

“အပိုတွေလာပြောမနေနဲ့၊ ကဗျာဆန်ဆန်တွေလာပြောမနေနဲ့၊ ကျွန်မမှာ ဘာသံယောဇဉ်မှမရှိတော့ဘူး၊ ကျွန်မ ဘာကိုမှမမက်မောတော့ဘူး၊ အရာအားလုံးကို စွန့်လွှတ်လိုက်ပြီ၊ ဖယ်. . ရှင်ဖယ်. . ဘာလဲ. . ကျွန်မကို. . ”

“တော်. . တော်ပါတော့မြတ်နိုးရယ်၊ မဟုတ်တရုတ်တွေ မပြောပါနဲ့တော့၊ မင်းမောနေပြီအချစ်ရယ်၊ မင်း ကိုယ့်ကိုလက်ထပ်နော်၊ ပြီးမှ မပြီးဆုံးသေးတဲ့ တို့ရဲ့ပညာရေးခရီးကိုဆက်မယ်၊ နောက် ဦးခိုင်မြဲအောင်ရဲ့အကြွေးတွေကို ပြန်ဆပ်ကြမယ်”

“မရဘူး၊ လုံးဝမဖြစ်ဘူး၊ ကျွန်မ ခုချိန်ကစပြီး ရေဆန်လဆန်ကိုလှော်ခတ်မယ်၊ ဘယ်တော့မှ ရေသာခိုပြီးလှေကြုံစီးတော့ဘူး၊ ဘယ်တော့မှ အလွယ်လမ်းမလိုက်တော့ဘူး”

သူမက ယခုထိရှန်းကန်လျက်။ မင်းရာဇာကလည်း တင်းကျပ်စွာပွေ့ဖက်ချုပ်နှောင်လျက်။

"ချစ်သူချင်း မာနမထားပါနဲ့အချစ်ရယ်၊ ကိုယ့်ဘဝဝဲနဲ
မွန်းတတ်ပါတယ်၊ တို့နှစ်ယောက်အတူ ဘဝကိုရင်ဆိုင်ကြမယ်
နော်"

သူမမှာ မောဟိုက်လွန်းသဖြင့် အားတွေပျော့သွားပြ
ခေတ္တငြိမ်သက်နေမိလျှင် သူက မြတ်နိုး၏နီနီအမ်းအမ်းနှုတ်ခမ်
လေးကို ညင်သာစွာ စုပ်ယူနမ်းရှိုက်လိုက်သည်။

မြတ်နိုး၏မျက်ဝန်းများမေးမှိတ်သွားလျှင် သူက ကျေနပ်
ကြည်ဖြူလို့ဟု မှတ်ယူသွားပေမည်။

သို့သော် သူမ၏မျက်ဝန်းမှမျက်ရည်များ အဆက်မပြတ်
စီးကျလာခဲ့သည်မှာ နာကျည်းလွန်းလို့ပင်။ ယောကျ်ားတ
မိန်းမသားများကိုချစ်တယ်ဆိုတာ ဒီလိုယစ်မူးဖို့မဟုတ်လား

တရားဝင်ချစ်ခွင့်ရဖို့ ပါမစ်ယူကြတာမဟုတ်လား။

အတွေးကရက်စက်သော်လည်း သူမ၏အထင်တွေခိုင်
အောင်ပင် သူက အချစ်တွေပိုကြမ်းလာ၏။ ဘယ်ရမလဲ။ တခ
အမောဖြေလိုက်ရသဖြင့် အားတွေပြန်ပြည့်လာသည့်မြတ်နိ





သည် သူမကိုညင်သာစွာဖက်ထားသည့်မင်းရာဇာ၏ရင်ခွင်မှ
ဆတ်ကနဲရုန်းထွက်ထရပ်ပစ်လိုက်သည်။

"မြတ်နိုး, . "

အသံပင်မထွက်နိုင်ဘဲ နှုတ်ခမ်းလှုပ်ရုံမျှခေါ်ပြီး သူအံ့ဩ
နေလျှင် မြတ်နိုးသူ့ကိုကျောခိုင်းလိုက်သည်။

"ကျွန်မ ဘယ်သူ့ကိုမှမယုံတော့ဘူး၊ ဘယ်ဆင်သေကောင်
ပေါ်ကိုမှ ကျွန်မလိုက်မစီးတော့ဘူး၊ မနေ့ကအချစ်တွေ ဒီကနေ့
ကျွန်မပြန်ရုပ်သိမ်းလိုက်ပါတယ်"

သူမ သူ့အနားမှစတင်ထွက်လာလျှင် မင်းရာဇာ၏ပုံစံက
အရှုံးမီးဝိုင်း။ မျက်ရည်များကို လွှင့်စင်သွားအောင်ခါထုတ်ရင်း
သူမ နာကျည်းစွာပြုံးလိုက်မိသည်။

ရွှေမင်းသားရေ. .

ပုံပြင်တွေလာပြောမနေပါနဲ့။ ရှင်လည်း မစွန့်စားဝံ့ပါဘူး။
ရှင့်လို ရွှေဘုံပေါ်ကမင်းသားတစ်ယောက်က လမ်းဘေးက
မိန်းကလေးတစ်ယောက်ကို လွယ်လွယ်နဲ့လက်ထပ်လို့မရပါဘူး။

ရှင့်မှာ မိဘအသိုင်းအဝိုင်း၊ ဂုဏ်ပကာသနအသိုင်းအဝိုင်းတွေ ရှိတာပဲ။

ရှေးရှေးတုန်းကဇာတ်လမ်းတွေလိုပဲ နောက်ဆုံးမှာ ရှင့်မေမေကနှလုံးရောဂါဖြစ်၊ ရှင်က ကျွန်မကိုပစ်သွား။ ကံကောင်းရင် ကျွန်မ ဒုက္ခအများကြီးရောက်သွားနိုင်သေးတယ်။

ရွှေမင်းသားရေ . .

အချစ်ကိုအချစ်အတိုင်း ထားတာပဲကောင်းပါတယ်။ အချစ်ကို ဘာနဲ့မှမရောယှက်ပါနဲ့။ ဘာနဲ့မှအရောင်းဆိုးမပစ်ပါနဲ့။

အခု ကျွန်မ ဘယ်ဆင်သေအပေါ်မှ စီးမလိုက်တော့ဘူး။



## အခန်း(၁၀)

အကောင်းဆုံးကတော့ ဒီအဆောင်ကနေပြောင်းပြေးဖို့ပါပဲ။ သို့သော် မေမြတ်နိုးဆုမှာ ချောမောလှပနုငယ်သည့်မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် စိတ်သွားတိုင်းကိုယ်ပါလို့မဖြစ်နိုင်ပေ။

တော်ကြာ ဆင်သေပေါ်စီးသွားသည့်အဖြစ်ထက် ပိုဆိုးသွားလိမ့်မည်။ မိန်းမသားဘဝဆိုတာ အစားမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်းဘဝပါ။

အဖက်ဖက်မှ အကျမနာအောင်စီစဉ်နိုင်ပါမှ တော်ကာကျပေလိမ့်မည်။ ရုပ်ရှင်တွေထဲကလို မင်းသမီးက ထွက်ပြေးလို့ မင်းသားကလိုက်ကယ်နေမှာလည်းမဟုတ်။

လောကကြီးထဲမှာ မင်းသားတွေချည်းပြည့်နှက်နေသည် မဟုတ်။ ပြည့်ချင်းပြည့်လျှင် မင်းသားခေါင်းဆောင်းထားသည့် ဘီလူးတွေပဲပြည့်နှက်နေလိမ့်မည်။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို စိတ်လိုက်မာန်ပါ၊ ဇွတ်တရွတ်တွေလုပ်ပြီး သူမထွက်ပြေးလို့မရ။

အရိုးရော၊ အသားပါဝါးစားမည့်ဘီလူးတွေက နေရာတိုင်းမှာရှိသည်။ သူမလို နုနုနယ်နယ်၊ လှလှပပ၊ ပြည့်ပြည့်ဖြိုးဖြိုး ကောင်မလေးမျိုးဟာ ဘီလူးကြိုက်တဲ့အစာ။

သည်တော့ သူမတတ်နိုင်တာ ကိုယ့်ဘဝကိုယ် အကောင်းဆုံးဖြစ်အောင် ကြိုးစားတည်ဆောက်ဖို့ပါပဲ။ လောလောဆယ် သူမ မည်သူ့ကိုမှမတွေ့ချင်တော့ပါ။ ဦးခိုင်မြအောင်ကိုလည်း မတွေ့ချင်။ မင်းရာဇာကိုလည်းမတွေ့ချင်ပါ။

လူဆိုတာ သနားရလွန်းအားကြီးလျှင် အထင်သေးတတ်သတဲ့။ သူမဟာ သနားစရာ၊ ခြေမပါ၊ လက်မပါသတ္တဝါမလေးမို့ ဦးခိုင်မြအောင်ကလည်းသနားသည်။ ချစ်သူကိုကလည်း သနားပါသည်။





ယခုတော့ သူတို့သည် သူမကိုသနားနေကြသည့်အဆင့်မှ အထင်သေးသည့်အဆင့်သို့ ရောက်ကုန်ကြပြီထင်ပါသည်။

အိုလေ. . သူတို့အထင်သေးသေး၊ မသေးသေး သူမကိုယ့်ဘဝကိုထူထောင်ရပါမည်။

စနေနေ့ကဂယက်သည် တနင်္ဂနွေနေ့သို့ပါကူးစက်ပါမလာရအောင် မေမြတ်နိုးဆု အကြံထုတ်ရ၏။ သူမ အဆောင်ထဲမှာ ုန်းအိပ်နေလို့မရ။ အဆောင်ထဲမှာရှိနေမည်ဆိုလျှင် သူတို့ မရရအောင်ခေါ်ကြပေလိမ့်မည်။

ထို့ကြောင့် ထားသီရိထံသွားဖို့ သူမစဉ်းစားလိုက်ပြီး နက်မိုးလင်းစမှာပင် ရေချိုးကာ အနည်းငယ်သပ်သပ်ရပ်ရပ် ုပ်လိုက်၏။ သင့်တော်ရာအဝတ်တစ်စုံအဖြစ် အပြာရောင် တ်စုံအိအိလေးကို မြတ်နိုးရွေးချယ်ဝတ်ဆင်လိုက်ပြီးလျှင် အိတ် ိုလွယ်ကာ အပေါ်ထပ်မှဆင်းလာခဲ့သည်။

"ဟင်. ."

အဆောင်ရှေ့သို့ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုက်လာ

ပြီး ဦးခိုင်မြဲအောင်နှင့်မင်းရာဇာတို့ ကားပေါ်မှဆင်းလာကြလျှင်
မြတ်နိုးမှာ အဆောင်ပေါ်သို့ပြန်တက်ရတော့မလို။

သို့သော် လာမယ့်ဘေးပြေးတွေ့ရမှာပါပဲ။ သူမ သွေး
ကြောင်နေလို့မရ။ နှစ်ယောက်လုံးကို မျက်မှောင်ကုတ်ကြည့်
လိုက်ပြီး သူတို့ရှေ့မှ ခပ်တည်တည်ပင်လမ်းမပေါ်သို့ထွက်ခဲ့၏။

"ဟော့. . ဟော့. . ဘယ်လိုလုပ်တာလဲ"

မင်းရာဇာက လူငယ်ပီပီ မြတ်နိုးကိုလက်ညှိုးထိုးပြီး လှမ်း
အော်လျှင် ဦးခိုင်မြဲအောင်က သူ့ကိုလှမ်းကြည့်၏။

ကိုရီးယားမင်းသားလိုချောပြီး ဘောလုံးသမားလိုကြံ့ခိုင်
သည့် စတိုင်မိုက်သည့်ကောင်လေးတစ်ယောက်ကို သူတွေ့လိုက်
ရသည်။

ဒီကောင်ဘယ်သူလဲ။ ဘယ်ကလဲ။ ဒီကောင့်ကို ငါမြင်ဖူး
ပါတယ်။

မင်းရာဇာကတော့ ဦးခိုင်မြဲအောင်ကိုလှမ်းမကြည့်အား
ပါ။ ကော့ကော့၊ ကျော့ကျော့နှင့်ထွက်ခွာသွားသည့်မြတ်နိုးကိုသာ
အူယား၊ ဖားယားလိုက်နေရသည်။





စတိုင်မျက်မှန်ကိုပင့်တင်ရင်း မြတ်နိုး၏လက်တစ်ဖက်ကို
ဖမ်းမိစဉ် သူမက သူ့ကိုခပ်ဆတ်ဆတ်နှင့်အော်ပစ်လိုက်၏။

"ရှင် ဘယ်လိုလူလဲ၊ ကျွန်မအော်ပစ်လိုက်မှာနော်၊ ရှင်
တို့နဲ့ကျွန်မ မပတ်သက်တော့ဘူးလို့ပြောပြီးပြီပဲ၊ ဘာလဲ. . ရှင်က
ကျွန်မဟန်လုပ်နေတယ်ထင်လို့လား၊ တကယ့်ကို အသည်းထဲ
ကကို နောက်ကျဉ်သွားတာပါရှင်"

"မဟုတ်သေးပါဘူးမြတ်နိုးရယ်၊ စိတ်လိုက်မာန်ပါတွေ
မလုပ်ပါနဲ့၊ မြတ်နိုးက သေးသေးလေးရယ်၊ ကမ္ဘာကြီးကအကျယ်
ကြီးသိလား"

"အဲဒါနဲ့ဘာဆိုင်လဲ၊ ကျွန်မဘာသာ သေးရုံမကလို့ အမှုန်
လောက်ဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူး"

"ဆိုင်ပါသော်ကောမြတ်နိုးရယ်၊ ကို မြတ်နိုးကို သိပ်ချစ်
တယ်လေ၊ မြတ်နိုးရဲ့ဘဝကို လှလှလေးဖြစ်အောင် ကို ပုံသွင်း
ပေးမှာပေါ့"

မင်းရာဇာနှင့်မြတ်နိုး ကတောက်ကဆဖြစ်နေရာသို့ ဦး
ခိုင်မြဲအောင် ဖြည်းညင်းစွာ၊ စတိုင်ကျစွာလျှောက်လာသည်။

"မြတ်နိုး . . ဘယ်သွားမလို့လဲ၊ ဦးလိုက်ပို့ပေးမယ်၊ တက် . "

"ဩော် . . ဦးခိုင်မြဲအောင်ဆိုတာ ခင်ဗျားလား"

မင်းရာဇာက ဦးခိုင်မြဲအောင်ကိုလှည့်ကြည့်ပြီး ခပ်ပြုံးပြုံးကြည့်လိုက်လျှင် ဦးခိုင်မြဲအောင်ကလည်း မင်းရာဇာကို ခပ်ရှုံ့ရှုံ့ပြန်ကြည့်သည်။

မြတ်နိုးမှာ အဆောင်ရှေ့တွင် ရုပ်ပျက်ဆင်းပျက်အဖြစ်မခံနိုင်သဖြင့် အခြေအနေတွေကိုဝင်ထိန်းရသည်။ တော်တော်ခက်တဲ့လူတွေပဲ။ ဘီလူးတွေ။ သူမကို တစ်ယောက်တစ်မျိုးဝါးစားကြမယ့်ဘီလူးတွေ။

"ကဲ . . ဦးခိုင်မြဲအောင် . . ဒါ မြတ်နိုးရဲ့မိတ်ဆွေပါ၊ သူ့နာမည် မင်းရာဇာတဲ့"

"မင်းရာဇာ . . ဟုတ်လား၊ ဦးလည်းမသိရပါလား"

ဦးခိုင်မြဲအောင်က စတိုင်ကြီးတစ်ခွဲသားနှင့် ဟန်တွေပန်တွေများနေလျှင် မြတ်နိုး အော်ဆဲပစ်ချင်စိတ်ပေါက်သွား၏။

သူထောက်ပံ့ထားရတယ်ဆိုပြီး ပါဝါတွေများလိုက်တာ။ မိတ်ဆွေထားတာကအစ သူ့ခွင့်ပြုချက်ယူရတော့မလို။





မင်းရာဇာကလည်း ဒါကိုအစာမကြေ။ မှုန်အစ်အစ်နှင့်ကြည့်နေလိုက်ပုံက ခုပင်ထသတ်ချင်တော့သည့်ရုပ်နှင့်။

မေမြတ်နိုး နှစ်ယောက်လုံးကို ပြန်ဖြေရပါသည်။

"ကဲ . . ဦးခိုင်မြဲအောင်ရော၊ ဦးမင်းရာဇာပါ ကျွန်မဆီလာတယ်ဆိုရင်လည်း ခွင့်လွှတ်ကြပါ၊ ကျွန်မ ဇာတ်နေ့ရာသွားစရာရှိလို့ပါ"

"သွားလေ . . ကိုလိုက်ပို့မယ်"

မင်းရာဇာက ဦးခိုင်မြဲအောင်ထက်သွက်သလို ဦးခိုင်မြဲအောင်ကလည်း အနိုင်နှင့်ပိုင်း၏။

"ခုလအတွက် မြတ်နိုးကိုငွေလာပေးတာ၊ ငွေလောက်တော့လက်ခံသွားပါဦး"

သူ့စကားကြောင့် မြတ်နိုး အလွန်ရှက်သွားရ၏။ သူမရှက်ရကောင်းမှန်းလည်းသိပါပြီ။ လောကကြီးထဲမှာ ပျားပန်းခတ်မျှအလုပ်လုပ်နေကြသည့် လူသားတွေထဲ သူမက ခပ်လွယ်လွယ်ပင် ယောကျ်ားတစ်ယောက်၏အိတ်ကပ်ထဲမှငွေကို နှိုက်ယူလို့မသင့်။ သူမ ရှက်တတ်နေပါပြီ။

“ကျေးဇူးတင်ပါတယ်ဦးခိုင်မြဲအောင်၊ မြတ်နိုး အခုချိန်ကစပြီး အလုပ်လုပ်ပါတော့မယ်၊ ငွေမလိုတော့ပါဘူး၊ ပြီးခဲ့တဲ့ငွေတွေကိုလည်း ကျွန်မမှတ်ထားပါတယ်၊ ကဲ. . ကျွန်မကိုခွင့်ပြုကြပါဦးနော်”

ပြောပြီး ထိုးဆိုက်လာသည့်ကားကြီးပေါ် သို့ မြတ်နိုးတိုးတက်လိုက်လျှင် နှစ်ယောက်သား အဆောင်ရှေ့မှာ အိုးတိုးအမ်းတမ်းနှင့်ကျန်ခဲ့ကြလေသည်။

“ဘယ်လိုကောင်မလေးမှန်းလည်းမသိဘူး၊ တော်တော်အကိုင်ရကျပ်တယ်”

ဦးခိုင်မြဲအောင်ကမှတ်ချက်ချလျှင် မင်းရာဇာက ရန်လိုသည့်အကြည့်နှင့်ကြည့်၏။ ပြီးမှ မျက်နှာကိုပြင်လိုက်ကာ. . .

“ခင်ဗျားနဲ့ကျွန်တော် စကားပြောကြရရင်ကောင်းမယ်”

ဟု ပြောလိုက်၏။

“ကောင်းပြီ၊ ကိုယ်ကလည်း မောင်ရင်နဲ့စကားပြောကြည့်ချင်ပါတယ်”





“ဒါဆို တစ်နေရာရာသွားကြရအောင်၊ စားသောက်ဆိုင်တစ်ခုခုကိုပေါ့ဗျာ”

နှစ်ယောက်သား ကားပေါ် သို့ပြန်တက်လိုက်ကြပြီး မင်းရာဇာ၏ကားက ရှေ့မှထွက်သွားသည်။ ဦးခိုင်မြဲအောင်ကလည်း နောက်မှထပ်ချပ်မကွာလိုက်ခဲ့၏။

ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ကားများထိုးရပ်လိုက်ကြပြီး ဆိုင်ထဲသို့ သူတို့ဝင်လိုက်ကြသည်။ စားပွဲတစ်ခုတွင်ထိုင်လိုက်ကြပြီး ကော်ဖီနှင့်မုန့်များမှာလိုက်ကြ၏။

“ဦးခိုင်မြဲအောင်နဲ့ မြတ်နိုးရဲ့ပတ်သက်မှုကို ကျွန်တော်အမှန်အတိုင်းသိချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာမြတ်နိုးရဲ့ချစ်သူမို့ပါပဲ”

“ချစ်သူ. . ”

မင်းရာဇာက ဦးခိုင်မြဲအောင်ကိုစကားစတင်ပြောလိုက်လျှင် ဦးခိုင်မြဲအောင် တွန့်ကနဲဖြစ်သွားရ၏။ သူ့ကျနွေ့ပျက်သွားပုံကိုကြည့်ပြီး မင်းရာဇာကလည်းမကြိုက်။

သူထင်သည့်အတိုင်းပါပဲ။ ဦးခိုင်မြဲအောင်ဟာ မျှော်လင့်

ချက်ကြီးကြီးဖြင့် မြတ်နိုးကိုထောက်ပံ့နေသူ။ မြတ်နိုးခမျာ ကျွံမိသည့်ခြေထောက်ကို အလွယ်တကူမှုပြန်နုတ်လို့ရပါတော့မလား။

ဦးခိုင်မြဲအောင်ကို မင်းရာဇာက အကဲခတ်နေသလို ဦးခိုင်မြဲအောင်ကလည်း မင်းရာဇာကိုတုံ့ပြန်ပြီးအကဲခတ်နေပါ၏။

ဒီကောင့်ကိုမြင်ဖူးပါတယ်။ ဘယ်နေရာမှာပါလိမ့်။ စဉ်းစားစမ်း။ ရောက်လာသည့်ကော်ဖီများကို စိတ်မပါပေမယ့် သူတို့ကိုယ့်ဘက်ကိုယ်ဆွဲယူပြီး ငုံ့ကြည့်လိုက်ကြသည်။

ကော်ဖီမန်းကန်ထဲမှာ မြတ်နိုး၏သနားစဖွယ်မျက်နှာ။

တော်တော်ခက်တဲ့ကောင်မလေးပဲ။ တော်တော်ရှုပ်တဲ့ကောင်မလေးပဲ။

"ကိုယ်နဲ့မြတ်နိုးဟာ ရပ်ဆွေရပ်မျိုးတွေပဲဆိုပါတော့၊ သူ့အစ်ကိုနဲ့ကိုယ်က သူငယ်ချင်းတွေ၊ သူ့အစ်ကို မားထိုးခံရပြီး ရုတ်တရက်ဆုံးသွားတော့ မြတ်နိုးခမျာ ဒုက္ခတော်တော်ရောက်ရရှာတယ်၊ မိဘကလည်းမရှိ၊ ဒီအစ်ကိုကိုပဲ အားကိုးနေရတဲ့ကြားထဲ. . "

ဦးခိုင်မြဲအောင်က ပုံပြင်ပြောသလို၊ ဇာတ်လမ်းပမာပြောသလို လေရှည်ဆွဲကာပြောနေသမျှ မင်းရာဇာရင်နင့်ရပါသည်။

ချစ်သူလေးခမျာ ကူကယ်ရာမဲ့မို့ တွေ့ရာကောက်ရိုးမျှင်ကိုဆွဲဆုပ်ရရှာတာပါ။

"ကျောင်းကလည်းတန်းလန်း၊ ပြီးဖို့တစ်နှစ်ပဲကျန်တော့တယ်လေ၊ နောက်ဆုံးတော့ ကိုယ်ပဲကယ်တင်ရှင်လုပ်ရတော့တာပေါ့ကွာ၊ ဒီကိစ္စတွေ ကိုယ့်မိန်းမ မသိဘူး၊ သိတဲ့အတိုင်း မိန်းမဆိုတာ အူတိုတတ်တယ်မဟုတ်လား၊ သိများသ်ငင် မိုးမီးလောင်လိမ့်မယ်"

ဦးခိုင်မြဲအောင်၏စကားကို မင်းရာဇာမခံနိုင်။ သူ့မိန်းမ မသိအောင် ထောက်ပံ့ထားပါသည်ဆိုသည့်စကားကို ဘာကြောင့် အရသာခံပြီးပြောနေရတာလဲ။

"ဒီလောက်သိရရင်တော်ပါပြီ၊ ခင်ဗျားကိုလည်း မြတ်နိုးကိုယ်စား ကျေးဇူးအများကြီးတင်ပါတယ်၊ အခုထိတော့ ခင်ဗျားမိန်းမ မသိသေးဘူးမဟုတ်လား၊ ပြဿနာမတက်သေးဘူးမဟုတ်လား"

"မောင်ရင်ဘာသဘောနဲ့မေးတာလဲ"

စားပွဲပေါ်မှာတင်ထားသည့်စီးကရက်ဗူးထဲမှ တစ်လိပ်ကို ထုတ်ယူမီးညှိ၊ ဖွာရှိုက်ရင်း ဦးခိုင်မြဲအောင် မျက်လုံးပင့်ပြီးမေးလိုက်ပုံက စတိုင်မျှားလှ၏။

မင်းရာဇာ၏မျက်စိထဲမှာ ခူရားတစ်ကောင်ကိုမြင်နေရသည့်နှယ်။ လေအေးစက်တပ်ထားသည့် အခန်းတစ်ခုလုံးလည်း ပူလောင်သည့်သဲကန္တာရကြီးဖြစ်လို့နေ၏။

"ဩော်. . ကြိုးတန်းလျှောက်ရသလို စွန့်စွန့်စားစားနဲ့ မြတ်နိုးကိုကယ်တင်နေရတဲ့ခင်ဗျားရဲ့ဘဝကို စာနာသနားမိလို့ပါ၊ ခုအချိန်ကစပြီး မြတ်နိုးကို ကျွန်တော်တာဝန်ယူပါရစေ၊ ခင်ဗျားရဲ့အကြွေးတွေကိုလည်း ကျွန်တော်ပြန်ဆပ်လိုက်ပါ့မယ်"

မင်းရာဇာ၏စကားဆုံးလျှင် ဦးခိုင်မြဲအောင်က ခေါင်းကို စတင်ပြီးညိတ်လေ၏။ သူ့အသွင်က လေးနက်တည်ကြည်နေလွန်းလျှင် မင်းရာဇာအမြင်ကတ်မိ၏။

"မောင်ရင့်နာမည် မင်းရာဇာဆိုတာကလွဲလို့ ကိုယ်ဘာမှ မသိရသေးဘူးနော်၊ မောင်ရင်ဟာ မြတ်နိုးအတွက် သင့်တော်တဲ့အိမ်ထောင်ဖက် ဟုတ်၊မဟုတ်၊ နောက် မောင်ရင့်မိဘတွေ





က သဘောတူ၊မတူ၊ မင်းရာဇာရယ်. . လူငယ်တွေဟာ တကယ်ကျ လူကြီးတွေလောက်သတ္တိမရှိကြပါဘူး၊ ကိုယ့်သဘောအတိုင်း ဘာမှမလုပ်ရဲကြပါဘူး၊ ချစ်သူထားရုံလောက်သာ အပျော်ထားချင်ကြတာပါ၊ တကယ်ယူရမယ်လည်းဆိုရော အဖေဆူမှာစိုးတာတို့၊ အမွေဖြတ်မှာကြောက်တာတို့. . "

"ဒါဆို ကျုပ် မြတ်နိုးကို ခင်ဗျားသဘောတူမှလက်ထပ်ရမှာလား၊ ခင်ဗျားက မြတ်နိုးရဲ့အုပ်ထိန်းသူပေါ့ဟုတ်လား"

ကော်ဖီပန်းကန်ကိုဆောင့်ချပြီး မင်းရာဇာကျွဲမြီးတိုနေလျှင် ဦးခိုင်မြဲအောင်က ခပ်ထေ့ထေ့ပြုံးလေ၏။

"ဒီလိုလည်းမဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ်ဟာ မြတ်နိုးအစ်ကိုရဲ့သူငယ်ချင်းမို့ မြတ်နိုးအတွက် တာဝန်တွေအများကြီးရှိတယ်၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုသလို သူ့ဘွဲ့ရတဲ့အထိ ကိုယ်လုပ်ပေးလိုက်မယ်၊ နောက် အလုပ်တစ်ခုခုရအောင်ပံ့ပိုးပေးဦးမယ်၊ ဒါဆို ကိုယ့်တာဝန်ပြီးပါပြီ၊ ကျန်တာ သူ့ဘာသာဆုံးဖြတ်စီစစ်ပါလိမ့်မယ်၊ ခုကတော့ မောင်ရင်နဲ့ကိစ္စကို ကိုယ်ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် မြတ်နိုးကိုထောက်ပံ့ဖို့တွေ၊ ဘာ

တွေအထိမစဉ်းစားပါနဲ့ဦးကွာ၊ နှစ်ယောက်လုံး ကိုယ့်ပညာရေးကိုပဲ ကိုယ်ကြိုးစားကြပါဦး၊ ဟုတ်ပြီလား၊ မင်း ငယ်ပါသေးတယ်ကွာ"

နောက်ဆုံးစကားကိုခပ်ဆွဲဆွဲပြောလိုက်လျှင် မင်းရာဇာ ဒေါသဖြစ်ပြီး ဝုန်းကနဲထရပ်မိ၏။

"ခင်. . ခင်ဗျား တော်တော်လူပါးဝတာပဲ"

"ကိုယ့်ကို သဘောပေါက်ကွာ၊ အရာရာမှာ လူငယ်ထက် လူကြီးက နှာတစ်ဖျားသာပါတယ်"

"ဘာဗျ. ."

"ဦးနှောက်လေ. . ဦးနှောက်သာတာကိုပြောတာပါ"

ခပ်ပြုံးပြုံးနှင့် ဦးခိုင်မြဲအောင် အလှမပျက်ပြောလိုက်လျှင် မင်းရာဇာမှာ တရှူးရှူးနှင့်ဒေါသတွေထွက်ကာ ကောင်တာသို့ ငွေသွားရှင်းလိုက်၏။

ပြီးမှ ကားဖြင့် တဟုန်ထိုးထွက်သွားတော့သည်။

ဦးခိုင်မြဲအောင်ကတော့ ယခုထိစဉ်းစားနေလေတုန်း။ ဒီမျက်နှာကို ဘယ်တုန်းကမြင်ဖူးခဲ့ပါလိမ့်။



## အခန်း(၁၁)

ထားသီရိ၏အိပ်ခန်းထဲမှာ မြတ်နိုးနှင့်ထားသီရိ တိုင်ပင်ဆွေးနွေးနေမိကြ၏။ သီရိမလာသည့်သောကြာနေ့က မင်းရာဇာနှင့် ရင်ဘတ်ချစ်သူတွေဖြစ်သွားကြပုံနှင့် ဂြိုဟ်မွှေလှသည့်စနေနေ့က ဦးခိုင်မြဲအောင်တို့သားအဖနှင့်လျှောက်သွားနေရပုံ။

နောက် မင်းရာဇာနှင့်အင်းလျားသို့သွားခဲ့ရပုံတွေ၊ နောက်ဆုံး သူတို့နှစ်ယောက်နှင့်ပြဿနာတက်ခဲ့ပုံတွေအထိ မြတ်နိုးပြောပြသမျှ ထားသီရိမှာ သူငယ်ချင်းကောင်းပီပီ လေးနက်စွာနားထောင်နေသည်။

ထားသီရိ ဘာတစ်ခွန်းမှဝင်ရောက်မဆွေးနွေးသေး။

နောက်ဆုံး မြတ်နိုးက သူ့သဘောထားနှင့်သူ့ဆန္ဒကို ခိုင်ခိုင်မာမာတင်ပြလာသည်အထိ ထားသီရိနားထောင်နေ၏။

"အစကတည်းက မြတ်နိုး ဦးခိုင်မြဲအောင်ရဲ့အကူအညီကို မလွှဲသာလွန်းလို့ သံသယအပြည့်နဲ့ယူခဲ့ရတာပါသီရိရယ်၊ ခုကျတော့ မြတ်နိုးစိုးရိမ်တဲ့အတိုင်းပဲ သူက သံယောဇဉ်တွေပြလာတယ်၊ သူ့အိမ်ထောင်ရေးအဆင်မပြေတဲ့အကြောင်း အမြဲညည်းညူတယ်၊ ဒီနေ့တော့ ကိုယ့်ကြောင့် သူတို့လင်မယားပြဿနာတက်တော့မလိုထိပြောတယ်၊ ကိုယ့်ကို လျှောင်အိမ်လှလှလေးနဲ့ ရုံသွင်းပြထားမယ်တွေ၊ ဘာတွေအထိပြောတယ်၊ ဒါ ကိုယ့်ကိုအသနားလွန်ပြီး အထင်သေးလာတာ၊ စော်ကားလာတာ၊ တော်ပြီသီရိရယ်၊ ဘွဲ့မရချင်လည်းနေတော့၊ ကိုယ် ကိုယ့်ထမင်းကိုယ်ရှာစားချင်လှပါပြီ၊ ဘဝမှာ ဘာကိုမှကြောင့်ကြမခံချင်တော့ပါဘူး၊ သွားလေရာမှာ ခေါင်းမော့၊ ရင်ကော့ပြီး အသက်ဝဝရှူလိုက်ချင်ပါပြီ၊ ကိုယ့်စိတ်တွေအရမ်းမွန်းကျပ်လှပါပြီသီရိရယ်"





မျက်ရည်များနှင့် မြတ်နိုးခံစားကြေကွဲနေလျှင် ထားသီရိမှာလည်း သက်ပြင်းချပြီး မျက်ရည်တလည်လည်။

"ဘာပဲဖြစ်ဖြစ် မြတ်နိုးရယ်၊ ကိုယ့်သဘောကတော့ နည်းနည်းလောက်သည်းခံပြီးနေလိုက်စေချင်ဘာယ်၊ တို့တွေ ကျောင်းပြီးဖို့၊ ဘွဲ့ရဖို့လည်း လေးငါးလလောက်ပဲလိုတော့တာမဟုတ်လား၊ ဒီလေးလအတွင်း သူ့ကိုအလိုက်အထိုက်ဆက်ဆံပြီး ကိုယ့်ပန်းတိုင်ရောက်အောင် ချီတက်လိုက်ရင်မကောင်းဘူးလားဟင်"

ထားသီရိမှာ မြတ်နိုးအတွက် ပြောနေပေမယ့် သူမ မလိုက်နာနိုင်တော့ပါ။ ခေါင်းကိုသာ တွင်တွင်ခါနေမိတော့သည်။

"မဖြစ်တော့ဘူးသီရိရယ်၊ သူ့အကြံအစည်တွေသိနေရဲ့နဲ့ ကိုယ် မသိချင်ယောင်မဆောင်ချင်တော့ဘူး၊ ကိုယ့်ကိုလောင်မယ့်မီးမှန်းသိရဲ့နဲ့ အဲဒီမီးထဲ ဇွတ်မတိုးချင်တော့ဘူးကွာ၊ ကျားနဲ့ကစား၊ မြွေနဲ့ကစားလောက်ရအောင်လည်း ကိုယ် လူလည်မကြီးမဟုတ်ပါဘူး၊ ယောကျ်ားတွေကို ကြောက်ရမှန်းသိသွားပါပြီသီရိရယ်"

မြတ်နိုး တကယ်ပင်နောင်တရကြေကွဲနေလျှင် ထားသီရိ အကြံမပေးသာတော့ပါ။ သို့သော် မြက်ပင်လေးတစ်ပင်အဖြစ် သူမ မင်းရာဇာကိုဆွဲဆုပ်မိပြန်၏။

"ဦးခိုင်မြဲအောင်ကအခြေအနေမမှန်ရင်လည်း ကိုယ်မတိုက်တွန်းတော့ပါဘူးမြတ်နိုးရယ်၊ ဒါဆို ကိုမင်းရာဇာကိုရော မင်းထည့်မစဉ်းစားတော့ဘူးလား၊ တို့တွေ့နေရတဲ့ရက်တွေအတွင်း သူ့ကိုအကဲခတ်ရတာ၊ သူ့အခြေအနေကိုကြည့်ရတာ မြတ်နိုးကို သိပ်ပြီးသံယောဇဉ်ထားပုံပေါ်ပါတယ်၊ စီးပွားရေးလည်း ကောင်းပုံရတယ်၊ သူစီးနေတဲ့ကားနဲ့ သူဝတ်ပုံစားပုံတွေဟာ တကယ့်အဆင့်အတန်းရှိရှိပဲနော်"

"တော်ပါပြီသီရိရယ်၊ တစ်ရက်ပဲချစ်လိုက်ရတဲ့ချစ်သူကလည်း သူနဲ့ဆိုင်မယ်မကြံသေးဘူး၊ နိုင်စားပြုနေလိုက်တာ၊ မနေ့တစ်နေ့ကမှရတဲ့ချစ်သူကို ကိုယ်ဘယ်လိုလုပ်ပြီးယုံလို့၊ ပုံလို့ဖြစ်မလဲသီရိရယ်၊ သူဟာ ဘယ်သူဘယ်ဝါမှန်းတောင်မသိသေးဘဲနဲ့ မြတ်နိုးဘယ်လိုလုပ်ပြီးအားကိုးရမှာလဲ၊ နောက်ဆုံး မိမိကိုယ်သာ မိမိအားကိုးတာ အကောင်းဆုံးပါ၊ သီရိ ကိုယ့်ကိုမတားနဲ့တော့၊





မြတ်နိုး ပညာကိုအလေးထားပေမယ့် အနစ်မွန်းမခံတော့ဘူး၊ ကိုမင်းရာဇာပြောသလို ဆင်သေကောင်အပေါ် မြတ်နိုးစီးမလိုက်တော့ဘူး"

မြတ်နိုးက ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်ဖြင့် ခိုင်ခိုင်ကျည်ကျည်ပြောလိုက်လျှင် ထားသီရိလည်း ငြိမ်သက်သွားပါတော့သည်။

ထားသီရိ၏ကုတင်ပေါ်မှာ နှစ်ယောက်အတူငြိမ်သက်စွာထိုင်နေရင်း စိတ်တွေကတော့ အဝေးသို့လွင့်ပါးနေမိတော့သည်။

မြတ်နိုးမှာ သွားလေသူမိဘနှစ်ပါးနှင့် ကိုကိုရန်နောင်ရှင်းကိုသတိရတမ်းတမိရင်း အံကိုတင်းတင်းကြိတ်လိုက်မိ၏။

ငါ ခုလို ဒုက္ခရောက်နေရတာ ကိုကို့ကိုသတ်သွားတဲ့တရားခံကြောင့်။ ကိုကိုသာရှိရင် ငါ ခုလိုခွေးတိုးဝက်ဝင်ဖြစ်မှာ မဟုတ်ဘူး။

သူမ၏မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားလျှင် မြတ်နိုးကိုငေးကြည့်နေမိသည့်ထားသီရိမှာ ထိတ်လန့်ရလေ၏။

"ဘယ်လိုတွေတွေးနေပြန်ပြီလဲမြတ်နိုးရယ်၊ နင် စိတ်

လိုက်မာန်ပါတွေလျှောက်လုပ်မနေနဲ့နော်၊ မိန်းမတစ်ယောက်အတွက် အလှဟာ အန္တရာယ်ပါ၊ မြတ်နိုးလိုရုပ်နဲ့ မြတ်နိုးလိုအရွယ်ဟာ အန္တရာယ်အကြီးဆုံးပဲ”

“နင် ငါ့ကိုတစ်ခုကူညီဟာသီရိ”

ထားသီရိမှာ သူမအတွက် အလွန်စိတ်ပူနေသလို မြတ်နိုးကလည်း သူ့အတွေးနှင့်သူ သီရိကိုအကူအညီတောင်းလေ၏။

“ပြော . . မြတ်နိုး . . ငါတတ်နိုင်တာဆို အကူအညီပေးဖို့အသင့်ပဲ”

“ယူ့အဖေကြီးက မြို့နယ်ပညာရေးမှူးနော်၊ ဒီတော့ သူ့မြို့နယ်မှာ ကိုယ့်အတွက် အလုပ်တစ်နေရာရာတော့ ပေးလို့ရမှာပဲ၊ ဆွဲခန့်ဖြစ်ဖြစ်၊ ထွေသင်ဖြစ်ဖြစ်ကွာ၊ အလုပ်ဆိုရင်ပြီးရော၊ ထမင်းစားလို့ရရင်ပြီးရော”

မြတ်နိုးတောင်းဆိုလိုက်လျှင် ထားသီရိက ဖြည်းညင်းစွာခေါင်းညိတ်ပြသည်။

“ကိုယ်ကတော့ မြတ်နိုးကိုနှမြောတယ်၊ ဘွဲ့လေးတစ်ခုရသွားစေချင်တယ်၊ ဒါပေမယ့် ကိုယ်လည်းဘယ်လိုမှမတတ်နိုင်





ဘူး၊ ဖေဖေ့ကိုပြောလို့ကတော့ ရပါတယ်၊ ဖေဖေ့မြို့နယ်ဆိုတော့ နည်းနည်းဝေးတယ်နော်၊ ဖေဖေက ကြံခင်းမြို့နယ်မှာ တာဝန်ကျတာ”

“ရတယ်၊ ဘယ်ရောက်ရောက် ကိုယ်ကတော့ ဝေးလေကြိုက်လေပဲ”

“ကိုယ့်ဆန္ဒကတော့ အဲဒီလိုအဝေးကိုမသွားစေချင်ဘူး၊ ဒီရန်ကုန်မှာပဲ အလုပ်တစ်ခုလောက်ကုတ်ကပ်လုပ်နေပြီး ဘွဲ့ကိုပြီးအောင်ဖြေစေချင်တယ်၊ ဘွဲ့ရပြီဆိုမှ မြတ်နိုးဘယ်ကိုပဲသွားသွားပေါ့၊ လာ . . မေမေ့ကိုပါ ထွက်ပြီးတိုင်ပင်ရအောင်၊ မေမေ့ဆီကလည်း အကြံကောင်း၊ ဉာဏ်ကောင်းတွေရနိုင်တာပေါ့”

“မြတ်နိုး အန်တီ့ကိုအားနာတယ်”

“အားနာစရာမရှိတာမြတ်နိုးရယ်၊ ဘာပဲဖြစ်ဖြစ် လူငယ်တွေထက်စာရင် လူကြီးတွေက ပိုပြီးအကြံဉာဏ်ပေးတတ်ပါတယ်၊ သူတို့က ဘဝကို အကြာကြီးရင်ဆိုင်ဖြတ်သန်းလာခဲ့ကြပြီလေ”

နောက်ဆုံး ထားသီရိ၏မေမေနှင့် ထွက်ပြီးတိုင်ပင်ကြရ

လေသည်။ အန်တီမေမှာ ပညာရေးမှူးကတော်ပီပီ တည်တည် ငြိမ်ငြိမ်အေးအေးချမ်းချမ်း။

ညည့်ခန်းထဲမှာ သူ့ခင်ပွန်းအတွက် ဆွယ်တာထိုးပေးရင်းမှ မြတ်နိုး၏ပြဿနာအရပ်ရပ်ကို စိတ်ဝင်တစားနားထောင်ပေးလေသည်။

"အန်တီသမီးချင်းကိုယ်ချင်းစာတယ်၊ မြတ်နိုးခုလို ပညာရေးတစ်ပိုင်းတစ်စဖြစ်မှာကိုတော့ အန်တီလည်းနှမြောတယ်၊ ဒီတော့ ဒီလိုလုပ်၊ သမီးနဲ့သင့်တော်မယ့်အလုပ်တစ်ခုခုကို အန်တီရှာပေးမယ်၊ ဒီရန်ကုန်မှာပဲအလုပ်ဝင်ပြီး ကျောင်းဆက်တက်. ."

"ကျောင်းတစ်ဖက်နဲ့ အလုပ်လုပ်လို့ရပါ့မလားအန်တီ၊ ကျောင်းတက်ရင် အလုပ်ဘယ်လုပ်လို့ရပါတော့မလဲ"

"ရမယ့်အလုပ်ကိုစဉ်းစားကြတာပေါ့ကွယ်၊ ဒီကြားထဲ မြတ်နိုးကလည်း ဟိုဟိုဒီဒီလျှောက်သွားဖို့မစဉ်းစားနဲ့တော့"

"စိတ်ချပါအန်တီ၊ မြတ်နိုးစိတ်လေနေတာမဟုတ်ပါဘူး၊ ကိုယ့်ဘဝကိုယ် အလိုမကျ၊ စိတ်တိုင်းမကျဖြစ်ပြီး လောကကြီး





အပေါ် စိတ်ကုန်နေတာပါ၊ နောက်တစ်ခုက မြတ်နိုး အဲဒီအဆောင်မှာမနေချင်တော့ဘူး၊ ဦးခိုင်မြအောင်နဲ့လည်း မတွေ့ချင်တော့ဘူး"

"ဒီလိုလုပ်လို့တော့ ကောင်းမှာမဟုတ်ဘူး၊ ဦးခိုင်မြအောင်ဟာ သမီးကိုထောက်ပံ့ခဲ့သူမို့ အလိုက်အထိုက်တော့ရှိနေရဦးမှာပဲ၊ ကိုယ်သာ မူလပါမြတ်နိုးရယ်၊ ဘာမှမဖြစ်အောင်နေသွားတတ်ရင် ဘာမှမဖြစ်ပါဘူး"

"မေမေ့စကားက မိုက်တယ်ဟေ့၊ မျက်စိကိုလည်ထွက်သွားတာပဲ၊ မေမေ သမီးတို့ကလပ်စ်မှာ လက်ချာလာပေးပါလား"

ထားသီရိက သူ့အမေကို ချစ်မြတ်နိုးစွာစနေလျှင် ဒေါ်လှချောမေ ကိုယ့်သမီးကို ခေါင်းခေါက်လိုက်သည်။

"ဒီမှာ မြတ်နိုးခမျာ ဒုက္ခရောက်နေရတဲ့ကြားထဲ သူကတမျောင့်၊ တွေ့လား. . မိစုံဖစုံ၊ မောင်နှမအစုံအလင်နဲ့ နေရတဲ့ဘဝကို တန်ဖိုးထားတတ်ပြီလား၊ သူ့မှာ လိုတာမရရင် ကိုယ့်ကိုယ်ကိုကံဆိုးလှပြီမှတ်နေတာ"

ဒေါ်လှချောမေက အခွင့်သာခိုက် ထားသီရိကိုပါဆုံးမလိုက်လျှင် ထားသီရိသဘောပေါက်သွား၏။

"ဟုတ်တယ်နော်မေမေ၊ မြတ်နိုးခမျာ မိဘ၊ အစ်ကိုမရှိတော့ ဒုက္ခရောက်လိုက်တာ၊ ဒါပေမယ့် မြတ်နိုးက စိတ်မာပါတယ်မမေမေရယ်၊ တော်သေးတာပေ့ါ၊ သူ့စိတ်ဓာတ်က လှေခွက်ချည်းဆန် အလံမလှဲတဲ့စိတ်ဓာတ်"

"ကောင်းတယ်၊ လောလောဆယ် အခြေမပျက်နေပြီးကျောင်းဆက်တက်နော်၊ အန်တီမေ သမီးအတွက် အကောင်းဆုံးစီစဉ်ပေးပါ့မယ်'

ထိုနေ့က ညစာစားပြီးမှ မြတ်နိုး အဆောင်သို့ပြန်လာခဲ့သည်။



## အခန်း(၁၂)

ဒါကြောင့် လူကြီးသူမ၏အရိပ်ကိုခိုလှုံနေရခြင်းသည် အေးမြတယ်ဟု ပညာရှိတွေပြောခဲ့ခြင်းဖြစ်သည်။ မေမြတ်နိုးမှာ အန်တီမေ့အကြံဉာဏ်နှင့် ကူညီစောင့်ရှောက်မှုကြောင့် ယခုအခါ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး အခြေမပျက်နေနိုင်ခဲ့လေပြီ။

သူမ၏အလုပ်က ညနေ(၄)နာရီမှ(၆)နာရီအထိ (၅)တန်းကလေးငါးယောက်ကို အင်္ဂလိပ်စာသင်ပေးရခြင်းဖြစ်သည်။ ကလေးတစ်ယောက်ကိုနှစ်သောင်းနှင့် တစ်ဝိုင်းအတွက် ငွေတစ်သိန်းရရှိပါသည်။ ဦးခိုင်မြအောင်၏အကူအညီကို ယူစရာမလိုတော့။

စိတ်ချမ်းသာလိုက်တာလို့တော့ ပြောလို့မရသေး။ အနှောင့်အယှက်တွေ ဘယ်ကပေါ်လာမလဲရယ်ဟု မြတ်နိုး စိတ်ထင့်နေရသေးတာတော့အမှန်။

မင်းရာဇာကိုလည်း မြတ်နိုးအပြတ်ပြောလွှတ်လိုက်သောကြောင့် သူမကျောင်းတက်ရာသို့ ရောက်မလာတော့ပါ။

ရင်ထဲမှာနာကျင်ပေမယ့် မြတ်နိုး သူ့ကိုဆက်လက်မချစ်သင့်တော့ပါ။ ရင်ထဲမှာ သူ့အပေါ် ဘယ်လောက်ပင်သေလုအောင်ချစ်မိသည်ဖြစ်စေ မြတ်နိုး စိတ်မာန်တင်းရသည်။

သူကတော့ မြတ်နိုးကို စကားလေးတစ်ခွန်းအတွက် အနာသည်းသည်။ စူဠသုဘဒ္ဒါလိုပဲ စိတ်မှတ်ကြီးသည်တဲ့။

ကိုယ့်ဝမ်းနာကိုယ်သာသိပါသည်လေ။ သူနှင့်ကိုယ်ဟာ အလွှာချင်း မိုးနှင့်မြေလိုကွာခြားသည်ဆိုတာလည်း သူမမေ့လျော့ခဲ့မိသည်။ နောက် မြတ်နိုးမှာ သူပြိုင်ငြင်စရာနောက်ကြောင်းကိစ္စတွေရှိနေတာလည်း သူမမေ့လျော့ခဲ့မိသည်။

အချစ်ကြောင့်. . သူ့ကိုချစ်မိသည့်အချစ်ကြောင့် အရာ





ရာကိုမေ့လျော့သွားမိခြင်းမှ သူအထင်သေး၊ အထင်လွဲစကားကိုကြားမှ မြတ်နိုး ဖျတ်ကနဲ အိပ်မက်မှလန့်နိုးမိတာပါ။

တံပိုးခရာသံနဲ့ တပ်လှန့်နိုးခံရသည့်အတွက် သူ့ကို မြတ်နိုးကျေးဇူးတင်ရသည်။ ယခုတော့ သူ့အပြော၊ သူ့သတိပေးချက်ကြောင့် မြတ်နိုး ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်လမ်းကိုယ်လျှောက်တတ်ခဲ့ပေပြီ။

သည်နေ့လည်း မြတ်နိုးနှင့်ထားသီရိတို့ အရေးကြီးသည့်အဆိုင်းမင့်များကို စာသင်ခန်းတစ်ခုထဲမှာ ခေါင်းချင်းဆိုင်ပြီးဖြည့်နေမိသည်။

သင်ခန်းစာထဲမှာ စိတ်ဝင်စားနေမိသဖြင့် ပတ်ဝန်းကျင်ကိုမေ့လျော့နေမိခိုက် ထားသီရိက ခေါင်းကိုဘေးဘီသို့ကြည့်လိုက်သည်။

"ဟယ်. ."

"ဘာလဲသီရိ"

ထားသီရိ၏အလန့်တကြားအော်သံကြောင့် မြတ်နိုး မျက်မှောင်ကြုံ့ပြီးမေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူးဟယ်"

ထားသီရိ၏အသံက စိတ်မကောင်း၊ လက်မကောင်းဖြစ်နေသည့်အသံဖြစ်နေလျှင် မြတ်နိုး ပိုပြီးစိတ်ဝင်စားရသည်။

"ပြောကွာ၊ ယူတစ်ခုခုမြင်လိုက်လို့ပါ၊ ဘာလဲ.. ကိုမင်းရာဇာလား"

"ဟုတ်တယ်၊ ဒါပေမယ့် အခုကွယ်သွားပြီလေ"

"ယောကျ်ားဖြစ်ပြီး မာနမရှိတာမုန်းတယ်၊ သူ့ကို အပြတ်ပြောလိုက်ပြီးပြီပဲ၊ တို့ကို စိတ်နာလိုက်၊ မုန်းလိုက်ပါလို့"

မေမြတ်နိုး၏မျက်နှာမှာ အလိုမကျရိပ်နှင့် ကြေကွဲရိပ်က ရောထွေးယှက်လိမ်နေ၏။

"လွယ်လွယ်ပြောလို့တော့ဘယ်ရမလဲမြတ်နိုးရယ်၊ ဘဝမှာ သေကွဲကွဲရတာက လွယ်တယ်၊ ရှင်ကွဲက ပိုပြီးအခံရဆိုးတယ်"

"အလို. . မကြီးစာ. . ဘာဖြစ်လို့ သေကွဲကိုလွယ်တယ်လို့ပြောရတာလဲ၊ မင်းမခံစားဖူးတိုင်း မပြောပါနဲ့၊ ကိုယ့်ချစ်ခင်ရသူတွေနဲ့ သေကွဲကွဲရတဲ့ကိစ္စကိုများ လွယ်မယ်ထင်သလား၊ ကိုယ်ဆို ဖေဖေ၊ မေမေ၊ ကိုကိုတို့နဲ့ သေကွဲကွဲခဲ့ရတော့ ရင်ထဲ





မှာ ပြောမပြတတ်နိုင်အောင် ပူဆွေးသောကရောက်ခဲ့ရတယ်၊ အိပ်လို့လည်း အိပ်ရမှန်းမသိ၊ စားလို့လည်း စားရမှန်းမသိ၊ ဘယ်သောအခါမှ ပြန်မတွေ့ရတော့ဘူး၊ ဘဝချင်းခြားသွားပြီဆိုတဲ့အသိနဲ့၊ အတွေးနဲ့ ရင်ဘတ်တစ်ပြင်လုံး မီးလောင်ခံရသလို ပူလောင်နာကျင်ခဲ့ရတာများကွာ မင်းသိစေချင်ပါတယ်"

မြတ်နိုးက အဟောင်းတွေအသစ်ဖြစ်လျက် ငေးမောဆွေးမြည့်စွာပြန်သတိရရင်းပြောနေလေလျှင် ထားသီရိ သူ့စကားအဓိပ္ပာယ်ကို သူသေချာစွာရှင်းပြရသည်။

"ဒါပေမယ့်မြတ်နိုးရယ်. . သေသောသူ ကြာရင်မေ့ဆိုတဲ့ အတိုင်း. . "

"အို. . ကိုယ်တော့ ဘယ်တော့မှမမေ့ဘူး၊ ကိုယ့်ကျေးဇူးရှင်တွေကို ဘယ်သောအခါမှမမေ့ဘူး၊ ကိုယ်သေသွားတဲ့အထိ တစ်သက်လုံးအမှတ်ရနေမှာပါ"

ထားသီရိ၏စကားမဆုံးခင် မြတ်နိုးက အလျှင်အမြန်ဝင်လုပြီးပြောလျှင် ထားသီရိ စိတ်ရှည်ကြင်နာစွာပြုံးပြရသည်။

"ဟုတ်ပါတယ်၊ မြတ်နိုးသတိရနေမှာမှန်ပါတယ်၊ ဒါပေ

မယ့် အချိန်ဆိုတဲ့သမားတော်ကြီးရဲ့ ကုစားချက်ကြောင့် အခု မြတ်နိုး နည်းနည်းတော့နေသာ၊ထိုင်သာရှိသွားပြီမဟုတ်လား၊ သေဆုံးခါစတုန်းကလို ကိုယ်ပါလိုက်သေချင်စိတ်မပေါက်တော့ ဘူးမဟုတ်လား၊ နောက်ပြီး ကိုယ်လည်း တစ်နေ့မှာသေရမှာပဲ၊ ဒီမရဏလမ်းကိုလိုက်ရမှာပဲဆိုတဲ့အသိလေးဝင်လာရင် ပိုလို့ တောင်ဖြေလို့ရသေးတယ်”

“ထားပါတော့၊ တဲ. . ရှင်ကွဲကျတော့ရော ဘာဖြစ်လို့ သူကပိုပြီးဆိုးနေရတာလဲ၊ ပြေအောင်ဖြေနော်အမိ၊ မပြေလို့က တော့ ယူ့ကို ပုသွားအောင်ထုပစ်လိုက်မယ်”

“ပြေအောင်ဖြေမယ်လေမြတ်နိုးရဲ့၊ တကယ်ကျတော့ ယူ မသိချင်ယောင်ဆောင်နေတာပါကွာ၊ ရှင်ကွဲနာရဲ့ဒဏ်ရာ၊ ဒဏ် ချက်တွေကို မင်းကောင်းကောင်းခံစားနေရပါတယ်၊ ကိုယ်သိ တယ်၊ အခု မင်းမျက်နှာမှာ အပြုံးပျောက်ကွယ်သွားတာ ဘယ် လောက်တောင်ကြာပြီလဲ”

“ဟော့. . စကားကိုလွှဲမချနဲ့နော်၊ အဲဒါ အဖြေမဟုတ်ဘူး၊ ကိုယ့်အဖြေကိုယ်ပြေအောင်ဖြေနော်သီရိ”





မြတ်နိုးအကျပ်ကိုင်နေလျှင် ထားသီရိက ချစ်စဖွယ်ရယ် မောလိုက်ပြီး အဖြေပေးပါ၏။

“ရှင်ကွဲဆိုတော့ စိတ်ကိုဒုံးဒုံးချနိုင်တယ်၊ သေသွားပြီးတဲ့ နောက် ဘယ်လောက်ပဲချစ်ချစ် တဖန်ပြန်မတွေ့ရတော့ဘူး ဆိုတာ သေချာနေပြီလေ၊ ရှင်ကွဲကျတော့ တစ်ယောက်နဲ့တစ် ယောက် မုန်းလို့ကွဲကြရတယ်ဆိုတာက ဟုတ်သေးတယ်၊ မမုန်း ဘဲကွဲကြရတဲ့စုံတွဲတိုင်းဟာ သစ်စိမ်းကိုင်းကျိုးသလို ဖြောင်းကနဲ မြည်ပြီး ဖြောင်းကနဲရင်ကိုကျိုးပဲ့စေတာပေါ့ကွယ်၊ အဲဒီတော့ ချစ်သူလေးမသိရအောင် အဝေးတစ်မြင်ကနေ မသိမသာချောင်း ကြည့်တာလောက်တော့ ကြည့်ပါစေလားမြတ်နိုးရယ်”

ဆွေးဆွေးမြည့်မြည့်အသံနှင့် သီရိစကားသံဆုံးသွားလျှင် မြတ်နိုး ခေတ္တတော့ငိုင်သွားရသည်။ သို့သော် သူမ ချက်ချင်း ပင် ရုပ်ကိုပြင်ရသည်။

“သီရိရယ်. . မြတ်နိုးရဲ့ဘဝအခြေအနေကို မင်းသိရဲ့သား နဲ့ ရွှေပြည်အေးတရားတွေမဟောပါနဲ့တော့၊ မင်းပြောသလိုပါပဲ၊ ကိုယ် သူ့ကိုမမုန်းနိုင်ပါဘူး၊ အစကတော့ ဘာမှမတွေးမိဘဲ

သူ့ကိုချစ်တယ်လို့ဖြေလိုက်မိတယ်၊ ဒါပေမယ့် နောက်တစ်နေ့ ကျတော့ အခြေအနေအရပ်ရပ်ကြောင့် သူနဲ့ကိုယ်ဟာမဖြစ်နိုင်ဘူးဆိုတာ ကိုယ်သတိရသွားခဲ့တယ်၊ မချစ်လို့မှမဟုတ်ဘဲသီရိရယ်၊ မဖြစ်နိုင်လို့ ရပ်ပစ်လိုက်တဲ့အချစ်တစ်ခုရဲ့ဒဏ်ကို ကိုယ်လိုမိန်းမသားကတောင်ခံနိုင်သေးရင် သူ ယောကျ်ားတစ်ယောက်ပဲ၊ ပိုပြီးခံနိုင်ရည်ရှိရမှာပေါ့"

"မင်းအကြောက်လွန်နေတယ်ထင်ပါရဲ့မြတ်နိုးရယ်"

"မဟုတ်ဘူးသီရိ၊ ကိုယ်မခံစားချင်တော့ဘူး၊ ကွဲမှာကြို သိနေရဲ့နဲ့လည်း ကိုယ့်နှလုံးသားကိုယ် မနှိပ်စက်ချင်တော့ဘူး"

"အခုရော မင်းမခံစားရလို့လား"

"အခုခံစားရတာထက် အပြန်တစ်ရာဆိုးမယ့်အဖြစ်ကို ကိုယ်ရှောင်လိုက်တာပါသီရိရယ်၊ သူလည်း ကြာတော့ ကိုယ့်ကို မေ့သွားမှာပါ၊ ဘာမှမက်မောစရာမရှိတဲ့၊ ကိန်းခန်းကြီးတဲ့မိန်းမ တစ်ယောက်ကို သူလည်းစိတ်နာသွားမှာပါ၊ ကဲ. . လာ. . တို့ ကင်တင်းသွားစို့၊ တစ်ခုခုစားရအောင်"

နှစ်ယောက်အတူ ကင်တင်းသို့လျှောက်လာကြစဉ် အခန်း





ထောင့်တစ်ခုမှနေပြီး သူမကိုငေးကြည့်နေသည့် မင်းရာဇာကို မြတ်နိုးရင်နင့်စွာတွေ့လိုက်ရသည်။

ဗူးလေးရာ ဖရုံမဆင့်ချင်ပါနဲ့တော့ချစ်သူ။ ဘဝအတွက် နပန်းလုံးနေရတဲ့ဒုက္ခနဲ့ စီးချင်းထိုးနေရတဲ့ကျွန်မရင်ထဲကို ရှင် ဝင်မလာပါနဲ့တော့နော်။

# အခန်း(၁၃)

ကလေးများကို မြတ်နိုးစာပြနေခိုက် ထိုအိမ်သို့ ကားတစ်စီးထိုးဆိုက်လာပြီး အသံစာစာ၊စာစာနှင့် မိန်းမတစ်ယောက်၏အသံကို သူမကြားလိုက်ရသည်။

စာသင်ခန်းနှင့်ဧည့်ခန်းက မဝေးလှသဖြင့် သူတို့၏အသံများကို မြတ်နိုးကြားနေရသည်။

ကလေးများကတော့ လေ့ကျင့်ခန်းလုပ်နေကြသဖြင့် လူကြီးများ၏စကားကိုကြားမည်မထင်။ ဧည့်သည်မိန်းမနှင့် အိမ်ရှင်မိန်းမတို့၏စကားသံများအနက် ဧည့်သည်မိန်းမ၏အသံက ဒေါနှင့်မာန်နှင့်။

"ကေသီ့ကို တို့ရင်လာဖွင့်တာ၊ အိမ်ကလုပ်ပုံမဟုတ်လို့





လေ၊ ဘယ့်နှယ်. . သားနဲ့မယားကျ ဈေးဖိုးပေးရင် ကုတ်ခြစ်၊ ကုတ်ခြစ်၊ တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့၊ လား. . လား. . ညကမှ သူ့အကြောင်းတွေကောင်းကောင်းသိရတယ်လေ၊ သူက ကောင်မလေးတစ်ယောက်ကို တစ်လတစ်သိန်းထောက်ပံ့နေရတာကိုး"

"ဘယ်လို့ စာဥ. . ဘယ်လို. . ဘယ်လို. . တို့ကိုခိုင်ကြီးရိုးတယ်ရိုးတယ်နဲ့၊ ဟုတ်ရောဟုတ်ရဲ့လားစာဥရယ်၊ မင်းကလည်းအရမ်းပဲ. ."

"မရမ်းဘူး၊ မရမ်းဘူး၊ ညက သူနဲ့ကိုယ်အကြီးအကျယ်ကိုစကားများရန်ဖြစ်ပြီး ခုမနက် ကေသီ့အိမ်ဆင်းလာတာ၊ မေမေ့အိမ်ပြန်တော့လည်း ဒင်းက လိုက်လိုက်ခေါ်တယ်လေ၊ ဒီတစ်ခါတော့ ခြေရာကိုဖျောက်ပစ်လိုက်ဦးမယ်၊ ဒါမှ ဒင်းနောင်ကျဉ်သွားမှာ"

"နေစမ်းပါဦးစာဥရယ်၊ ဘယ်ကကောင်မလေးလဲ၊ ဘာလဲသူ့အငယ်လား၊ သူက အငယ်တွေ၊ဘာတွေထားတတ်နေပြီလား၊ ဟိုကရော စာဥမလောက်ချောလို့၊ တောင့်လို့လား၊ စာဥကမှတက္ကသိုလ်တုန်းက တကယ့်ပေါ်ပြူလာ၊ ကိုယ်လုံးကိုယ်ပေါက်

ကလည်း ကလေးတစ်ယောက်သာရတယ်၊ ခုထိမကျသေးဘူး၊ ကိုယ်ဆို ကလေးနှစ်ယောက်ရပြီး ဝဝလာလိုက်တာ၊ အိမ်ကယောကျ်ားကတော့ ပြောပါတယ်၊ ဝမှလှတာတဲ့”

အပြင်ဧည့်ခန်းမှ စကားသံများလျှံပြီး စာသင်ခန်းထဲသို့ ဝင်လာလျှင် မေမြတ်နိုးမှာ နားမထောင်ပေမယ့် ကြားနေရပြန်သည်။

“သူကတော့ မဟုတ်ဘူးပြောတာပဲ၊ သူ့ဒရိုင်ဘာရဲ့ညီမလေးတဲ့၊ သူ့ဒရိုင်ဘာက သူ့အပေါ် သိပ်ကောင်းခဲ့တာမို့ သေသွားတဲ့မျက်နှာကိုထောက်ပြီး ပံ့ပိုးနေရတာပါတဲ့”

“ဟင်. .”

ထိုစကားကိုကြားလိုက်ရလျှင် မြတ်နိုး ကြောင်သွားပြီး အပြင်မှမိန်းမကိုလည်း ထွက်ကြည့်ချင်စိတ်ဖြစ်သွားသည်။ စာဥဆိုတာဘယ်သူလဲ။ မသိတာလား။ မသိတာကို သူမ တစ်ခါပဲ မြင်ဖူးလိုက်ပါသည်။ စကားသံတော့မကျက်မိ။

မြတ်နိုး မျက်စိမျက်နှာပျက်စွာနှင့် ဆက်လက်နားထောင်နေမိပြန်၏။





“ဒါပေမယ့် ကေသီရယ်၊ ကောင်မလေးက ငယ်ငယ်ချောချောလေး၊ ပြီး သနားစရာလေးဆိုတော့ ကိုခိုင်အရမ်းစိတ်ပါနေမှာစိုးတာပေါ့၊ အခုတလော သူ့ကြည့်ရတာလည်း တစ်မျိုးပဲ၊ ကိုယ်နဲ့စကားပြောလို့ကို အဆင်မပြေဘူး”

“ဒီလောက်ကြီးလည်းမစိုးရိမ်ပါနဲ့စာဥရယ်၊ ယောကျ်ားတွေဟာ အပြင်မှာဘယ်လောက်ပဲပွေပွေ နောက်ဆုံးကျ ကိုယ့်မယားကြီးဆီပဲ ပြန်လာကြတာပါ၊ စာဥတို့လင်မယားဆိုလည်း စာဥဘယ်လောက်ပဲစိတ်ကောက်ပြီး ဆင်းသွားသွား သူလိုက်ချော့ခေါ်တာချည်းပဲမဟုတ်လား”

“ဟုတ်တော့ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ကောင်မလေးကတော်တော်ချောတော့ ကိုယ်စိတ်မချဘူးကေသီရယ်”

“ဒါဆိုလည်း အဲဒီကောင်မလေးဆီသွားရင် လိုက်ပေါ့၊ တစ်လတစ်သိန်းပေးရတယ်ဆိုမှတော့ ကိုခိုင်ကလည်း အလကားပေးမှာမဟုတ်ဘူး၊ တစ်ခုခုတော့ပြန်ယူမှာပဲ၊ ဒီလိုမိန်းမစားတွေမှာ ပြန်ယူစရာဘာရှိမလဲ”

မညှာမတာနှင့်သူတို့ပြောဆိုနေကြလျှင် မေမြတ်နိုးဆုမှာ ဇောချွေးတွေပြန်လာပြီး အသက်ရှူကျပ်လာသည်။

"ဒီတစ်ခါတော့ ကောင်မလေးကိုတွေ့ရင် ပက်ပက်စက်စက်ပြောပစ်လိုက်မယ်၊ ဒီလောက်တောင် လူပျိုမှန်း၊ လူအိုမှန်း မခွဲခြားတဲ့ဟာတွေ"

လင်ဆိပ်မွှန်နေသည့်စာဥ၏ စကားများကိုနားထောင်ပြီး မြတ်နိုး ခြေဖျားလက်ဖျားတွေအေးစက်လာတာ ဘာကြောင့်လဲ မသိ။ သူဟာ မသိတာလား။

သူမ မနည်းတည်ဆောက်ထားရသည့် ဘဝလေးပျက်သွားမှာ၊ အန်တီမေပါ မျက်နှာပျက်ရမှာ၊ သူမအရှက်ကွဲမှာတွေအားလုံးကိုတွေးပြီး မြတ်နိုးမှာ အပြင်သို့မထွက်ရဲ။

သို့သော် ထိုစာဥကလည်း ဒီအိမ်မှာ တစ်ရက်၊နှစ်ရက်လောက်နေမည့်ဧည့်သည်။ ထိုစဉ် စာသင်ချိန်စေ့သွားသဖြင့် ကလေးများအားလုံး မတ်ထပ်ရပ်လိုက်ကြသည်။

မြတ်နိုး အိမ်ပြန်ရုံပဲပေါ့။ ဧည့်ခန်းကိုဖြတ်ပြီး ကျော်ထွက်





ရမှာ သူမ မီးပင်လယ်ကိုဖြတ်ရမှာလောက် ကြောက်လန့်နေမိသည်။ စာဥဟာ မသိတာဆိုလျှင် ဘာတွေဖြစ်လာနိုင်သလဲ။

မကေသီကလည်း အထင်သေးသွားမှာပေါ့။ စို့ထွက်ချင်လာသည့်မျက်ရည်ကို မနည်းပြန်သွင်း၊ အံတင်းရင်း မြတ်နိုး စာသင်နေသည့်အခန်းထဲမှ အပြင်သို့ထွက်လိုက်ရသည်။

"ဟင်. ."

စာဥ၏အာမေဋိတ်သံကြီးထွက်ပေါ်လာလျှင် မြတ်နိုး၏မျက်ဝန်းတွေ မှောင်အတိကျသွားခဲ့သည့်နှယ်။ ကျားရဲရာ ကြမ္မာမရိုးသာတဲ့။ သူမကို တစစီကိုက်ဆွဲဖြဲကြတော့မည်။

မိန်းမသားတွေဟာ မိန်းမချင်းကိုယ်ချင်းမစာတတ်ကြဘူး။ အို. . ငါကလည်း သူ့ယောကျ်ားရဲ့ကူညီမှုကို လက်ခံခဲ့မိတာကိုး။ ကြည့်စမ်း. . ဒီဖြစ်ရပ်ဟာ ဖြူစင်တယ်ဆိုတဲ့အကြောင်း အဘယ်သူတစ်ဦးတစ်ယောက်က ယုံကြည်မှာတဲ့လဲ။

မြတ်နိုး၏မျက်ဝန်းတွေပြာဝေသွားစဉ် စာဥခေါ်မသိတာက သူမထံသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာသည်။

"တွေ့ချင်နေတာနဲ့အတော်ပဲ၊ ကေသီရောလည်း ကိုယ့်

ကလေးတွေအတွက် ဘယ်လိုဆရာမမျိုးကိုခေါ် ပေးထားပါလိမ့်၊ ဒါ ကိုခိုင့်ရဲ့မယားငယ်မလေ"

"အို. ."

"ရှင်. . ရှင်. . မဟုတ်တာတွေမပြောပါနဲ့"

မြတ်နိုး၏နားထဲမှာ ကမ္ဘာဖျက်သံ၊ ဗုံးသံ၊ အမြောက်သံတွေ။

"ဖြန်း"

"ဒါက ငါ့ယောကျ်ားကိုမြူဆွယ်တဲ့အတွက်"

"ဖြန်း"

"ဒါက ငါ့အသည်းနှလုံးကိုခွဲတဲ့အတွက်"

ပါးကိုနှစ်ချက်အရိုက်ခံလိုက်ရပြီးလျှင် မြတ်နိုး အိမ်ပြင်သို့ပြေးထွက်ခဲ့သည်။ အိမ်ထဲမှာတော့ ကလေးများ၏အော်ဟစ်သံက ကမ္ဘာပျက်မတတ်။

သူမ ကောင်းကောင်းအရှက်ကွဲခံရပေပြီ။ သူမ ကမ္ဘာကြီးထဲသို့ မဝင်ဆန့်ချင်တော့။ အလို. . တစ်ကမ္ဘာလုံးကလူတွေ သူမကိုရယ်သွမ်းသွေးကုန်ကြပြီလား။





ကမ္ဘာကြီးကလည်း ကျဉ်းလိုက်တာနော်။ အရှက်တွေလွန်ပြီး ပူထူမွှန်နေသည့်မြတ်နိုးမှာ တဒင်္ဂရူးသွပ်သွားသည့်နှယ်။

သတိသမ္ပဇဉ်တွေလွတ်ပြီး ပလက်ဖောင်းတစ်လျှောက်လျှောက်ပြေးနေမိစဉ် သူမ၏အနားသို့ ကားလေးတစ်စီးရပ်လာသည်။

ဘုရားရေ. . စာဥဆိုတဲ့စုန်းမကြီး လိုက်လာပြန်တာလား။ မျက်လုံးအပြူးသားနှင့် ကြောက်လန့်တကြား သူမကြည့်နေမိစဉ် ကားထဲမှထွက်လာတာ မင်းရာဇာဖြစ်နေလျှင် မြတ်နိုး စွေ့ကနဲ လမ်းပေါ်မှာလဲကျသွားလေတော့သည်။

# အခန်း(၁၄)

"မြတ်နိုး. . သတိရလာပြီလားဟင်"

ဆေးနံ့တွေထောင်းထောင်းထနေသည့် ခုံဆေးခန်းကုတင်တစ်ခုပေါ်မှာ သူမ ဆတ်ကနဲကြုံးထမိပြန်သည်။

ပြေးမယ်။ ကမ္ဘာကြီးရဲ့အမြင့်ဘက်ထိရောက်အောင် ပြေး မယ်။ ကဲ့ရဲ့လှောင်ပြောင်သံတွေနဲ့ဝေးရာကို ပြေးမယ်။ ရယ်မော သံတွေနဲ့ဝေးရာကိုပြေးမယ်။

ချွေးတွေနဲ့ရွှဲပြီး မြတ်နိုး၏အသွင်က အလန့်တကြားဖြစ်နေလျှင် မင်းရာဇာ ရင်နာရပါသည်။ သူကလေး ဘယ်လိုဖြစ်လာသလဲ။ ဘယ်လောက်ဆိုးဝါးတဲ့လောကခံကို ရင်ဆိုင်ခဲ့ရသလဲ။





"သတိထားပါမြတ်နိုးရယ်၊ မင်းအနားမှာ ကိုအမြဲရှိနေမယ်၊ လောလောဆယ် စိတ်ဆင်းရဲစရာကိစ္စတွေ ခဏမေ့ထားလိုက်နော်၊ ဆရာဝန်က မြတ်နိုး တအားစိတ်ဖိစီးမှုဒဏ်ခံလိုက်ရတယ်တဲ့၊ ရူးရင်တောင်ရူးသွားနိုင်တယ်တဲ့"

သူမ၏လက်လေးတစ်ဖက်ကို ယုယကြင်နာစွာဆုပ်ကိုင်ရင်း မင်းရာဇာအားပေးနေလျှင် ကမ္ဘာလောကကိုမေ့၍ သူ့ကိုပါ ရှက်လွန်းသဖြင့် မြတ်နိုးမျက်စိမှိတ်ထားမိသည်။

"ရူးသွားရင်လည်းကောင်းမှာ၊ ရူးသွားရင် ဘာမှမသိရတော့ဘူး၊ မရှက်ရတော့ဘူး"

တီးတိုးရေရွတ်နေပုံက တဖွဖွ။ လောလောဆယ် သူကလေးဘယ်လိုဖြစ်လာသလဲလို့ မင်းရာဇာမမေးတော့ပါ။ အပြင်ဘက်သို့ ခေတ္တထွက်သွားပြီး ဆရာဝန်ကိုသာ အကျိုးအကြောင်း ပြောပြမိသည်။

လောလောဆယ် မြတ်နိုးအိပ်ပျော်နေဖို့သာ အကောင်းဆုံးကုထုံးပါ။

မြတ်နိုးအိပ်ယာကနိုးလာသည့်အခါ သူမ၏အနီးမှာ ထားသီရိနှင့် အန်တီမေကိုတွေ့လိုက်ရသည်။

တစ်ညလုံး အိပ်မက်ဆိုးတွေနှင့်လုံးထွေးနေခဲ့ရသည်မို့ မြတ်နိုး၏အသွင်က နွမ်းဖတ်လျက်။

အန်တီမေက သူမ၏လက်ကလေးများကို ဆုပ်နယ်ပေးနေလျှင် မြတ်နိုး၏မျက်ရည်များ အဆက်မပြတ်စီးကျလာသည်။

"မငိုပါနဲ့သမီးရယ်၊ လောကကြီးမှာ ကိုယ်တစ်ယောက်တည်းပဲ ကံဆိုးတယ်၊ ဒုက္ခရောက်လှပြီဆိုပြီး အားမငယ်ပါနဲ့၊ လောကကြီးထဲမှာ ကိုယ့်ထက်ဆိုးတဲ့အဖြစ်မျိုးတွေ ဒုနဲ့ဒေးပါ"

"ဒါပေမယ့် အန်တီရယ်. . အန်တီရှာပေးထားတဲ့အလုပ်





လေးလည်းပြုတ်သွားပြီ၊ မြတ်နိုးလည်း အရှက်တွေကွဲကုန်ပြီ၊ ဘယ်သူ့ကိုမှ မျက်နှာမပြချင်တော့ဘူး"

ထားသီရိကလည်း ဝင်ရောက်ပြီးအားနှင့်မာန်နှင့်အားပေးပါလေသည်။

"ဘာဆိုင်လို့လဲမြတ်နိုးရဲ့၊ မသိတာစွပ်စွဲသလို ကိုယ်က သူ့ယောကျ်ားနဲ့မကင်းမရှင်းလည်းမဟုတ်ဘူး၊ တစ်ခုပဲရှိတယ်၊ သူ့ယောကျ်ားကူညီတာကို လက်ခံမိတဲ့အပြစ်"

"ဒီအပြစ်က ကိုယ့်ကို ဒီလောက်ထိဒဏ်ခတ်လိမ့်မယ်ဆိုတာ ကိုယ်မသိခဲ့ဘူးသီရိရယ်"

"ကဲပါသမီးရယ်. . ဖြစ်လာမှတော့ ကြံ့ကြံ့ခံနိုင်ဖို့ပဲကြိုးစား၊ ဒီအဖြစ်မျိုးကလည်း နောက်တစ်ခါမဖြစ်နိုင်တော့ပါဘူး၊ အန်တီမေ သမီးအတွက် အလုပ်ရှာပေးဦးမယ်၊ မနက်က မင်းရာဇာဖုန်းဆက်ဆက်ချင်း အန်တီမေတို့ ဒီဆေးခန်းကိုလိုက်လာခဲ့တာ၊ ပြဿနာကတော့ ညကတည်းက ကေသီဖုန်းဆက်လို့သိပြီးပြီလေ၊ အန်တီမေ သူ့ကိုရှင်းပြလိုက်ပါတယ်ကွယ်၊ ဒါပေမယ့်. . "

"ဒေါ်ကေသီက မယုံဘူးမဟုတ်လား၊ မသီတာက သူ့သူငယ်ချင်းလေ၊ သူ့သူငယ်ချင်းရဲ့စကားကိုပဲယုံမှာပေါ့"

"ထားလိုက်ပါသမီးရယ်၊ လောကကြီးမှာ အကောင်းဆုံးဖြစ်အောင်နေထိုင်ဖို့ပဲ သမီးကြိုးစား၊ ဘာမှအားမငယ်နဲ့၊ လောလောဆယ် သမီးဘာလုပ်ချင်သလဲ"

"ဒီဆေးခန်းက ဆင်းပြေးချင်တယ်အန်တီမေ၊ မြတ်နိုးသူ့ကိုမတွေ့ချင်ဘူး၊ သူ့အကူအညီတွေမလိုချင်ဘူး၊ သူ့ကို မြတ်နိုးအရမ်းရှက်မိတယ်"

မြတ်နိုး၏စကားကိုကြားရလျှင် ထားသီရိနှင့်အန်တီမေ တို့ သက်ပြင်းပြိုင်တူချလိုက်မိကြသည်။ အတန်ကြာငြိမ်သက် အားယူပြီးကာမှ သီရိက. . .

"ဒီလိုလည်း စိတ်ကိုအစွန်းမရောက်ပါနဲ့မြတ်နိုးရယ်၊ မင်း လည်း ဆေးခန်းကဆင်းပြေးလို့မရဘူးလေ၊ စာရင်းရှင်းရဦးမှာ အလိုက်အထိုက်နေလိုက်ပါဦးမြတ်နိုးရယ်၊ ကိုယ့်ဘဝမှာ ဘာ မထိခိုက်ဘူး၊ ပြဿနာမတက်ဘူးဆိုရင် ပြီးတာပဲမဟုတ်လား

"ကိုယ် အားလုံးကိုကြောက်နေမိတယ်သီရိရယ်၊ ဒီလို





အလိုက်အထိုက်နေရင်းကနေ ခု မသီတာပါးရိုက်တာခံခဲ့ရပြီ မဟုတ်လား၊ သေတဲ့အထိ ကိုယ့်နှလုံးသားမှာ 'ဒဏ်ရာအမာရွတ် စွဲထင်ကျန်ခဲ့မယ့်ဒဏ်ချက်ပါပဲ"

"ဒါကတော့ မသီတာလွန်တာပါ။ လူတစ်ဖက်သားကို စော်ကားလွန်းတယ်၊ မိန်းမသားချင်းလည်း ကိုယ်ချင်းမစာဘူး၊ မြတ်နိုးရဲ့ကိုကို တစ်ယောက်တစ်ဝက်နှုန်းနဲ့ ကားမောင်းကျွေး လာခဲ့တာ သူနဲ့မညားခင်ကတည်းကပဲ၊ ဒီလောက်အကျိုးအမြတ် ရခဲ့တာလည်း ထည့်တွက်ဦးမှပေါ့၊ ကိုကိုက မှန်မှန်ကန်ကန်နဲ့ ပြန်အပ်တဲ့ငွေတွေနည်းသလား"

"ထားပါတော့လေ၊ တဲ. . ဒီနေ့ မြတ်နိုးကျောင်းမတက် နိုင်တော့ဘူး၊ သီရိပဲ သွားတက်ပေတော့၊ အန်တီမေကိုလည်း မြတ်နိုးအရမ်းဖဲကျေးဇူးတင်ပါတယ်၊ ကိုယ့်မိခင်လိုပဲ မြတ်နိုး အားလည်းကိုး၊ ယုံလည်းယုံကြည်မိပါတယ်၊ မြတ်နိုးမှာ အန်တီ မေတို့သားအမိ ဆွေမျိုးရင်းချာရှိပါတော့တယ်ရှင်"

လက်အုပ်လေးချီပြီး မြတ်နိုးပြောလျှင် အန်တီမေမှာ

မျက်ရည်လေးတလည်လည်။ သီရိကတော့ မျက်ရည်ကိုခိုးသုတ်နေလေ၏။

"ကဲ. . သမီး. . စိတ်ချမ်းချမ်းသာသာနေခဲ့၊ ကမ္ဘာပေါ်မှာ အဖြစ်ဆိုးတွေအများကြီးရှိပါတယ်ကွယ်၊ ကိုယ့်အဖြစ်ကပဲ ဆိုးလှပြီ၊ ရှက်စရာကောင်းလှပြီလို့ တွေးတွေးပြီးဝမ်းနည်းမနေပါနဲ့၊ သမီး အခုအကောင်းဆုံးကြိုးစားပြီး လုပ်ဆောင်နေတာပဲမဟုတ်လား၊ အန်တီ့မေကလည်း အများကြီးကူညီမယ်၊ ညနေက တစ်ခေါက်လာခဲ့ဦးမယ်နော်၊ သမီးအတွက် ထမင်းချိုင့်ယူလာခဲ့မယ်"

နှုတ်ဆက်ပြီး သီရိတို့သားအမိထွက်ခွာသွားလျှင် မြတ်နိုးတစ်ယောက်တည်းကျန်ခဲ့သည်။

မင်းရာဇာလည်း ကျောင်းသွားပြီထင်ပါသည်။ ပေါ်မလာတော့ပါ။

❧ ✿ ❧



"ဦးခိုင်မြဲအောင်. . "

မျက်စိမျက်နှာပျက်စွာဖြင့် ဦးခိုင်မြဲအောင်ဝင်လာလျှင် မြတ်နိုးမှာ ဆေးခန်းထဲ သရဲတစ္ဆေဝင်လာသည့်နှယ် မျက်နှာတစ်ပြင်လုံး ဖြူဖွေးသွေးဆုတ်သွားရပါ၏။

"သွား. . သွား. . ရှင်ထွက်သွား၊ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး၊ ရှင့်ကိုမြင်နေရရင် ကျွန်မ ချက်ချင်းလဲသေသွားလိမ့်မယ်"

အားမရှိသော်လည်း အစွမ်းကုန်အော်ဟစ်ပြီး သူမနှင်ထုတ်လိုက်လျှင် နာ့စ်တစ်ယောက် အပြေးဝင်လာသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူးဆရာမ၊ ကျွန်တော် လူနာလာမေးတာပါ"

ရည်မွန်ယဉ်ကျေးသောသူ့ရုပ်နှင့် သူ့အရည်အသွေးတို့ကြောင့် နော့စ်က စိတ်ချလက်ချထွက်သွားပြန်သည်။

"ကိုယ်သိသိချင်းပဲ ပူထူသွားတာပဲ၊ မကေသီက ကိုယ်နဲ့လည်းသူငယ်ချင်းလေ၊ ဖုန်းဆက်ပြီး အကျိုးအကြောင်းတွေပြောပြတယ်၊ ကိုယ် စာဥကို လုံးဝစိတ်ကုန်သွားပြီ၊ သွားလည်းမခေါ်တော့ဘူး"

"ရှင်တို့ကိစ္စတွေ ကျွန်မကို ဘာမှလာပြောမနေနဲ့၊ ကျွန်မရှင့်ကိုစိတ်နာတယ်၊ ကမ္ဘာပေါ်မှာ ရှင့်ကိုအနာကျည်းဆုံးပဲ"

"ဟောဗျာ. . မြတ်နိုးလေး အတွေးအခေါ်တွေမှားနေပြီ၊ ကိုယ်က မြတ်နိုးကို ဘာဒုက္ခမှပေးခဲ့တာမဟုတ်ဘူး၊ မြတ်နိုးကို ပန်းလေးတစ်ပွင့်လိုသဘောထားပြီး ကိုယ်က ဥယျာဉ်မှူးတစ်ယောက်လို တယုယတယယနဲ့ ပြုစုစောင့်ရှောက်. ."

"တော်ပါပြီ၊ တော်ပါပြီ၊ ရှင့်မယားနဲ့ရှင့်သားကိုသာ သွား





ပြီးပြုစုစောင့်ရှောက်ပါ၊ ကျွန်မကိုလာပြီး ဥယျာဉ်မှူးတွေ၊ဘာတွေနဲ့တင်စားမနေပါနဲ့၊ မသိတာဟာ ရှင့်မိန်းမပဲ"

"ဟုတ်တယ်လေ၊ မြတ်နိုးမုန်းချင် သူ့ကိုမုန်းပေါ့၊ အမှုဖွင့်ဦးမလား၊ ရတယ်၊ ကိုယ်စီစဉ်ဆောင်ရွက်ပေးမယ်"

"ရှင်. . ရှင်. . ကျွန်မကိုရွဲ့ပြောနေတာလား၊ သွားပါရှင်၊ ဦးခိုင်မြဲအောင် ကျွန်မအပေါ်ကောင်းခဲ့တဲ့အတွက် ကျွန်မ ရှင့်အပေါ် မပြစ်မှားချင်ဘူး၊ မစော်ကားချင်ဘူး၊ ကျေးဇူးပြုပြီး ကျွန်မအနားကရှင်ထွက်သွားပါတော့၊ ရှင့်မျက်နှာကို ကျွန်မ ဘယ်တော့မမြင်ရပါစေနဲ့တော့"

မြတ်နိုးမှာ ပြောရင်းမှပင် အသံတွေတုန်၊ မျက်နှာတွေနီပြီး မျက်ရည်တွေကျလာလျှင် ဦးခိုင်မြဲအောင်မှာ ထိတ်လန့်လျက်။

"မငိုပါနဲ့မြတ်နိုးရယ်၊ မင်းငိုရင် ကိုယ်လူသတ်ချင်တယ်၊ ဒီလောက်တောင် ရှန့်လိုနေတဲ့မိန်းမကို ကိုယ်ဒဏ်ခတ်ပစ်လိုက်မယ်၊ သူနဲ့ဒီနေ့ပဲ ကွာရှင်းလိုက်မယ်၊ ဒါဆို ကိုယ့်ဘဝကို သူလာ

ချုပ်ချယ်လို့မ[illegible]တော့ဘူး၊ ကိုယ့်ဘဝကို ချမ်းမြေ့သာယာစွာ ပြန်ပြီးတည်[illegible]ာက်မယ်”

ဦးခိုင်မြဲအောင်. . ”

မြတ်နိုး ပိတ်အော်ပစ်လိုက်စဉ် အခန်းထဲသို့ မင်းရာဇာဝင်လာသည်။ သူ့နောက်မှာလည်း သူငယ်ချင်းသုံးယောက်နှင့်။

ပုံစံကြည့်ရတာ ကျောင်းသွားရင်းနှင့် ဝင်လာကြတာဖြစ်ပေမည်။ ပုံစံကတော့ သူဌေးသားတွေချည်း။

ဦးခိုင်မြဲအောင်နှင့် မင်းရာဇာတို့အဖွဲ့ ဆုံလိုက်ကြလျှင် အကြည့်တွေက မီးပွင့်တော့မတတ်။ ဦးခိုင်မြဲအောင်က. . .

“အြ. . မင်းတို့ကိုး”

ဟု ပြောပြီး မြတ်နိုးကိုနှုတ်ဆက်လိုက်သည်။

“ကဲ. . မြတ်နိုးလေး. . ကိုယ်ပြန်ဦးမယ်၊ သတိတော့ထားနော်၊ သူတို့အဖွဲ့က မားဝိဇ္ဇာအဖွဲ့”

ဦးခိုင်မြဲအောင်ထွက်သွားလျှင် မေမြတ်နိုး ပဟေဠိဖြစ်ကျန်ခဲ့ရသည်။ သူတို့အဖွဲ့ဟာ မားဝိဇ္ဇာအဖွဲ့တဲ့။ ဘာကိုဆိုလိုတာလဲ။





မင်းရာဇာတို့အဖွဲ့ အခန်းထဲမှာနေရာယူပြီး ယဉ်ကျေးစွာထိုင်လိုက်ကြလျှင် မြတ်နိုး ကုတင်ပေါ်မှာအနေကြံ့မိသည်။ နည့်သည်သူစိမ်းတွေပါနေသဖြင့် သူမ မင်းရာဇာကိုလည်း ရန်မလုပ်တော့ပါ။

အားလုံးကိုသာ ငေးကြောင်ကြောင်ဖြင့်ကြည့်နေမိသည်။ တကယ်လည်း သူမ မည်သူ့ကိုမှမသိဘူးမဟုတ်ပါလား။

မင်းရာဇာက သူမနှင့်အနီးဆုံးမှာဝင်ထိုင်ပြီး မြတ်နိုး၏လက်ကလေးတစ်ဖက်ကို ကြင်နာစွာဆုပ်ယူလိုက်သည်။ ပြီးမှသူ့လူများနှင့် တစ်ယောက်ချင်းမိတ်ဆက်ပေး၏။

“မြတ်နိုး. . ဒါ ကိုယ့်ရဲ့အခင်ဆုံးရင်ဘတ်မိတ်ဆွေတွေ၊ တစ်ယောက်နဲ့တစ်ယောက် သွေးသောက်ညီအစ်ကိုတွေ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်ကကူညီတယ်၊ ဖျတ်ကနဲကြည့်ရင်တော့ မိုက်ကန်းကန်းရုပ်တွေထွက်ပေမယ့် ကိုယ်တို့ဘယ်သူ့အပေါ်မှ ကလိမ်ကကျစ်မလုပ်ဖူးဘူး”

သူတို့အဖွဲ့၏အရည်အချင်းတွေကို မင်းရာဇာပြောပြနေ

လျှင် မြတ်နိုးခေါင်းညိတ်ပြရပါသည်။ သူမ၏မျက်နှာက မပြုံးမရယ်။

သူမ၏ဦးနှောက်ထဲမှာ 'ခေးဝိဇ္ဇာ'ဆိုသည့်စကားလုံးကပဲကြီးစိုးနေသည်။

"သူက သီဟ၊ သူက ရဲရင့်၊ ဒါက စပ်နေဦး၊ အကုန်လုံးအီကိုကချည်းပဲ၊ ကျောင်းပြီးရင် ကိုယ်ပိုင်လုပ်ငန်းတွေလုပ်မယ့်သူချည်းပဲ"

"တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ၊ အဲ. . ဝမ်းသာတယ်ဆိုတာ မေမြတ်နိုးနဲ့ခင်ရတာကိုပြောတာပါ၊ ခုလို ဆေးခန်းတင်ထားရတဲ့အတွက်ကတော့ ဝမ်းနည်းပါတယ်"

"ရှင်. ."

သူမဟာ ဘာရောဂါနဲ့ ဆေးကုခံနေရတယ်လို့ သူပြောထားသလဲ။ အို. . ရှက်လိုက်တာ. . ရှက်လိုက်တာ။

မင်းရာဇာကိုလှမ်းကြည့်ပြီး မေမြတ်နိုး မျက်နှာတွေနီ၊ မျက်ရည်တွေစီးကျလာလျှင် မင်းရာဇာမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။





သူမ၏အနားသို့ ပိုမိုတိုးကပ်လာပြီး သူ့သူငယ်ချင်းများကိုလည်း နှင်ထုတ်လိုက်လေသည်။

"ဟေ့ကောင်တွေ. . သွားကြတော့၊ ငါဒီနေ့လစ်တယ်၊ အကြောင်းထူးရင် ဖုန်းဆက်၊ ပိပိရရိရှိပစေနော်၊ ဩော်. . ထင်ရှားနဲ့တွေ့ရင် ညနေ ငါ့ဆီဝင်ခဲ့ဦးလို့"

သူ့သူငယ်ချင်းများက မြတ်နိုးကို ဆပ်ကပ်ထဲမှလူပြက်တွေလို ရှိသေစွာဦးညွှတ်ပြကြ၏။ ထို့နောက် မင်းရာဇာ၏အမိန့်အတိုင်း ထွက်သွားကြလေသည်။

သူမ၏စားပွဲပေါ်မှာ စားသောက်စရာမုန့်များနှင့် သစ်သီးဝလံများကအပြည့်။ ဟောလစ်တွေ၊ အိုဗာတင်းတွေကလည်းဗူးအမျိုးမျိုး။

မည်သူမှမရှိကြတော့လျှင် မြတ်နိုးအနေရခက်စွာနှင့် သူ့ကိုစတင်ရန်လုပ်ပါတော့သည်။ သူစိတ်ပျက်သွားစေရန်အတွက်လည်း သူမ၏အဖြစ်အပျက်တို့ကို တည်တည့်ကြီးဖွင့်ပြောဖို့မြတ်နိုးစိတ်ကူးလိုက်၏။

"ရှင်က ဘာကိစ္စကျောင်းလစ်ရတာလဲ၊ ဘာပြဿနာတွေ

ရှုပ်ထားလို့ ပိပိရိရိရှိခိုင်းတာလဲ၊ ကိုယ့်ဘာသာစိတ်ညစ်နေတာ နေ၁်၊ အမှိုက်ပုံကြီးမျောလာတဲ့အထဲ သရောပုံက မရောယှက် ချင်ပါနဲ့ရှင်၊ ကျွန်မ ခုလိုဘာကြောင့်ဗုန်းဗုန်းလဲသွားရတယ်ဆို တဲ့အကြောင်း ရှင့်ကိုပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ၊ ရှင်နားထောင်"

မျက်စိမျက်နှာပျက်နေသည့်ကြားမှ မာန်တင်းပြီး မြတ်နိုး ဟန်ပြင်လျှင် မင်းရာဇာ သူမကိုချော့မော့ဖျောင်းဖျရသည်။

"နေပါဦးမြတ်နိုးရယ်၊ မင်းနဲ့ကိုဟာ ရန်သူကြီးတွေမဟုတ် ပါဘူး၊ ပြီးတော့ ကို မဟုတ်တာဘယ်တော့မှမလုပ်ဘူး၊ စိတ်ချ၊ ပိပိရိရိရှိပစေဆိုတာ အိမ်က ကျောင်းလစ်တာသိမှာစိုးလို့ပါ၊ ဒီလောက်တော့ ဖုံးရဖိရတာပေါ့၊ ကဲ. . မြတ်နိုး. . ဘာမှမစား ရသေးဘူးမဟုတ်လား၊ ကို ပြင်လိုက်၊ဆင်လိုက်ဦးမယ်၊ စကား က ပြီးမှပြော၊ တစ်နေ့လုံးပြောလည်းရတယ်"

"ဘာလဲ. . ရှင်က တစ်နေ့လုံးစောင့်ပေးမလို့လား၊ အမြင် မတော်ဘူး၊ ပြန်. . နှစ်ပဲထားပေး"

မြတ်နိုးရန်လုပ်နေသော်လည်း မင်းရာဇာကတော့ သူ့ အလုပ်သာသူဆက်လုပ်နေသည်။ အိုဗာတင်းပူပူနှင့် မုန့်များကို





လင်ဗန်းလေးထဲထည့်ပြီး ကိုယ်တိုင်ကျွေးမွေးဖို့သာ အာရုံစိုက် နေ၏။

လက်သုတ်ဝတ်ကို သူမ၏ပေါင်ပေါ် သို့ဖြန့်တင်လိုက်ပြီး မင်းရာဇာ သူမကိုစတင်ကျွေးမွေးဖို့ပြင်လျှင် မြတ်နိုးခေါင်းခါ လိုက်သည်။

"ပေး. . ကျွန်မဘာသာသောက်မယ်"

"မြတ်နိုးကအားနည်းနေလို့ ကိုယ်ကပြုစုတာပ"

"ရတယ်၊ ရှင်နဲ့ကျွန်မ ဘာမှလည်းမဟုတ်ဘဲနဲ့. . "

"ဘာလို့မဟုတ်ရမှာလဲ၊ ချစ်သူတွေလေ"

"ကျွန်မဘက်ကဖျက်လိုက်ပြီ"

"ဘယ်ရမလဲ၊ ချစ်သူဆိုတာ တစ်ခါတော်ပြီးရင် တစ်သက်လုံးမပျက်တော့ဘူး။ တစ်ဖက်ဖက်ကသစ္စာမပျက်သမျှ ဘယ်တော့မှ ချစ်မဏ္ဍိုင်မပျက်ဘူး၊ အလကားအသလွတ်ကြီး၊ ကဲ. . ဟ. . ပါးစပ်ဟ. . "

မင်းရာဇာအတင်းပင် အိုဗာတင်းခွက်ကိုဖြည်းညင်းစွာ

ပါးစပ်ထဲသို့စောင်းတိုက်လေလျှင် မြတ်နိုးမတတ်နိုင်တော့၏။ လူကိုရွဲစိုကုန်မှာစိုးရိမ်သည်နှင့် မျိုချရပါတော့သည်။

သူက မုန့်ခွံ့လိုက်၊ အရည်တိုက်လိုက်နှင့် တော်တော် ပီတိဖြစ်နေသမျှ မြတ်နိုးမှာ ကသိကအောက်ဖြစ်ရသည်။

ရင်ထဲမှာ ကြည်နူးစိတ်နှင့် သသယစိတ်က တစ်ဝက်စီ။ ဘယ်လိုမှစိတ်ကိုဒုံးဒုံးမချနိုင်သည့်ချစ်သူအတွက် သူမမှာ လိပ်ခဲ တည်းလည်း။

"ကဲ. . တော်ပါတော့ရှင်၊ သူများတွေမြင်ကုန်လိမ့်မယ်"

"မြင်. . မြင်ပေ့ါ၊ ဒါ ပန်းခြံထဲမှာ၊ တည်းခိုခန်းမှာကဲနေ တာမဟုတ်ဘူး၊ မကျန်းမာတဲ့ချစ်သူကို ကျောင်းလစ်ပြီးပြုစုယုယ နေတာ၊ အဟဲ. . လူမမာကိုမှီပြီး လူမမာလာမေးတဲ့သူတွေယူ လာတဲ့မုန့်ကို ကပ်စားရမယ်"

တကယ်ပင် သူက မြတ်နိုးကျန်သည့်မုန့်ကျန်တွေနှင့် အိုဗာတင်းကိုမော့သောက်နေလျှင် သူမရင်ထဲ လှပ်ကနဲဖြစ်ရ ပြန်သည်။

သည်လိုနှင့်ပဲ မိုးကြီးချုပ်တော့မည်လား။ ဒီလောက်ချစ်





ဖို့ကောင်းတဲ့ချစ်သူကို သူမဘယ်လိုလုပ်ပြီး မုန်းလို့မေ့လို့ရမှာလဲ။ သို့သော် သူမ၏အဖြစ်ဆိုးကြီးကိုလည်း မြတ်နိုးမေ့မပစ်နိုင်။

ကိုခိုင့်ရဲ့မယားငယ်မ. . တဲ့။ ပြောရက်လိုက်တာ။ အတွေး ကြောင့် သူမ၏မျက်နှာလေးညိုးသွားခဲ့ပြီး အိပ်ယာပေါ်မှာ ချုံး ချုံးကျအောင်မြတ်နိုးလဲကျလုလု။

မင်းရာဇာက အလိုက်သိစွာပင် သူမကိုသုတ်သင်ပေးပြီး အိပ်ယာပေါ်မှာပြန်ပွေ့သိပ်ပေးလိုက်သည်။ ပြီးမှ လည် မြတ်နိုး၏မျက်နှာနားမှာ ခွေးခြေလေးဆွဲယူပြီးထိုင်၏။

"စိတ်ကိုအေးအေးထားပါမြတ်နိုးရယ်၊ အဖြစ်အပျက်တွေ အကုန်ပြောပြ၊ ဘာမှမကြောက်နဲ့၊ ကို သဘောထားကြီးပါတယ်၊ ပတ်ဝန်းကျင်ကဘယ်လိုပဲမကောင်းထင်ထင် ကို မြတ်နိုးကိုတန်ဖိုး ထားလေးစားပြီးသားပါ"

ကိုက ခပ်ရဲရဲ၊ ခပ်ဝံ့ဝံ့ပင် ကတိပေးလိုက်လျှင် အဖြစ် အပျက်တွေအားလုံးကို မြတ်နိုးပြောပြလိုက်သည်။

# အခန်း(၁၅)

"ဘယ်သူ့ဘယ်သူ့အပေါ်မှ အပြစ်ပြောလို့တော့မရဘူးပေါ့လေ၊ မသီတာဘက်ကကျတော့လည်း သူ့ယောကျ်ားကို သူချစ်တာကိုး၊ စိုးရိမ်မှာပေါ့၊ မသီတာနေရာမှာ မြတ်နိုးဆိုရင်ရော၊ ဦးခိုင်မြအောင်နေရာမှာ ကိုယ်နေတယ်ထား၊ ကိုယ် တိတ်တဆိတ်ထောက်ပံ့နေမယ့်ကောင်မလေးအပေါ်မှာ မြတ်နိုးကြည်ဖြူနိုင်မှာလား"

ဇာတ်လမ်းအဆုံးမှာ မင်းရာဇာတွေးတွေးဆဆပြောလျှင် မြတ်နိုး၏ရင်မှာ ဆတ်ဆတ်ခါအောင်နာသွားမိပြီး မယုံနိုင်သည့်အကြည့်ဖြင့်သာ သူ့ကိုကြည့်မိတော့သည်။





ဒါဖြင့် ဒီဇာတ်လမ်းမှာ သူမဟာ ဗီလိန်ပေါ့။ မြတ်နိုးပဲ လွန်သည်ပေါ့။ ချစ်သူ၏မှတ်ချက်၊ ကောက်ချက်များကိုကြားလိုသေးသဖြင့် မျက်လုံးကိုမှိတ်ကာ မြတ်နိုးနားထောင်နေလိုက်သည်။

မျက်လုံးမှိတ်ထားလိုက်တော့ မြတ်နိုးဘာတွေခံစားနေရတယ်ဆိုတာ သူမသိတော့ဘူး။ ဘုရားရေ. . ကျွန်မတို့ဟာ အယူအဆ သဘောထားတွေဖြောင့်ဖြောင့်ဆန့်ကျင်နေကြသလား။

နှလုံးသားရဲ့ယူဆချက်၊ ခံယူချက်တွေလည်း မတူညီကြပါလား။ သူက မသီတာဘက်မှရပ်တည်သည်ဆိုလျှင် မြတ်နိုးမှားသည်ပေါ့။

သေချာပါသည်။ မသီတာ၏နေရာမှာ မြတ်နိုးဝင်ကြည့်တနာခဲ့ဖူးပါသည်။ ကိုယ့်ယောကျ်ားထောက်ပံ့နေတဲ့ကောင်မလေးဟာ ဆတ်စလူးလေးလား၊ ပိုင်းလုံးမလေးလား၊ ယောကျ်ားတွေကိုညာချွဲပြီး ခန္ဓာကိုယ်ကိုရောင်းစားနေတဲ့ ပေါ့ပေါ့တန်တန်ကောင်မလေးတစ်ယောက်လားဟု သူမဆန်းစစ်မှာပေါ့။

ယခုတော့ ထောက်ထားညှာတာစရာတွေရှိသဖြင့် မလွှဲ

မကင်းသာထောက်ပံ့ပေးကမ်းလိုက်ရသည့် အမျိုးကောင်းသမီ လေးအပေါ် မသီတာစော်ကားရက်စက်လွန်းလှပါသည်။

သူတို့၏ကူညီမှုနှင့်မတန်အောင် ပြန်ပြီးရိုင်းစိုင်းရက်စက် ခဲ့ကြသည်။ သို့သော် မင်းရာဇာ၏အမြင်မှာ မသီတာမှန်သတဲ့ လား။

အူအတိုလွန်၊ သဝန်အတိုလွန်ပြီး စေးနှဲရက်စက်လွန်း သည့်မသီတာကိုမှ သူကမှန်သတဲ့။ မျက်ရည်ပူများစီးကျမလာ အောင်၊ စီးကျလာလျှင်လည်း သူမသိအောင် မြတ်နိုး နံရံဘက် သို့စောင်းလိုက်၊ လှည့်လိုက်မိသည်။

သူကတော့ သူ့ကိုယ်သူ လူတတ်ကြီးလုပ်ကာ ဆက်လက် ဝေဖန်နေသည်။

"ဒါပေမယ့် ကိုယ့်ယောက်ျားကိုယ်မပြောဘဲ တစ်ဖက်သာ မိန်းကလေးကို လူရှေ့သူရှေ့ပါးရိုက်တာ၊ အရှက်ခွဲတာကတော မသီတာလူမဆန်တာပေါ့၊ မိန်းမသားချင်း ကိုယ်ချင်းမစာနာတ ပေါ့"

မြတ်နိုး သူ့ကို ဘာစကားတစ်ခွန်းမှပြောမနေချင်တော





ပါ။ လောလောဆယ် သူမ ဒီဆေးခန်းပေါ်မှဆင်းပြီး ကမ္ဘာ့ အပြင်ဘက်ထိထွက်ပြေးလိုက်ချင်တာပဲ သူမ၏အပြင်းဆုံးဆန္ဒ။

"မြတ်နိုးလည်း ကျောင်းပြီးဖို့ လေးလလောက်ပဲလိုတော့ တယ်မဟုတ်လား၊ ဒီရက်ပိုင်း၊ လပိုင်းလောက်ကို ကိုယ်တာဝန် ယူနိုင်ပါတယ်၊ အဟဲ. . ကိုယ့်မေမေက စနစ်ဇယားကြီးတော့ ငွေကိုတိုင်းတာပေးလေ့ရှိပေမယ့် ကိုယ့်မှာ ဘွားဘွားအမွေပေး ထားတဲ့ စိန်နားကပ်ကြီးတစ်ရန်ရှိသေးတယ်၊ ခုကာလပေါက်ဈေး နဲ့ဆို ဆယ်ဂဏန်းကျော်မှာပေါ့၊ မြတ်နိုး အေးအေးဆေးဆေးနဲ့ ပညာဆက်သင်ပေတော့"

သူ့စကားတွေကိုနားထောင်ရင်းနှင့် မြတ်နိုး၏ရင်မှာ အရမ်းမွန်းကျပ်လာခဲ့သည်။ သူဟာ မြတ်နိုးကို ဇငွစကားပြော၊ ငွေနဲ့ချော့မြူနေတာလား။

မျက်စိမှိတ်ပြီးလှဲလျောင်းနေရာမှ မြတ်နိုး အားယူပြီးထိုင် မိ၏။ ထိုအခါ မင်းရာဇာပျာပျာသလဲပင် ဖြည်းညင်းစွာလာထူ ပေး၏။

သူ့စကားတွေကို မြတ်နိုးနားမထောင်ချင်တော့ပါ။ သူ့

စကားတွေထဲမှာ သူ့အမေမလွယ်တာတွေလည်းပါလာပြီ။ နောက်ဆုံး နှလုံးရောဂါဖြစ်ပြီး သားကိုကြိုးကိုင်အုပ်ချုပ်မည့် မိခင်မျိုးပါပဲ။

သူမ ယခုကတည်းက အချိုသတ်ရမည်။ သူက ကြမ်းလို့ မရသူမို့ အနုနည်းဖြင့် သူ့ကိုခွာထုတ်ဖို့သာ မြတ်နိုးစဉ်းစားမိသည်။

"ဒီနေ့ ကျွန်မနေကောင်းသွားပြီ၊ အဆောင်မှာပဲပြန်နားပါရစေတော့၊ ကိုမင်းရာဇာလည်း ကျွန်မအတွက် အတော်ပင်ပန်းလှပါပြီ"

"ဟာ. . ကိုယ့်ကိုထည့်မတွက်နဲ့၊ ကိုက အခုလို မြတ်နိုးကို ထိတွေ့ကိုင်တွယ်ပြီး ပြုစုယုယခွင့်ရလို့ အရမ်းဝမ်းသာနေတာ၊ သိန်းငါးရာဆုပေါက်တောင် ဒီလောက်ဝမ်းသာမှာမဟုတ်ဘူး"

မင်းရာဇာ ပွင့်ပွင့်လင်းလင်းနှင့်ရွှင်လန်းတက်ကြွစွာပြောလျှင် မြတ်နိုးမှာ သူ့အပေါ် အကောင်းမြင်ချင်သွားပြန်သည်။

အို. . တော်ပြီ။ သူနဲ့ငါဟာ မိုးနဲ့မြေလွှာပဲ။ ဘုရင့်သားတော်နဲ့ စောင်းသမအဖြစ်ထက်တောင် ပိုမိုဝေးကွာသေးတယ်။ ငါ စိတ်မာမှ၊ ပြတ်သားမှဖြစ်မယ်။





လမင်းကို ရင်ခွင်ထဲမထည့်လိုတော့ဘူး။

"ရှင်က ငွေစကား၊ကြေးစကား တော်တော်ပြောတယ်နော်၊ ရှင်တို့အသိုင်းအဝိုင်းက ငွေကိုကိုးကွယ်တယ်ထင်ပါရဲ့"

"ဟာ. . မြတ်နိုး. . ကိုယ့်ကိုအထင်မလွဲနဲ့၊ စကားအဖြစ်သာထည့်ပြောတာပါ၊ ကိုယ်ငွေမမက်ပါဘူး၊ အသိုင်းအဝိုင်းရယ်လို့လည်း လုံးပြီးမှတ်ချက်မချပါနဲ့မြတ်နိုးရယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝကိုယ် အကောင်းဆုံးဖြစ်အောင် ဖန်တီးတည်ဆောက်ကြရမှာပဲ၊ ကိုယ်ကတော့ ကော်ဇောပုံကိုစီးပြီး အမြင့်မှာရောက်နေတဲ့ဘဝထက် ကိုယ်တိုင်ကုတ်ခြစ်ပြီးတော့သာ အမြင့်ကိုရောက်ချင်သူပါ"

"ကဲ. . ကျွန်မတို့စကားရည်လုပွဲလည်း ဘယ်တော့မှပြီးဆုံးမှာမဟုတ်တော့ဘူး၊ ကျေးဇူးပြုပြီး ကိုမင်းရာဇာ ကျွန်မကို ဆေးခန်းကဆင်းခွင့်ရအောင်လုပ်ပေးပါ၊ ကျွန်မ အဆောင်ပြန်ချင်ပြီ. . "

သူမက မျက်နှာကို ခပ်တင်းတင်းထားပြီးတောင်းဆိုလျှင် မင်းရာဇာ မျက်နှာညှိုးသွားသည်။

"အဆောင်မှာ လူတွေကျပ်ညပ်ပြီး ဆူလို့ညံလို့ပါမြတ်နိုး ရယ်၊ မင်း ဘယ်မှာကောင်းကောင်းနားရမှာတဲ့လဲ"

"ကိစ္စမရှိဘူး၊ ကျွန်မနေတတ်တယ်"

"နောက်ပြီး ကိုယ်လည်း ခုလို မြတ်နိုးကို လူမမာပြုစုခွင့် မရ၊ လာမေးလို့လည်းမရနဲ့၊ မြတ်နိုး ခုလို ဖြစ်သလိုနေနေရတာ ကို ဘယ်လိုမှမကြည့်ရက်ဘူး၊ စိတ်မချမ်းသာဘူး"

"ဒါကတော့ ကျွန်မရဲ့ကုသိုလ်ကံပါ၊ ကိုမင်းရာဇာနေလို့ ရအောင်နေပါ၊ ကျွန်မကတော့ နေသားကျနေပါပြီ"

"ဒါဆိုလည်းကွာ. . ဒီတစ်ရက်လောက်တော့ မြတ်နိုး ဒီမှာ နားနေပါဦး၊ ကိုယ်လည်း မြတ်နိုးအနားမှာနေပေးပါရစေ၊ မနက် ကျမှ ဆေးခန်းကဆင်းပါနော်၊ ကို အဆောင်ကိုလိုက်ပို့ပါ့မယ်"

ဘယ်လိုမှမတတ်သာသည့်အဆုံး မြတ်နိုး သူ့လမ်းစဉ်ကိုပဲ လိုက်နာရပါတော့သည်။ သူနှင့်စကားမပြောချင်သဖြင့် လူနာက ကုတင်ပေါ်မှာ နံရံဘက်သို့မျက်နှာမူပြီး မြတ်နိုးလှဲလျောင်းနေ မိရာမှ ဆေးရှိန်ကြောင့် တကယ်ပင်အိပ်ပျော်သွားလေသည်။



"အို. . "

မြတ်နိုးသတိရသည့်အခါ သူမ၏လက်မောင်းနှင့်လက် တစ်ခုလုံးကို ကြင်နာစွာနှိပ်နယ်ပေးနေသည့် မင်းရာဇာကိုတွေ့ လိုက်ရသဖြင့် သူမရင်ထဲဆို့နင့်သွားရသည်။

သူဟာ သူ့ဌေးသားလေးမို့ မည်သူ့ကိုမှလည်း ဒီလိုပြုစု ဖူးမည်မထင်။ သူ့ကိုသာ ဝိုင်းပြီးဖူးဖူးမှုတ်ယုယနေကြပေလိမ့် မည်။

"နိုးသွားပြီလားမြတ်နိုး၊ အိပ်ပျော်နေရင်းနဲ့ မင်းညည်းနေ လို့ ကိုယ် ခြေလေးတွေ၊လက်လေးတွေနှိပ်ပေးနေတာ"

"အို. . ခြေထောက်တွေပါနှိပ်တယ်၊ မြတ်နိုးငရဲကြီးတော့ မှာပဲကိုရယ်"

ရင်ထဲမှာကြည်နူးလှိုက်ခါရလွန်းသဖြင့် သူမ မင်းရာဇာကို ကိုဟုပင်အမြတ်တနိုးခေါ် လိုက်မိသည်။

"ဘာလို့ငရဲကြီးရမှာလဲအချစ်ရယ်၊ ကို့ကို မြတ်နိုးကာခိုင်းတာမှမဟုတ်တာ၊ ကို့ဘာသာ ချစ်လို့လုပ်ပေးတာပဲ၊ ဘယ့်နှယ့်လဲ. . တော်တော်လေးသက်သာသွားပြီမဟုတ်လား၊ ဒီက ခြေဖွားလေ၊ ခြေဖွားဆိုတာ ထက်မြက်တယ်၊ အနှိပ်သည်ကောင်းကောင်းလုပ်စားလို့ရတယ်၊ အိမ်မှာဆို ဒီလိုပဲ ဘွားဘွားနဲ့ ဖေကြီး၊ မေကြီးတို့ကို လုပ်စားနေတြ"

ကပေါက်တိ၊ ကပေါက်ချာနှင့် အလွန်ပျော်နေပုံရသည့် ကို့ကိုကြည့်ပြီး မြတ်နိုးရင်ခုန်ကြည်နူးရပြန်သည်။ မွေးညှင်းစိမ်းလေးတွေ၊ အသားစိမ်းစိမ်းလေးတွေနှင့် ကိုလူချောလေး။

ခြေဖွားမို့ ထက်တယ်ပြောပြီး အနှိပ်သည်လုပ်စားနေသည့် ကို့ကိုကြည့်ပြီး မြတ်နိုးပြုံးရယ်မိလျှင် ကိုက သူမထက်ပိုပြီးဝမ်းသာနေပုံရလေ၏။

"ဟာ. . မြတ်နိုးရယ်တယ်နော်၊ အမြဲတမ်း စိတ်မချမ်းမသာဖြစ်နေတဲ့မြတ်နိုးကို ရယ်အောင်လုပ်နိုင်တဲ့အတွက် ကို





စိတ်ချမ်းသာလိုက်တာ၊ အနှိပ်သည်ကြီးကို ဆုချဦးလေချစ်ရဲ့"

ဆေးခန်းမှလူနာခန်းက အထူးခန်းမို့ သီးသီးသန့်သန့်။ လူနာနှင့်လူနာစောင့်ပဲရှိသည်။ ဆရာဝန်တွေ၊ သူနာပြုတွေက သူ့အချိန်နှင့်သူသာ ကုသပေးလေတော့ရာ မင်းရာဇာကဲနေလေတော့သည်။ လူနာကုတင်ပေါ်မှ အလှဆုံးချစ်သူလေးထံ သူ့ပါးလေးထိုးပေးနေလျှင် မြတ်နိုးမှာ အရှက်မျက်နှာလေးတရဲရဲ။

"ဒီယုန်မြင်လို့ ဒီချုံထွင်တာပေါ့လေ၊ ကို ကျောင်းလစ်ရတဲ့ရည်ရွယ်ချက်က လူမမာကိုအနုကြမ်းစီးမလို့မဟုတ်လား"

ရွှင်ရွှင်မြူးမြူးနှင့် မြတ်နိုး သူ့ကိုမျက်စောင်းထိုးလျှင် ကိုက ပြုံးပြုံးကြီးနှင့်ခေါင်းညိတ်ပြ၏။

"ဒါပေါ့ချစ်ရဲ့၊ ဒီကောင်မလေးကမလွယ်ဘူးလေ၊ ဂျစ်တစ်တစ်နဲ့၊ စိတ်ကလည်း မထင်ရင်မထင်သလိုကြီး၊ ဒီတော့ ချစ်မဏ္ဍိုင် ခိုင်ခိုင်ကြီးစိုက်ထူပြီး ချစ်တံဆိပ်ကိုသေသေချာချာ ခပ်နှိပ်ထားမှ သေချာမှာ"

"အို. . ကို. . "

"တလွဲမထင်ပါနဲ့ကျောင်းအစ်မရယ်၊ ဓဆေးခန်းထဲမှာကွာ

လူမမာကို မဟားဒယားလည်းမချစ်ပါဘူး၊ ရှေးရှေးတုန်းက ချစ်သူတွေလို ပုဝါတစ်ကမ်း၊ လက်တစ်လှမ်းလေးပေါ့၊ ကဲပါ. . အနှိပ်သည်ကြီးကို နှိပ်ခလေးတော့ချီးမြှင့်ပါဦး၊ လူမလာခင်၊ ဆရာဝန်တွေမလာခင်. . ”

သိပ်ကဲနေသည့်ကိုက မြတ်နိုး၏မျက်နှာနားသို့ သူ့ပါးလေးကို အတင်းပင်ပေါပေါလောလောထိုးပေးနေတော့လျှင် အားနာပါးနာ၊ရှက်ကိုးရှက်ကန်းဖြင့် သူမ တစ်ချက်မျှနမ်းလိုက်ရပါ၏။

“ဟေး. . သေပျော်ပြီကွ၊ ဈေးဦးပေါက်ပြီကွ”

သူမ၏ကုတင်အနီးမှာ ခုန်ဆွ၊ ခုန်ဆွလုပ်ရင်း ကို ခပ်တိုးတိုးအော်လျှင် အမြဲစိတ်ဆင်းရဲနေမိသည့်မြတ်နိုးမှာ ပါးစပ်ကို လက်ဝါးလေးနှင့်အုပ်ပြီး ရယ်နေမိတော့သည်။

တော်တော့်ချစ်ဖို့ကောင်းတဲ့ကိုပါပဲ။

“ကဲ. . အခုအချိန်ကစပြီး ချစ်က ကို့ကို စတင်ပြီးစဲည်းကျော်တဲ့အတွက် ကိုယ်ကလည်း ပြန်ပြီးစည်းကျော်ပါတော့မယ်”





တကယ်ပင် အတည်ပေါက်ကြီးနှင့် သူအနားသို့ကပ်လာလျှင် မြတ်နိုးမှာ လိပ်ပြာလွင့်တော့မတတ်။

လက်ကလေးနှစ်ဖက်နှင့်ကာရင်း ကုတင်ပေါ်မှာနေစရာမရှိအောင်ကြောက်ရွံ့နေလျှင် မင်းရာဇာ ညင်သာစွာပွေ့ဖက်လိုက်ပုံမှာ ပညာသားပါလှပါပေ၏။

“ဒီမှာကြည့်. . ဆရာဝန်ဝင်လာလည်း ကိစ္စမရှိဘူး၊ ဆရာမဝင်လာလည်း ကိစ္စမရှိတဲ့ဖက်နည်း”

တကယ်ပါပင်။ မြတ်နိုး၏နောက်မှ လူမမာကိုထိန်းပွေ့ထားသလိုလို၊ဘာလိုလိုနှင့် နောက်မှပွေ့ဖက်ထားခြင်းမှာ ပညာသားပါလှပေ၏။

မြတ်နိုး၏ရင်မှာ အလိုလိုမောဟိုက်လာခဲ့သည်မှာ တောင်စဉ်ခုနစ်ထပ်ကို တစ်ထပ်ပြီးတစ်ထပ်ကျော်ဖြတ်နေရသည့်နှယ်။

“တောင်းပန်ပါတယ်ကိုရယ်၊ မကဲပါနဲ့နော်၊ မြတ်နိုးအရမ်းကြောက်တယ်၊ အရမ်းလည်းရှက်တယ်ကိုရယ်၊ လူမမာတောင်ချမ်းသာမပေးဘူးနော်”

မျက်နှာငယ်လေးနှင့် သူမတောင်းပန်နေလျှင် ကိုက

ကြင်နာစွာနှင့် ညင်သာစွာပင် ပါးပြင်လေးနှစ်ဖက်ကိုနမ်းရှိုက်လိုက်သည်။

နောက် ယုယစွာလွှတ်ပေးပြီးမှ သူမ၏အနား ခွေးခြေပုလေးမှာ ဣန္ဒြေရရဝင်ထိုင်လိုက်၏။ ချက်ချင်းပဲဣန္ဒြေရသွားလိုက်ပုံက ဝါတော်လေးငါးဆယ်ဝါရဆရာတော်ကြီးနှယ်။ တတ်လည်းတတ်နိုင်တဲ့ကိုပါပဲ။

"လူမမာကို ချမ်းသာမပေးဘူးလို့တော့ မပြောပါနဲ့ချစ်ရယ်၊ ဒီလူမမာကလည်း လုံးကြီးပေါက်လှလူမမာပါ၊ အစကတည်းက ကို အကြံအဖန်နဲ့တင်ထားတဲ့လူမမာပဲ"

သူ့ရုပ်က ပြုံးစိစိနှင့်အရွှန်းဖောက်နေလျှင် မြတ်နိုးအလွန်ရှက်ရပြန်သည်။ အနားကပ်နေသည့်ကို့ရင်ဘတ်ကြီးကို လှမ်းထုရင်း သူမ မျက်နှာမထားတတ်ဖြစ်နေရ၏။

"ကိုအရမ်းလူလည်ကျတာပဲ၊ ကဲ. . . ဒါဆိုလည်း ခုပဲဆေးခန်းကဆင်းတော့မယ်၊ ကို ဘာလို့ဒီလောက်တောင် ပိုင်နေတာလဲဟင်၊ ဒီဆေးခန်းကို မီးသေလှချည်လား"





"သေဆို ဒါ ကို့ယောက်ဖပိုင်တဲ့ဆေးခန်းလေ၊ အစ်မတစ်ယောက်လုံးပေးထားရတာပဲကွာ၊ ဒီလောက်တော့ရှိမှာပေါ့"

"တကယ်. . အို. . ကိုဆိုးလိုက်တာ၊ ဒါကြောင့် ဆရာဝန်၊ ဆရာမတွေက ကို့ကိုကြည့်ပြီး ပြုံးစိစိဖြစ်နေကြတာကိုး၊ တော်ပြီ၊ တော်ပြီ၊ ကို့ညာဏ်တွေကို မြတ်နိုးအရမ်းကြောက်သွားပြီ၊ မနက်ကျမှ မြတ်နိုးကိုဆင်းခိုင်းပြီး ညကျတော့ သူလာစောင့်ပေးဦးမှာမဟုတ်လား"

တကယ်ပင်မြတ်နိုးလန့်နေလျှင် သူက ဖြေဆေး ပုံးပေးလေ၏။

"ဒီလောက်လည်းမကြောက်ပါနဲ့မြတ်နိုးရယ်၊ ဒါ တည်းခိုခန်းမှမဟုတ်ဘဲ၊ ဟိုတယ်ခန်းလည်းမဟုတ်ဘူး၊ ကို မြတ်နိုးကိုရိုးရိုးချစ်တာပါ၊ ကလီကမာ၊ ကလိမ်ကကျစ်တွေမလုပ်ပါဘူး၊ ချစ်ကို စိုးလည်းစိုးရိမ်လို့ ဆေးခန်းတင်တာပါကွာ၊ ကို့အကျိုးစီးပွားအတွက်ကြီးပဲမဟုတ်ပါဘူး"

"ကဲ. . ကိုရေ. . ရှင်ပဲအမျိုးမျိုးပြော၊ ရှင်ဟာလေ ကျောက်ဆစ်ရုပ်ကိုတောင် ခေါင်းညိတ်အောင်တတ်နိုင်တဲ့အချစ်နတ်သားကြီးပါပဲ"

"အိုကေ. . ချစ်သူပေးတဲ့ဘွဲ့ကို ကို တစ်သက်လုံးသိမ်းဆည်းထားလိုက်မယ်၊ တစ်ခုတော့စိတ်ချ၊ ကိုက ဒီကျောက်ဆစ်ရုပ်လေးကိုသာ ခေါင်းညိတ်အောင်လုပ်တာပါ၊ ကျန်တဲ့မိန်းမတွေကို ဘယ်လိုမှရှိတယ်လို့တောင်မထင်ပါဘူး"

"ယောကျ်ားလေးတွေအားလုံး ကို့လိုပဲပြောတတ်ကြမှာပေါ့"

"ကြည့်စမ်း. . ကို့စကားကို မယုံဘူးပေါ့ဟုတ်လား၊ မယုံတဲ့အတွက် ဒဏ်ခတ်ရမယ်၊ လာခဲ့. . လာခဲ့. . "

အခန်းပေါက်ဝဆီလှမ်းကြည့်ပြီး ကို မြတ်နိုးအနားသို့တိုးလာလျှင် သူမ အရာအားလုံး၊ ဒုက္ခအားလုံးကိုမေ့ပျောက်ပြီး ပျော်ရွှင်နေမိပါတော့သည်။



## အခန်း(၁၆)

မေမြတ်နိုးဆုကို အဆောင်သို့ပြန်ပို့ပေးခဲ့ပြီး မင်းရာဇာပြန်လာခဲ့လျှင် သူ့ကားရှေ့မှာ ကားတစ်စီးပိတ်လို့နေသည' သူကားထဲသို့လှမ်းကြည့်လိုက်သော်. .

"ဦးခိုင်မြအောင်. . "

"ဟုတ်ပဗျာ၊ မင်းနဲ့ဆွေးနွေးစရာရှိလို့ ကိုယ့်နောက်လိုက်ခဲ့ပါဦး"

ပြောပြီး သူ့ကား ရှေ့မှထွက်သွားလျှင် မင်းရာဇာလည်းနောက်မှလိုက်ရသည်။ ဒီလူ ဘာရှုပ်ဦးမလို့လဲ။ ဦးခိုင်မြအောင်ကို မင်းရာဇာလုံးဝမယုံကြည်။ အလကား. . ငါးရံ့နှစ်ကောင်ဖမ်းတဲ့လူ။ သစ္စာမရှိတဲ့လူ။

သူရပ်သည့်နေရာမှာ မင်းရာဇာလည်းရပ်လိုက်ရသည်။ မော့ကြည့်လိုက်တော့ စားသောက်ဆိုင်ကြီးတစ်ခု။

မေတ္တာမရှိသော်လည်း မြတ်နိုးနှင့်ပတ်သက်ဆက်နွယ်နေသည်မို့ မင်းရာဇာက သည်းခံပြီးသူ့နောက်လိုက်ရ၏။

စားပွဲတစ်ခုမှာအတူထိုင်မိကြလျှင် သူက ဘီယာမှာပြီး မင်းရာဇာကတော့ အအေးတစ်ပုလင်းသာ မှာလိုက်သည်။

ဘီယာကိုဖြည်းဖြည်းမြုံ့ရင်း ဦးခိုင်မြအောင် သူ့ကိုကြည့်နေပုံက သတ်ခါနီးဝက်တစ်ကောင်ကို အရသာခံပြီးကြည့်နေသည့်နှယ်။ မင်းရာဇာ သည်းမခံနိုင်တော့။

"ပြောလေဗျာ၊ ကျုပ်ကို ခင်ဗျားဘာလုပ်ရအောင်ခေါ်လာတာလဲ၊ ပြောစရာရှိ မြန်မြန်ပြော၊ ကျုပ်အိမ်ပြန်ရဦးမယ်"

မင်းရာဇာကျွဲမြီးတိုနေပုံကိုကြည့်ပြီး ဦးခိုင်မြအောင် ဟက်ကနဲတစ်ချက်ရယ်လိုက်သည်။ အလိုလိုအူမြူးနေသည့် မကောင်းဆိုးဝါးကြီးအား မင်းရာဇာ မျက်မှောင်ကုတ်ပြီးကြည့်လိုက်သည်။

"ခုမှအရင်လိုမနေပါနဲ့မောင်ရင်ရယ်၊ မြတ်နိုးရဲ့ဆေးခန်းမှာ တစ်နေ့လုံး၊ တစ်ညလုံး စပါယ်ရှယ်နာ့စ်လုပ်နေတုန်းကတော့ အရင်မလိုဘဲ ခုမှပျာယာခတ်မနေပါနဲ့တော့"

ဟင်. . သူက အကုန်သိနေပါလား။ ဘယ်အချိန်ကများ





ချောင်းကြည့်နေပါလိမ့်။ မင်းရာဇာမျက်လုံးပြူးနေလျှင် ဦးခိုင်မြအောင်က ထပ်တင်ပြန်သည်။

"အစ်မတွေတစ်ပြုံကြီးနဲ့ မောင်ရင့်အမေသာသိရင် ဘယ်လောက်ရှေ့သည်းတွေကြွေလိုက်မလဲ၊ ကောင်မလေးကို ခြေထောက်နှိပ်ပေးနေတာသာ မြင်လိုက်ရရင်. . "

"ဟင်. . ခင်. . ခင်ဗျား. . ဒါတော့လွန်ပြီ၊ ကျုပ်ဘာသာဘာလုပ်လုပ် ခင်ဗျားအပူလား၊ ခင်ဗျားသာ ကိုယ်ယူထားတဲ့မိန်းမကို ချောင်ထိုးထားပြီး နောက်မီးလင်းဖို့စိတ်ကူးနေတာ ရှိတယ်ဗျာ. . ထွီ. . "

မင်းရာဇာ စိတ်ဆိုးဆိုးဖြင့် ရှိုင်းရိုင်းစိုင်းစိုင်းပြန်ပြောပစ်လိုက်လျှင် ဦးခိုင်မြအောင်၏မထီတရီအပြုံးလည်းရပ်သွား၏။

"ဘာကွ. . . ငါ့သားလောက်လေးကများ မိုက်ရိုင်းလို့အေး. . မင်း သတိသာကောင်းကောင်းထား၊ မင်းအစ်မတွေကိုမင်းအကြောင်းတိုင်ပစ်လိုက်မယ်"

"စိန်လိုက်လေ၊ ကျုပ်အစ်မတွေက ကျုပ်ပြောရင်ယုံပြီးသား၊ ကျုပ်တစ်ချက်လောက်ချွဲလိုက်ရင် အားလုံးအဆင်ပြေတယ်"

"မောင်ရင့်အမေကြီးကတော့ အစ်မတွေလောက် သဘော မကောင်းပါဘူး"

"ခင်ဗျား မိန်းမဆန်လှချည်လားဗျ၊ ခင်ဗျား လူစိတ်မှရှိရဲ့လား"

အသလွတ်လိုက်ပြီး ကောက်ကျစ်နေသည့်ဦးခိုင်မြအောင်ကို မင်းရာဇာ အမှုန့်ကြိတ်ပစ်ချင်နေမိ၏။ အရက်ဆိုင်ဆိုလည်း အကောင်းသား။ ယခုတော့ စားသောက်ဆိုင်ကြီးမို့ မင်းရာဇာ ရန်ဖြစ်လို့မရ၊ ပေါက်ကွဲလို့မရ။

"ဒါကတော့ မင်းက ငါ့စားခွက်လာလုတာကိုးကွ၊ ငါ အရိပ်တကြည့်ကြည့်နဲ့ထားလာခဲ့ရတဲ့ ပန်းကလေးကိုမှ မင်းက လာပြီးနှောင့်ယှက်တာကိုး"

"ဟင်. . ခင်ဗျား. . ခင်ဗျားကြီး မိုက်ရိုင်းလိုက်တာ"

ထစ်ကနဲဆိုလတ်ပါချင်သည့်မင်းရာဇာမှာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်ထားမိသည်မှာ သွား တွေပင် တဂျစ်ဂျစ်မြည်နေ၏။

ပြောချင်သည့်စကားတွေကများလွန်းသဖြင့် မင်းရာဇာ





စကားပြောလို့မရတော့။ နှုတ်ခမ်းတဆတ်ဆတ်တုန်ရင်း ရင်ထဲမှာမီးလောင်နေရတာ ချစ်သူအတွက်ရင်နာရလွန်းလို့ပါပဲ။

အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်တဲ့။

ဒီလိုမသမာသူရဲ့ထောက်ပံ့မှုကို လက်ခံခဲ့မိသဖြင့် သူမ မှာ ဂုဏ်ကျက်သရေတွေ၊ မိန်းမအသရေတွေ အထပ်ထပ် အခါခါညှိုးနွမ်းရချေပြီတကား။

မင်းသားခေါင်းဆောင်းထားသည့်ဘီလူးက ယခုတော့ အစွယ်လှစ်ဟပြနေချေပြီ။ မင်းရာဇာ မချိမဆန့်ခံစားသွားရသည် ကိုကြည့်ပြီး ဦးခိုင်မြအောင်က တဟဲဟဲရယ်သွမ်းသွေးလိုက် သည်။ ပြီးမှ. . .

"ငါတစ်သက်လုံးမွေးလာတဲ့ကြက်ကို မင်းက ဝင်ရိုက်ချက် းချင်လို့ဘယ်ရမလဲကွ၊ မင်းလုပ်ပုံ ဟုတ်မဟုတ် နည်းနည်း တော့ပြန်ကြည့်လိုက်ပါဦး"

"ဟော့လူ. . ခင်ဗျားကိုယ်ခင်ဗျား လူပျိုရိုင်းလေးလို စကား အရသာခံပြီး ပြောမနေနဲ့၊ ခင်ဗျားသာလူပျိုဆိုရင် ကျုပ်ဘာမှ စွက်ဖက်မနေဘူး၊ ခုကျ ခင်ဗျားလို သားနဲ့မယားနဲ့၊ ခုနစ်အိုး

ရှစ်အိုကြီးက မြတ်နိုးကိုလာပတ်သက်ချင်လို့ကတော့ ကျုပ်အသက်နဲ့လဲပြီး ကာကွယ်သွားမယ်၊ ကျုပ်သေမှ ခင်ဗျား မြတ်နိုးကို ရမယ်မှတ်"

မင်းရာဇာ ဒေါသတွေနှင့်ဖြစ်နေသမျှ ဦးခိုင်မြဲအောင်က တော့ အသားစီးရထားသည့်ပမာ ခပ်အေးအေး။

"ဒါကတော့ မင်းကလူမိုက်ကိုး၊ လူမိုက်စကားပဲပြောတော့မှာပေါ့၊ လူသတ်မှု၊ လူသေမှုတောင် ကျူးလွန်ထားတဲ့ကောင်ဆိုတော့ ငါ့ကိုဆက်သတ်ချင်လည်း သတ်နိုင်မှာပေါ့လေ"

"ဘာ. . "

မင်းရာဇာမှာ သူ့လျှို့ဝှက်ချက်ကိုဖော်ထုတ်ခံလိုက်ရသည်မို့ အံ့အားသင့်သွားလျှင် ဦးခိုင်မြဲအောင်က တဟဲဟဲနှင့်ရယ်လိုက်ပြန်၏။

"လောကမှာ လျှို့ဝှက်အပ်တဲ့ကိစ္စဆိုတာ မရှိဘူးနော်၊ ထပ်ပြီးပြောလိုက်ရဦးမလား၊ မင်းသတ်ခဲ့တာ ရန်နောင်ရှင်းလေ၊ ဒီထက်ရှင်းအောင်ပြောရရင် ရန်နောင်ရှင်းဆိုတာ မြတ်နိုးရဲ့ချစ်လှစွာသောကိုကို၊ မြတ်နိုးခုလို ဒုက္ခအမျိုးမျိုးရောက်နေရတာ တကယ်တော့ မင်းတရားခံ"





"တော်. . တော်. . ခင်ဗျားကြီး. . "

စကားမဆက်နိုင်တော့ဘဲ မင်းရာဇာကြေကွဲဆို့နင့်ပြီး ခေါင်းငိုက်စိုက်ကျသွားလျှင် ဦးခိုင်မြဲအောင်က တတွတ်တွတ်ဆက်ပြောနေပြန်သည်။

"မြတ်နိုးက သူ့အစ်ကိုကိုသတ်တဲ့တရားခံကို အရမ်းနာကျည်းပြီး အရမ်းသိချင်နေတာ၊ ဇာတ်လမ်းက လွယ်လွယ်လေးပါကွာ၊ မင်းဟာ သူ့အစ်ကိုကိုသတ်တဲ့တရားခံပါလို့ လက်ညှိုးထိုးပြလိုက်ရုံပါပဲ၊ ဒါဆို မြတ်နိုးဟာ မင်းကို အမုန်းကြီးမုန်းသွားပြီး ငါ့ဘက်ပြန်ပါလာရုံပဲမဟုတ်လား"

မင်းရာဇာ၏ရင်ထဲမှာ အဆမတန်ရွံ့မုန်း၊ နာကျင်လွန်းသဖြင့် ဦးခိုင်မြဲအောင်ကို လည်ပင်းထညှစ်ချင်စိတ်သာပေါက်တော့သည်။ သို့သော် သူဘာမှမပြောနိုင်တော့ပါချေ။

ဦးခိုင်မြဲအောင်စီမံတာ၊ စီရင်ချက်ချတာကိုသာ သူနားထောင်ရပါတော့သည်။

"ခုအချိန်ကစပြီး မြတ်နိုးကို မောင်ရင်လာပြီးမပတ်သက်နဲ့တော့၊ မောင်ရင်လက်ရှောင်နေတော့၊ သိပ်ပြီးလည်း မစိုးရိမ်

ပါနဲ့ကွာ၊ မြတ်နိုးဟာ သူငယ်နှပ်စားမဟုတ်ပါဘူး၊ သူ့ဘဝသူ ထိန်းသိမ်းတတ်လို့လည်း ငါပို့ပြီးတန်ဖိုးထားနေရတာ၊ ဒီတော့ မောင်ရင် သူနဲ့မဆက်သွယ်နဲ့တော့၊ အေး. . ဆက်သွယ်မယ် ဆိုရင်လည်း ကိုယ့်ကိုအပြစ်မတင်နဲ့တော့နော်၊ မောင်ရင်ဘာ ကောင်လဲဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ရှားအောင်လုပ် ပေးလိုက်ရုံပါပဲ”

‘ှုင်းတယ်နော်၊ ကဲ. . ဘယ်လိုလဲ. . ဘာကတိတွေပေး နိုင်သလဲ”

ဦးခိုင်မြဲအောင် အနိုင်နှင့်ပိုင်းပြီး မင်းရာဇာကိုအရသာ ခံကြည့်နေလျှင် မင်းရာဇာခေါင်းမော့လိုက်သည်။ သူ့မျက်ဝန်း မှာ သောကကြောင့် နီနီရဲရဲ။

ချစ်သူလေးကို သနားစိတ်၊ ချစ်စိတ်နှင့် စိတ်မချမှုများ ကြောင့် သူ့ရင်တွေတစစီကျိုးပဲ့တော့မတတ်။

ယမမင်းသဖွယ် သူတို့၏ချစ်ခြင်းကိုပစ်ခွင်းနေသည့်ဦး ခိုင်မြဲအောင်အား မင်းရာဇာမုန်းတီးစက်ဆုပ်စွာကြည့်လိုက်သည်။

“ခင်ဗျားကို ဘာကတိမှမပေးနိုင်ဘူး၊ ခင်ဗျားဟာ လူယုတ်





မာပဲ၊ ခင်ဗျားလောက်ကောက်ကျစ်တဲ့သူ ကျုပ်တော့တစ်ခါမှ မတွေ့ဖူးဘူး”

“ဒီလိုတော့မစွပ်စွဲပါနဲ့ကွာ၊ ငါလည်း အစကဒီလိုမဟုတ် ပါဘူး၊ ခုတော့ မြတ်နိုးကိုချစ်မိတဲ့စိတ်ကြောင့် ဒီလိုညဏ်နီ၊ ညဏ်နက်တွေစဉ်းစားတတ်လာတာပါ၊ အချစ်ကသင်ပေးတာ လေ၊ ဟဲ. . ဟဲ. . ”

“တော်စမ်းပါဗျာ၊ ခင်ဗျားလိုပါးစပ်ကပဲ အချစ်လို့ပြော ရသေးတယ်၊ ကျုပ်သွားပြီ”

မင်းရာဇာ ကမူးရှူးထိုးထွက်သွားလျှင် ဦးခိုင်မြဲအောင် ပခုံးတွန့်ပြီးကျန်ခဲ့လေ၏။ တစ်ကောင်ကျွေးပြီး နှစ်ကောင်စား ပစ်ရမယ်။

# အခန်း(၁၇)

မြ နိုးမှာ လောလောဆယ် ဦးခိုင်မြအောင်လုံးဝမပတ်သက်နိုင်သဖြင့် မလွှဲသာ၊ မရှောင်သာ မင်းရာဇာပေးသည့်ငွေနှင့်သာ ဘွဲ့ရသည်အထိ အသက်ဆက်ရ၏။

ခါချဉ်ကောင်မာန်ကြီးပေမယ့် တောင်ကြီးဖြိုလို့မရဖြစ်နေရသည်။ ဘဝဆိုတာလည်း ထင်သလိုကြရင် ပရမ်းပတာဖြစ်တတ်သည်မဟုတ်ပါလား။ မင်းရာဇာပေးသည့်ငွေကတော့ နှောင်ကြိုးမဲ့ပါသည်။ ချစ်သူချင်းမို့ အားနာစရာလည်းသိပ်မရှိ။

ကိုယ့်စိတ်ကိုယ် ဖြေဆည်ကုစားရင်း မြတ်နိုးမှာ ပညာကိုသာ အပတ်တကုတ်ကြိုးစားနေရပါသည်။ ဒါမှ ဘွဲ့ကို အမှတ်ကောင်းကောင်းနှင့်အောင်မည်။ နောက် အလုပ်တစ်ခုခုရမည်။





ဦးခိုင်မြအောင်၏ငွေတွေကိုလည်း ပြန်ဆပ်နိုင်ပါလိမ့်မည်။

သို့သော် ခုတလော မင်းရာဇာကိုကြည့်ရသည်မှာ မရွှင်မလန်းရှိလှ၏။ သူ ဘာတွေဖြစ်နေသလဲ။ ဘာတွေနောင်တရနေသလဲ။

ကိုဟာ ကျောင်းသားမို့ ငွေရေးကြေးရေးများကျပ်တည်းသလား။ သို့မဟုတ် ဘွားအေ၏အမွေကိုရောင်းပြီး ရည်းစားအားပံ့ပိုးသည့်အတွက် အိမ်ကသိသွားပြီလား။

မြတ်နိုးမှာ ချစ်သူ၏မရွှင်လန်းသည့်မျက်နှာကိုကြည့်ရင်းရင်မှာတအုံနွေးနွေးဖြစ်ရသလို မင်းရာဇာလည်း မြတ်နိုးအားမဝံ့မရဲကြည့်ပြီး သူ့အကြောင်းတွေပေါ်မှာစိုးရိမ်နေသည်။

မင်းရာဇာမှာ ဦးခိုင်မြဲအောင်ကိုသတ်ပစ်ချင်လောက်အောင်မုန်းသော်လည်း ကိုယ့်ကိုဒုက္ခမပေးနိုင်အောင် ချော့မော့ရပေဦးမည်။

စားပွဲမှာစာကြည့်နေရပေမယ့် မျက်ဝန်းထဲမှာနာကျည်းစွာမြင်နေမိတာ ဦးခိုင်မြဲအောင်သာဖြစ်သည်။ မင်းရာဇာပြန်လည်စဉ်းစားမိတော့ သွေးကပျက်ချင်ချင်။

လွန်ခဲ့သည့်ခြောက်လလောက်ကပေါ့။ အောင်စာရင်းတွေထွက်သည့်နေ့မှ သူငယ်ချင်းတစ်စု အပျော်တွေလွန်ပြီး ဟိုတယ်တစ်ခုမှာဝင်ပြီး သောက်ကြ၊စားကြသည်။

ထို့နောက် ကားတစ်စီးငှားကာ သူငယ်ချင်းတစ်စု နိုက်





ကလပ်သွားဖို့ပြင်ကြပြန်သည်။ ကားထဲမှာ ဆူညံအော်ဟစ်ဝုန်းဒိုင်းကျဲလို့။

နောက်တော့ သူတို့နဲ့ပြိုင်ဖက် အုပ်စိုးတို့အဖွဲ့၏ကားနှင့်သွားပြီး နည်းနည်းချိတ်မိကြသည်။ ဒီကလည်း ရေချိန်လွန်နေကြသူတွေမို့ ကားပေါ်ကဆင်းကြပြီး အဖွဲ့နှစ်ဖွဲ့ ရိုက်ကြ၊နှက်ကြ၊ ထိုးကြ၊ကြိတ်ကြသည်။

ကြိုတင်ရည်ရွယ်ချက်တွေမပါပေမယ့် တစ်ဖက်အဖွဲ့မှ ဓားတွေပါလာကြသဖြင့် ရုန်းရင်းဆန်ခတ်မှုတွေထဲမှာ လဲကြ၊ ကွဲကြ၊ သေကြ၊ ကြေကြသည်။

သူတို့အားလုံးအမူးပြေတော့ အချုပ်ခန်းထဲမှာ။ အားလုံးကလည်း အကောင်ကြီးကြီး၊ ဂုဏ်နေကြီးကြီး၏သားသမီးတွေ။

တရားလိုမရှိ၊ တရားခံမရှိသည့်အဖြစ်အပျက်ထဲမှာ သူတို့ငှားလာသည့်ကားဒရိုင်ဘာ သေဆုံးသွားခဲ့သည်။ လူသေမှုတဲ့။ ဘယ်သူ့လက်ချက်မှန်းလည်းမသိ။ သူကိုယ်တိုင်ပဲထိုးမိသလား။

မင်းရာဇာ ဘာမှမမှတ်မိတော့ပါ။ မင်းရာဇာမှတ်မိတာ

သူ့အမှုကိစ္စကို သူ့ဖေဖေ၊ မေမေနှင့် အစ်မတွေ၊ ယောက်ဖတွေက ဝိုင်းဝန်းဆောင်ရွက်ပေးကြတာကိုပါပဲ။

ငွေတွေဘယ်လောက်ကုန်သလဲ။ သူမသိ။ ဘယ်သူတွေမှဘာမှမဖြစ်ကြဘဲ ခံဝန်နှင့် ကောင်းစွာနေသွားကြရတာပဲ သူသိသည်။

သေဆုံးသူကလည်း ဒရိုင်ဘာဖြစ်သည့်အပြင် နောက်မှ မိသားစုမရှိသည့်တစ်ကောင်ကြွက်ပေမို့ သူတို့အဖွဲ့မှာ အချုပ်ထဲတွင်သာ နေလိုက်ကြရပါသည်။ ထောင်ပင်မကျခဲ့။

မမတွေ ဘယ်သူတွေနှင့် ဘယ်လိုကျေအေးပြီး၊ ဘာတွေလျော်ကြေးပေးလို့ အမှုပိတ်သွားသည်ဆိုတာလည်း မင်းရာဇာ လုံးဝမသိလိုက်ရပါ။

တစ်နေ့တော့ သီဟနှင့်အတူ သူ ယုဇနပလာဇာမှာဖိနပ်ဝယ်ဖို့ကြည့်နေကြစဉ် သူတို့ကိုဖြတ်ကျော်သွားသည့်ကောင်မလေးနှစ်ယောက်ကို တွေ့လိုက်ရသည်။

ကောင်မလေးတစ်ယောက်က တော်တော်ဆွဲဆောင်မှု





ရှိပြီး ကျောက်ဆစ်ရုပ်ကိုမှေ့ဆေးပေးထားသည့်ရုပ်မျိုးပေါက်နေ၏။

သူက လူငယ်ပီပီ လိုက်ပြီးရှုပ်ချင်၊ ရောချင်ပေမယ့် သီဟ၏အလန့်တကြားရုပ်ကြောင့် မင်းရာဇာထိတ်လန့်သွားရ၏။ သီဟက. . .

"ဟာ. . သွားမလုပ်နဲ့၊ သွားမလုပ်နဲ့၊ အဲဒါ ပြဿနာကွ၊ ပြဿနာ. . "

"ဘာတုန်းကွ၊ ငါနားလည်အောင်လည်း ပြောစမ်းပါဦး"

"နေဦးကွာ၊ ဖိနပ်အရင်ကြည့်ရအောင်၊ ပြီးမှ ကျွဲဒိုးနတ်မှာ အအေးသောက်ရင်း အဲဒီအကြောင်းတွေရင်ဖွင့်ပြမယ်"

မင်းရာဇာမှာ သိချင်စိတ်ကိုမြိုသိပ်ပြီး သီဟ၏နောက်သို့စိတ်မပါဘဲလိုက်နေရသည်။ နောက် ဖိနပ်တစ်ယောက်တစ်ရန်စီဝယ်ပြီး ထွက်လိုက်ကြတော့ ထိုကောင်မလေးကိုထပ်တွေ့ရပြန်သည်။

တကယ့်ကျောက်ဆစ်ရုပ်ပါပဲ။ ဖြူဖွေးစိမ်းလဲ့သည့်အသားကအစ ကျောက်သလင်းနှယ်။ နောက် မျက်ခုံး၊ မျက်လုံး၊ မျက်

တောင်တွေ ဆေးမကူဘဲ ထင်းနေတာကအစ အသက်မပါသလို။ အရုပ်တစ်ရုပ်လို။

သို့သော် လှပသောကိုယ်လုံးပြည့်ပြည့်နှင့် ဗီးနပ်စ်ကျောက်ရုပ်ထုလိုဖြစ်နေတာက မင်းရာဇာ၏ရင်ကို အနေခက်စေပြန်သည်။ သီဟက. . .

"သေချာကြည့်ထား၊ မှတ်မိအောင်ကြည့်ထား"

ဟု တီးတိုးသတိပေးပြန်သည်။

"မှတ်မိပြီ၊ ဘယ်တော့မှမမေ့ဘူး"

ဟု သူရွတ်နောက်နောက်ပြန်အော်လျှင် သီဟက သူ့ကိုလက်ဆွဲပြီး ပြေးမတတ်ခေါ် ထုတ်သွား၏။ ဂျေဒိုးနတ်ထဲမှာအအေးတစ်ဗူးစီယူပြီး စားပွဲမှာထိုင်နေကြစဉ် သီဟမောနေပုံက ဖူတ်လိုက်၊ ဖုတ်လိုက်နှင့် ရေခဲရိုက်ခံထားရသည့် မသေ့တသေငါးသလောက်ကြီးနှယ်။

"ပိုလိုက်တာကွာ၊ မင်းရာဇာတို့ရာဇဝင်မှာ ဒီလိုမျိုးမိန်းကလေးတစ်ယောက်ကို သေလုမတတ်ကြောက်မိတာမျိုးမရှိသေးဘူး"





"ပြောထားပေါ့ကွာ၊ သူဘယ်သူလဲဆိုတာသိသွားမှ အဘား၊အဘားနဲ့အော်ပြေးရမလား၊ သမုဒ္ဒရာခုနစ်စင်းပြည့်အောင်ပဲ မျက်ရည်တွေ၊ နှပ်တွေနဲ့ရွှဲနေမလားဆိုတာ ကြည့်ကြသေးတာပေါ့"

"ကဲပါ. . ဈေးကိုင်မနေပါနဲ့၊ ပြောတော်မူပါတော့၊ သူကဘယ်သူမို့လဲ"

မင်းရာဇာ သိချင်စိတ်တွေ ဖျတ်ဖျတ်လူးမတတ်ဖြစ်ထန်းနေသော်လည်း သီဟကတော့ သူ့အအေးဗူးကိုသာ ကုန်အောင်သောက်နေသည်။

မင်းရာဇာ အမြင်ကပ်ကတ်နှင့်ကြည့်နေရုံသာ။ အတန်ကြာမှ သီဟက စည်ကြီးမြည်လာသလို စတင်မြည်ဟည်းတော့၏။

"အဲဒါ တို့ကြောင့်သေသွားတဲ့ ကိုရန်နောင်ရှင်းရဲ့ တစ်ဦးတည်းသောညီမ"

"ဘာ. ."

သူ့ထိပ်ပေါ် မိုးကြိုးခွင်းသည့်နှယ် အံ့သြထိတ်လန့်သွား

စဉ် သီဟ၏စကားများက သူ့ကိုပိုပြီးအနေရခက်စေ၊ ကြေကွဲစေပြန်သည်။

"ဟုတ်တယ်၊ သူတို့က မောင်နှမနှစ်ယောက်ထဲရယ်၊ မိဘတွေလည်းမရှိကြတော့ဘူး၊ ကောင်မလေးက သူ့အစ်ကိုကို အားကိုးပြီးနေရတာ၊ သူ့အစ်ကိုကိုသိပ်ချစ်တာပဲတဲ့၊ ပြီးတော့ သူ့အစ်ကိုသေရတဲ့အတွက်လည်း အခဲမကြေဖြစ်နေတယ်တဲ့"

"ဒါဖြင့် အခု သူဘယ်သူနဲ့နေသလဲ၊ ဘာတွေဖြစ်သွားပြီလဲ"

ဟုတ်တယ်လေ။ ရန်ကုန်လိုနေရာမျိုးမှာ ဒီလိုချောမောလှပနုငယ်ပုံမျိုးနှင့် ဒီလိုအစောင့်အရှောက်၊ အအုပ်အထိန်းမရှိပုံမျိုး၊ စားစရာမရှိပုံမျိုးဟာ ဘာမဆိုဖြစ်သွားနိုင်သည်မဟုတ်ပါလား။

သီဟက သူ့မေးခွန်းကို ခေါင်းခါပြလိုက်သည်။

"ဘာမှမဖြစ်သေးဘူး၊ ဒါပေမယ့် တော်တော်ကသီလင်တဖြစ်မှာပေါ့ကွာ၊ ကောင်မလေးက ကျောင်းတက်ရင်းတန်းလန်းတဲ့၊ အီးမေဂျာဆိုလားပဲ"





သီဟသတင်းပေးနိုင်တာ ဒါအကုန်ပါပဲ။ သို့သော် သူ့ရင်ထဲမှာ ကောင်မလေးကို များစွာဂရုဏာသက်ပြီးကျန်ခဲ့မိသည်။

"မမသြ. . သားရဲ့အမုန်းတုန်းက တရားလိုဘက်က ဘာတွေပြောကြသေးလဲဟင်၊ ဘယ်သူက အမှုကိုကျေအေးပေးလိုက်တာလဲ၊ သားတို့က အချုပ်ထဲမှာဆိုတော့ ဘာမှမသိလိုက်လို့ပါ"

အိမ်ရောက်တော့ သူ့ကိုသားလေးလိုဝိုင်းချစ်ကြသည့် မမတွေထဲမှ သြဇာအရှိဆုံး အိမ်၏ဘုရင်မဖြစ်သည့်မမသြကို အနားကပ်ပြီး မင်းရာဇာမေးလိုက်သည်။

မမသြက ညစာစားပြီးသွားသဖြင့် ဆေးကြောပြီးစီးသွားသည့်ပန်းကန်များကို သိမ်းဆည်းနေရာမှ မင်းရာဇာကို အထူးအဆန်းပါလားဟူသည့်သဘောဖြင့် မော့ကြည့်သည်။ ပြီးမှ. .

"ဒါတွေဘာလို့သိချင်နေသလဲသားရယ်၊ ပြီးတာတွေ ပြီးပစေပေါ့၊ အဲဒီကတည်းက သားလိမ်မာသွားတာပဲ မမသြတို့က





ဝမ်းသာနေကြတာ၊ လူဆိုတာ တစ်ခါကြုံဖူးမှ လိမ်မာသွားကြတာလေ၊ မီးကိုကိုင်ချင်တဲ့ကလေးလိုပေါ့၊ တစ်ခါလောက်ပေးကိုင်လိုက်မှ အဲဒီကလေး နောက်ဆိုမီးကိုမကိုင်ရဲတော့မှာ"

ဟုတ်ပါသည်။ မင်းရာဇာတို့တစ်ဖွဲ့လုံး အဲဒီကတည်းက နောင်ကျဉ်ပြီး လိမ်မာသွားကြတော့တာအမှန်။ ခံဝန်နှင့်လည်းနေရတာကိုးလေ။

"အဲဒါထားပါမမသြရဲ့၊ သားသိချင်တာက တရားလိုဘက်မှာ ဘယ်သူမှမရှိဘူးလား၊ သားတို့ကို လက်စားချေမှာတွေ၊ ဘာတွေမရှိနိုင်ဘူးလား"

"ဟာ. . သားကလည်း. . ပေါက်ပေါက်ရှာရှာ၊ တရားလိုဘက်က ဘာပြဿနာမှမရှိဘူး၊ တရားလိုဘက်မှာ ညီမလေးတစ်ယောက်ရှိတယ်ဆိုလား၊ မမတို့တွေတောင် သနားလို့စုပြီး လျော်ကြေးပေးလိုက်သေးတယ်၊ သူလုပ်ကိုင်စားလို့ရမှာပါ"

"ဗျာ. . "

သီဟကပြောတော့ ကောင်မလေးခမျာ တော်တော်ကသီလင်တဖြစ်နေရှာတယ်တဲ့။ မမသြပြောတော့လည်း သူတို့တစ်ဖွဲ့

လုံးစုပြီး လျှော်ကြေးပေးလိုက်တာ စားလောက်၊သောက်လောက်ပဲတဲ့။

အမှုက ရှုပ်ရှုပ်ထွေးထွေး။

"မမသြတို့ကိုယ်တိုင် အဲဒီကောင်မလေးကိုမြင်ဖူးလိုက်သလား၊ သူ့လက်ထဲ ကိုယ်တိုင်ကိုယ်ကျထည့်လိုက်တာလား"

မင်းရာဇာက လွန်ခဲ့သောခြောက်လလောက်ကအမှုကို ယခုမှထူးထူးဆန်းဆန်းလုပ်ကာစစ်မေးနေလျှင် မမသြ မျက်မှောင်ကြုံ့ပြီး မကြိုက်သည့်အကြည့်နှင့်ကြည့်လိုက်သည်။

"ဒီနေ့ သား ထူးထူးဆန်းဆန်းတွေမေးနေပါလားဟေ့၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ မမသြမကြိုက်ဘူး၊ ကလေးက ကလေးလိုနေ၊ ကျောင်းသားက စာပဲကြိုးစား၊ မမသြတို့မှာ ညီအစ်မငါးယောက်ရှိပြီး မောင်လေးတစ်ယောက်ထဲမို့ အရိပ်တကြည့်ကြည့်နဲ့ အတိမ်းအစောင်းမခံနိုင်ဘူးနော်၊ ဒါပဲ"

သူ့ကိုပြောပြီး မမသြအိမ်ရှေ့သို့ထွက်သွားလျှင် မင်းရာဇာထမင်းစားခန်းထဲမှာ အငူသားကျန်ခဲ့သည်။ မမသြကို ဆက်မေးလို့ရမှာမဟုတ်တော့။





ဘယ်နေရာကလွင့်ချော်သွားတာလဲ။ သူတို့ပေးလိုက်တဲ့ လျှော်ကြေးငွေတွေကို ဘယ်သူကကြားဖြတ်သုံးသွားတာလဲ။

ယခုကျ ကောင်မလေးခမျာ ကသီလင်တနဲ့ ဒုက္ခတွေရောက်နေသတဲ့။ ကျောဇာ်ဆစ်ရုပ်ကို မေ့ဆေးပေးထားသည့်ရုပ်မျိုးနှင့် ဗီးနပ်စ်(အချစ်နတ်သမီး)၏ ရုပ်သွင်ထူးထူးဆန်းဆန်းက မင်းရာဇာ၏ရင်ကို မုတ်သုန်မုန်တိုင်းလို တစ်နာရီမိုင်ရှစ်ဆယ်နှုန်းလောက်နှင့် ဝင်ရောက်တိုက်ခတ်နေကြောင်းကို မမငါးယောက်ကတော့မသိရှာ။

နောက်တော့ သူ့အုပ်စုဖြစ်သည့် သီဟတို့ ရဲရင့်တို့တောင် မသိစေဘဲ လက်ညှိုးထောင်လျှင်ခေါင်းလိုက်ညိတ်မည့် မေဂျာ တူသူငယ်ချင်းထင်ရှားကိုအဖော်လုပ်ကာ မင်းရာဇာ မြတ်နိုးကို စတင်ရှာဖွေနောက်ယောင်ခံလိုက်ခဲ့သည်။

သီဟပြောသလိုပါပဲ။ တော်တော်ကသီလင်တဖြစ်နေရှာသည့်ပုံ။ သူမ၏ရုပ်က အမြဲလိုလို မရွှင်မလန်းရှိပြီး တစ်စုံတစ်ခုအတွက် အမြဲစိတ်ညစ်နေရသည့်ပုံ။

သူမကို ကူဖို့၊ ကယ်ဖို့သဘောထားပြီး နောက်က တကောက်ကောက်လိုက်နေမိပေမယ့် ကြာလျှင် မြတ်နိုးကို မင်းရာဇာတကယ်ချစ်မိသွားပေပြီ။





နောက်တော့ မင်းကုသလို ဖွဲ့ရှိလွန်းမှုကြောင့် မင်းရာဇာ ဖွဲ့ဆုရခဲ့သည်မဟုတ်ပါလား။ သည်အခါ သူတို့ကြားထဲမှာ ပေါ်လာသူ၊ ဝင်ရှုပ်လာသူကတော့ ဦးခိုင်မြအောင်ဖြစ်သည်။

သူ့ကိုယ်သူ ကယ်တင်ရှင်လိုလို၊ ဘာလိုလိုနှင့် မယ်ထွေးလိုလို့ဝဲနေသည့် ရွှေစွန်ညိုကြီး။ မင်းသားခေါင်းဆောင်းထားသည့် ဘီလူးတစ်ကောင်ပေါ့။

ယခုတော့ သည်ဘီလူးက မင်းရာဇာကိုပါခြိမ်းခြောက်လာခဲ့ပြီ။ သူနှင့်မြတ်နိုး၏ချစ်ခရီးလမ်း ဖြောင့်ဖြူးတော့မည်ကြံကာမှ ကြီးစွာသောအမှောင့်ပယောဂက ဝင်လာခဲ့ပေပြီ။

သူဘာလုပ်ရမည်နည်း။ ဘာလုပ်သင့်သနည်း။ ကျောင်းသားမို့ သူတို့စီးပွားရေးလောကသားတွေလို ကွက်ကျော်လည်း မရိုက်တတ်။ ကလိမ်ကကျစ်လည်းမလုပ်တတ်ပါ။

မင်းရာဇာစိတ်ကူးတာ သူတို့ကြောင့်အထိနာခဲ့သည့် မြတ်နိုးလေးကို ကိုယ်ကလည်းချစ်မြတ်နိုးမိပြီမို့ ရိုးမြေကျရည်ရွယ်မည်။

နှစ်ယောက်လုံးရဲ့ဘဝတွေလှပသွားအောင် ပညာကိုကြိုး

စားသင့်ယူကြမည်။ နောက် အလုပ်လုပ်ကြမည်ပေါ့။ သူကတော့ မိဘ၏လက်ငုပ်ကုမ္ပဏီလုပ်ငန်းကိုသာ ဦးစီးအုပ်ချုပ်မည်ပေါ့။

သည်တော့ ကိုယ့်ရည်ရွယ်ချက်၊ ကိုယ့်အသည်းနှလုံးလေး မပျက်စီးရအောင် ဦးခိုင်မြအောင်ကိုတောင်းပန်ဖို့ပဲ မင်းရာဇာ စိတ်ကူးရပါတော့သည်။

စာကြည့်စားပွဲမှာထိုင်ပြီး စာကြည့်မလို့လုပ်နေပြီးမှ မင်းရာဇာ ဦးခိုင်မြအောင်ထံသို့ ဖုန်းဆက်စကားပြောရန် ဟမ်းဖုန်းကို ဖွင့်လိုက်သည်။

"ဟယ်လို. . ပြောပါ. . ခိုင်မြအောင်ပါ"

ဦးခိုင်မြအောင်ရဲ့ဖုန်းနံပါတ်ကို သူ မြတ်နိုးထံမှ တိတ်တဆိတ်ကူးထားခဲ့သည်မှာ ယခုတော့ အသုံးဝင်ပေပြီ။

"ကျွန်တော်မင်းရာဇာပါ"

"ညကြီးမင်းကြီးပါလား၊ သတိရလို့တော့ ဟုတ်ဟန်မတူဘူးနော်"

တစ်ဖက်မှရယ်သွမ်းသွေးသံကို မခံမရပ်နိုင်ဖြစ်မိသော်





လည်း အောင့်အည်းသည်းခံရပါသည်။ ကိုယ်က မြတ်နိုးကို သိပ်ချစ်နေသည်ကိုးလေ။

"သတိရလို့မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်နဲ့မြတ်နိုး ကြားမှာ. . "

"နိုး. . နိုး. နိုး. ဒီအကြောင်းဆို ပြောစရာစကားမရှိဘူး"

တစ်ဖက်မှဖုန်းချမည်ပြင်လျှင် မင်းရာဇာ ကမန်းကတန်း တောင်းပန်ရသည်။

"ခဏနားထောင်ပါဦးဗျာ၊ ခင်ဗျားလည်း မနစ်နာရအောင် မြတ်နိုးကို ခင်ဗျားပေးခဲ့၊ ထောက်ပံ့ခဲ့ရတဲ့ငွေတွေအားလုံး ကျွန်တော်ပြန်ပေးပါ့မယ်"

"အလို. . မောင်ရင်က မြတ်နိုးကို ကိုယ့်ဆီကပြန်ရွေးတယ်ပေါ့လေ၊ ဟုတ်လား"

သူ့ပြောပုံက မခံချိမခံသာ။ မြတ်နိုးကပဲ သူနှင့်သက်ဆိုင်ပြီးသားလိုလို။ သို့သော် မင်းရာဇာသည်းခံရသည်ပါပဲ။

"ဒီလိုတော့မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျား မြတ်နိုးအပေါ် စေတနာရှိတယ်မဟုတ်လား၊ မြတ်နိုးကောင်းစားဖို့

အတွက်ပဲဗျာ၊ ကျွန်တော့်တောင်းဆိုချက်ကို လိုက်လျောနိုင်ရမှာပေါ့"

"ကိုယ်က မြတ်နိုးကို စေတနာနဲ့ထောက်ပံ့တာလေ၊ အကြွေးပေးသလိုချေးခဲ့၊ ငှားခဲ့တာမှမဟုတ်ဘဲမောင်ရင်ရဲ့၊ စေတနာကို မောင်ရင်ဘယ်လိုတန်ဖိုးဖြတ်မှာလဲ"

ဖုန်းထဲမှ ကော်ဆဲပစ်လိုက်ချင်စိတ်ကို မင်းရာဇာကြိုးစားဖျောက်ရသည်။ သူကတော့ မထိတထိနှင့်ကလိမှာပဲလေ။

သည်းခံ. . မင်းရာဇာ။ သည်းခံ. . . ။

မင်း မြတ်နိုးကို သနားတယ်မဟုတ်လား။ မင်း မြတ်နိုးကို ချစ်တယ်မဟုတ်လား။ မြတ်နိုးကို သူ့လက်ထဲနေ ကယ်တင်ချင်တယ်မဟုတ်လား။

ကိုယ့်ကိုယ်ကို တရားအတန်တန်ချပြီးမှ မင်းရာဇာ ခိုင်မြဲအောင်ကိုဆွေးနွေးရပြန်သည်။

"ဒီတော့ ခင်ဗျားက ဘယ်လိုသဘောထားသလဲခင်ဗျာ၊ ကျွန်တော်ကတော့ မြတ်နိုးကိုသိပ်ချစ်တဲ့အတွက် အားလုံးလိုက်





လျောနေတာပါ။ ကျွန်တော်တို့ချစ်ခရီးလမ်းကို ဖြောင့်ဖြူးစေချင်လို့ပါ"

"မင်းချစ်သလို ငါလည်း မြတ်နိုးကိုချစ်တယ်လေမင်းရာဇာရဲ့၊ ချစ်ကြည့်ချင်ပါတယ်"

"တောက်. . ခင်ဗျား. ."

သူဘယ်လိုမှစိတ်မထိန်းနိုင်တော့ဘဲ ဟမ်းဖုန်းကိုဆောင့်ပိတ်လိုက်မိတော့သည်။ တော်ပြီ. .။ မသနားတတ်တဲ့ကျားကို ဒူးထောက်ပြီးမတောင်းပန်ချင်တော့ဘူး။

မျက်ရည်ခံထိုးပြီး မတောင်းပန်တော့ဘူး။ မြတ်နိုးရဲ့အချစ်ကိုသာ သေချာအောင်တောင်းယူပြီး နှစ်ဦးသားပိုင်ဆိုင်သည့်အချစ်ရဲတိုက်ကြီးကို ခိုင်မြဲစွာတည်ဆောက်ထားတော့မည်။

# အခန်း(၁၈)

ယခုတော့လည်း မိုးလေဝသတွေသာယာပြီး လေပြည်အေးတွေတိုက်ခတ်နေလို့ မင်းရာဇာနှင့်မြတ်နိုးအတွက် သာယာကြည်နူးဖွယ်နေ့ရက်များဖြစ်နေရပြန်သည်။

မင်းရာဇာမှာ ကိုယ်ပိုင်ကားနှင့်ကျောင်းတက်သည်မို့ သူ့ဘက်မှကလပ်စ်တွေပြီးသည့်အခါ မြတ်နိုး၏ကျောင်းဖက်သို့ ကူးခဲ့မြဲ။

နောက် နှစ်ယောက်အတူ အင်းလျားသို့သွားပြီး ရေကသိုဏ်းရှုကြသည်။ ချစ်သူလေးကို ရင်ခွင်မှာမှီပွေ့ပြီး အင်းလျားရေပြင်ကိုငေးရတာ တကယ့်ဘဝ၏အနှစ်အရသာ။





သူများအတွဲတွေလို ကလီကမာမပါ။ သွေးဆူမှုတွေမပါ။ ဆေးခန်းထဲမှာ ပါးလေးတွေကိုယ်စီ အပြန်အလှန်မွှေးကြပြီး ကတည်းက ချစ်သူဘဝမှာ ဒီ့ထက်ပိုမကဲဖို့ အပြန်အလှန်ကတိတွေပေးပြီးသား။

ကူးစက်ရောဂါတွေလို အနောက်နိုင်ငံဘက်မှလာသည့် (Living Together)တွေအလိုမရှိ။ ဒါ မြန်မာပြည်" ဒါ မြန်မာလူမျိုး။ ကိုယ့်တိုင်းပြည်မှာ ကိုယ့်လူမျိုး၏ဗီဇကိုသာ ချင့်သုံးမှ ကောင်းပါသည်။

တက္ကသိုလ်မှာ အချစ်ဘာသာဗေဒတွေ အမျိုးမျိုးတီထွင်၊ အမျိုးမျိုးဆန်းပြားဖော်စပ်ပြီး ကိုယ်ဖော်တဲ့ဆေးကိုယ်မစားနိုင်သည့်အဖြစ်မျိုး မဖြစ်စေရ။

ဒီလိုတွေ စည်းမရှိကမ်းမရှိနေကြပြီး ကိုယ်လည်း နွားမရွှံ့ပိတ်ခံရ၊ သူလည်း နွားမရွှံ့ပိတ်ခံရတာမကောင်း။

ယဉ်မင်းဦး(ဆေးတက္ကသိုလ်)ရဲ့ အက်တိုးပစ်အပျိုစင်တွေအလိုမရှိ။ သည်တော့ မင်းရာဇာနှင့်မြတ်နိုးတို့ သစ်မြစ်ဆုံမှာ

နှစ်ယောက်အတူထိုင်ပြီး ဝိဇ္ဇာ၊ ဇော်ဂျီ၊ ဘိုးတော်(အစစ်)တွေလို သမာဓိရဖို့ အင်းလျားရေပြင်ကို ရေကသိုဏ်းရှုကြသည်။

အပြင်မှဝယ်လာသည့် ရယ်ဒီမိတ်ဒန်ပေါက်ဖူးလေးကို နှစ်ယောက်အတူ တစ်ယောက်တစ်ဇွန်းစီ ဇွန်းလှည့်စားကြရင်း နှင့် ကြည်နူးချမ်းမြေ့ကြရသည်။

"ဟ. . ကိုခွဲ့မယ်"

"မကဲနဲ့ကိုရာ၊ ကိုယ့်ဘာသာစားကြေး"

ဇွန်းလေးနှင့် ချစ်သူကိုခွံ့မည်ပြင်လျှင် ချစ်သူက ဘိုးတော် ဘုရားလက်ထပ်ကအပျိုတော်တစ်ဦးပမာ ငြင်းပယ်မြဲ။

"ဒါဖြင့် ကိုတို့လက်ထပ်ကြတော့ လူရှေ့သူရှေ့မှာ ရေခဲ မုန့်ခွံ့လို့ဖြစ်ပါ့မလား"

"မခွံ့နဲ့ပေါ့ကိုရဲ့၊ ဒါလေးများ"

"အို. . ဘယ်ဖြစ်မလဲ၊ သူများမင်္ဂလာဆောင်ခွေတွေ မကြည့်ဖူးဘူးလား၊ မြတ်နိုးသိပ်တုံးတာပဲကွာ"

"အံမယ်. . အဲလိုခွံ့မှ ရာသက်ပန်ရိုးမြေကျဖြစ်တာကျ





လို့၊ အသည်းနှလုံးကသာ အဓိကပါနော်၊ နှလုံးသားထဲက ချစ်နေ ဖို့သာအဓိက"

"ပြောတတ်လိုက်တာချစ်ရယ်၊ ဒါဆို ကို လူရှေ့သူရှေ့မှာ ရေခဲမုန့်မခွံ့တော့ဘူးနော်၊ လူကွယ်ရာကျမှ. . "

"ဟိတ်. . ကိုနော်. . ပေါက်ကရတွေလျှောက်မပြောနဲ့"

"မပြောပါဘူးဗျာ၊ လူကွယ်ရာကျမှ ခုလို ဒန်ပေါက်လေး တစ်ဖူးဝယ်ပြီး အတူစားကြမယ်လို့ပြောမလို့ပါ၊ အဟဲ. "

ထို့နောက် ရေသန့်ဗူးလေးကို တစ်လှည့်စီစုပ်လိုက်၊ ဒန် ပေါက်ဖူးလေးကို နှစ်ယောက်အတူ တစ်ဇွန်းစီစားလိုက်နှင့် မင်း ရာဇာနှင့်မြတ်နိုးတို့ လောကနိဗ္ဗာန်သို့ အရှင်လတ်လတ်ရောက် နေကြရသည်။

သန့်ရှင်းသောချစ်ခြင်းမေတ္တာများပါပဲ။ ရင်ကိုအေးမြစေ သည့်ချစ်ခြင်းဖွဲ့ဇာတ်ဝင်ခန်းတွေ။

"မြတ်နိုးများများစား၊ ကိုက အိမ်ကျရင်ထမင်းစားရဦးမှာ၊ အခုလည်း မဆာပါဘူး၊ ပျော်လို့ဝင်စားတာ"

ဒန်ပေါက်ထဲမှကြက်သားတုံးများကို အသားထွင်ပြီး မြတ်နိုးကိုသူခွံ့ကျွေးရှာသည်။

"အို . . ကိုလည်း တစ်နေ့လုံးကျောင်းတက်ထားရတာ၊ ဆာမှာပေါ့၊ ဒန်ပေါက်က အများကြီးပဲကိုရဲ့၊ မြတ်နိုးဘယ်ကုန်မှာလဲ၊ လာပါ . . အတူစားရတာ အရမ်းပျော်တာပဲ၊ မြတ်နိုးလေ အဆောင်ပြန်ရောက်ပြီး ညကျတော့ သတိရနေရော"

"ဟုတ်လား . . ညကျသတိရသလား၊ အခုက ချမ်းတယ်မဟုတ်လား၊ ဆောင်းတွင်းကြီးလေ၊ ကို့ကိုသတိရတော့ နွေးမသွားဘူးလား"

"ကိုနော် . . မြတ်နိုးက ရိုးရိုးပြောတာ၊ ဟင်း . . "

"ကိုကလည်း ရိုးရိုးပြောတာပါ၊ ခုလို ညနေခင်းကပေးလိုက်တဲ့ကိုယ်ငွေ့လေးကို ညအထိ သိမ်းထားဖို့ပြောမလို့ပါ"

"တော်ပြီ . . တော်ပြီ . . ကိုနဲ့စကားပြောရတာ သိပ်အထာအနကောက်တာပဲ၊ ထမင်းစားတာပဲကောင်းတယ်"

နှစ်ယောက်အတူ ကြည်နူးစွာဖြင့် စားလိုက်ကြသည်မှာ ခဏလေးနှင့်ပင် ထမင်းဗူးလေးပြောင်သွား၏။





အဲဒါ မြတ်နိုးအတွက် ညစာ။ မနက်စာကိုလည်း ကိုနှင့်အတူ ကျောင်းကင်တင်းမှာစားကြသည်။ အားတော့နာတာပေါ့နော်။ ဒါပေမယ့် အဲဒီအတွက် ကို့ကို တစ်သက်လုံး မြတ်နိုးကြင်နာစွာပြုစုပေးပါမည်။ လျော်ကြေးပေါ့ . . လျော်ကြေး . . ။

အတွေးနှင့် မြတ်နိုးကြည်နူးချမ်းမြေ့နေလျှင် သူမကိုအရိပ်လိုကြည့်နေသည့်မင်းရာဇာမှာ သက်ပြင်းချရပါလေ၏။ ယခုအချိန်အထိတော့ မိုးလေဝသက ကြည်လင်တုန်း။ ဦးခိုင်မြအောင်ကိုလူးဆိုင်းဝင်မတီးသေး။

သို့သော် မင်းရာဇာမှာ သေမည့်ရက်ကန့်သတ်ခံထားရသည့် အိတ်(စ)ရောဂါသည်လိုနေရတာ တထိတ်ထိတ်နှင့်ပါ။

ဦးခိုင်မြအောင်က ကြက်ကလေး၊ ငှက်ကလေးလို သူ့ကိုအချိန်မရွေးရိုက်ချက်စားနိုင်သည်မဟုတ်ပါလား။

တစ်ခါတစ်လေတော့လည်း ကိုယ်တိုင်ပဲ ဖွင့်ဟဝန်ခံပစ်လိုက်ချင်ပါသည်။ သို့သော် မဖြစ်။ ချစ်သူက သူ့အစ်ကိုကိုသတ်သည့်တရားခံတစ်ယောက်အား ခွင့်လွှတ်နိုင်မည်မထင်။

သက်ပြင်းလေးလေးကြီးချပြီး မင်းရာဇာ မြတ်နိုးကို ညှိုးငယ်စွာခိုးငေးကြည့်နေလျှင် သူမကပြန်ကြည့်သည်နှင့်တိုးလေ၏။

"ကို. . ဘာဖြစ်လို့လဲဟင်"

"ဘာမှမဟုတ်ပါဘူးချစ်ရယ်၊ အခုလို တစ်ယောက်နဲ့တစ်ယောက်အမြဲချစ်နေကြရင်ကောင်းမှာပဲလို့ တွေးမိလို့ပါ"

"ကိုကလည်း အစိုးရိမ်ပိုလိုက်တာ၊ အဲဒီစကားကို မြတ်နိုးကသာပြောရမှာပါ၊ ကိုက ရုပ်လည်းချောတယ်၊ စတိုင်မိတယ်၊ နောက်ပြီး ကိုယ့်ကားကိုယ်မောင်းပြီးကျောင်းတက်နိုင်တဲ့သူဌေးသား၊ မြတ်နိုးကို မျက်စိလည်လမ်းမှားပြီး ကြိုက်သလား၊ ဒါမှမဟုတ် ယောက်ျားပီပီ စိတ်အလိုလိုက်ပြီး ခဏလေးချစ်တာလားလို့သာ မြတ်နိုးစိတ်ပူရမှာပါ"

သာလိကာမလေးသဖွယ် ချွဲနွဲ့သည်မဟုတ်ပေမယ့်တကယ်လည်း မြတ်နိုးစိတ်ပူမိပါသည်။ သည်အခါ ကိုက သူ့ရင်ကိုကော့ပြီး လက်နှင့်ပုတ်ကာ မြတ်နိုးအားရှိအောင်အာမခံရပါသည်။

"ကိုယ်ယောက်ျားပါမြတ်နိုးရယ်၊ မြတ်နိုးကို ရင်ထဲ





အသည်းထဲကကို နှစ်နှစ်ကာကာချစ်မိတာပါ၊ ကိုလေ မြတ်နိုးနဲ့မတွေ့ခင်ကဆို မိန်းမတွေကို ကြိုက်ဖို့၊ချစ်ဖို့လုံးဝသတိမရဘူး၊ ကိုလေ ကလေးလိုပဲ အစ်မတွေကိုချွဲနွဲ့၊ သူငယ်ချင်းတွေနဲ့ ပျော်လား၊ဝါးလားလုပ်ပြီး ကလေးဆိုးဆိုးနေခဲ့တာပါ၊ မြတ်နိုးနဲ့တွေ့မှ အချစ်ဆိုတာ နားလည်သွားခဲ့တယ်"

"ကို သိပ်စကားတတ်တာပဲ၊ ကဲ. . ပြန်ကြစို့၊ ငါးနာရီထိုးနေပြီ၊ အဆောင်ကျရင် ရေချိုးရဦးမယ်"

"ချိုးမနေပါနဲ့တော့ချစ်ရယ်၊ တော်ကြာ ကိုယ်ငွေ့လေးပြယ်သွားပါဦးမယ်"

"ကိုနော်. . ."

နှစ်ယောက်အတူတွဲထူထလိုက်ပြီး ရယ်မောလိုက်ကြလျှင် အင်းလျားကန်ကြီးကတော့ ဣန္ဒြေကြီးနှင့်ကြည့်နေမြဲ။

# အခန်း(၁၉)

မင်းရာဇာ ညှော့ခန်းထဲသို့ဝင်လာခဲ့လျှင် ညှော့ခန်းထဲမှာ ဖေဖေ၊ မေမေနှင့် အစ်မငါးယောက်စလုံးကိုတွေ့လိုက်ရသဖြင့် သူ ထိတ်ကနဲရင်တုန်သွားရသည်။

ဘာတွေဖြစ်နေကြတာလဲ။ ဧကန္တ ဦးခိုင်မြဲအောင် လုမ်းပြီးအတို့အထောင်လုပ်လိုက်ပြီထင်သည်။

ဩော်. . တော်တော်အကုသိုလ်ကြီးတဲ့လူပါပဲ။ နှမချင်းသားချင်းလည်းမစာတတ်။ သူတစ်ပါးအပေါ်လည်း မစ္ဆရိယစိတ်ကြီးမားလိုက်ပါဘိ။

မစားရတဲ့အမဲ သဲနှင့်ပက်နေပြီထင်ပါသည်။ ခြေလှမ်း





မမှားအောင်ထိန်းပြီး မင်းရာဇာညှော့ခန်းထဲသို့ဝင်ရ၏။ မေမေ့အနားမှာကပ်ထိုင်ပြီးသော် သူကပဲ သူခိုးလူလူဟစ်ရပါတော့သည်။

"မေမေတို့တွေ အုပ်စုတယ်တောင့်နေကြပါလား၊ ဘယ်ကိုဘုရားဖူးထွက်မလို့လဲ"

ရယ်ကျဲကျဲနှင့်မင်းရာဇာဝင်ရောလျှင် မမသြကာ အရင်ဆုံးမျက်စောင်းထိုးလိုက်၏။

"အပိုတွေပြောမနေနဲ့၊ အခု သား ဘယ်ကောင်မလေးနဲ့ ကြိုက်နေတာလဲ၊ မှန်မှန်ပြော"

"ဟိုက်. . အသားလွတ်ကြီးပါလား၊ သား ကလေးပဲရှိပါသေးတယ်၊ ညညဆို မေမေ့ဆီသွားပြီး နို့ခိုးစို့ချင်တုန်းနော်မေမေ၊ ဟဲ. . ဟဲ. . ဖေဖေ့ကြောက်လို့သာ"

"ခွေးကောင်. . ငါ့ဆွဲမထည့်နဲ့"

ပြောပြောဆိုဆိုနှင့် ဖေဖေထသွားလျှင် မင်းရာဇာမှာ အစ်မငါးယောက်နှင့်မေမေ့လက်တွင် ဝ,ကွက်ပြီးကျန်ခဲ့ရလေ၏။

မမသြကာ မင်းရာဇာ၏နားရွက်ကို လှမ်းလိမ်ပြီး. . .

"မညာနဲ့နော်၊ သတင်းပေးက အခိုင်အလုံပေးသွားပြီးသား၊ ဘယ့်နှယ်. . ကြိုက်စရာရှားလို့ အနုတ်စုတ်၊ ဂုတ်စုတ်တွေမှ သွားပြီးကြိုက်ရသတဲ့"

"အေးလေ. . ပြီးတော့ ဟိုက အချိုသတ်ပြီးသူ့ကိုပေါင်းနေတာ၊ သူ့အစ်ကိုအတွက်လက်စားချေမလို့တဲ့"

"ဟာ. ."

ငုံ့ ခိုင်မြအောင်ကိုမေတ္တာလှမ်းပို့ပြီး မင်းရာဇာ အစ်မတစ်ပြုံကြီးကို ထုချေလွှာတင်ဖို့သာ အပြေးအလွှားစဉ်းစားရပါတော့သည်။

"မဟုတ်ပါဘူးမမတို့ရယ်၊ ဒါ သားကို သက်သက်ချောက်တွန်းတာပါ၊ သား ဘယ်ကောင်မလေးနဲ့မှလည်း မကြိုက်ရသေးပါဘူး၊ ဟဲ. . ဟဲ. . ခုမှကြုံရွှယ်တုန်း"

"နင်. . အဟုတ်လား"

"ဟုတ်ပါတယ်မမလေးရဲ့၊ အလကားနေ ကိုယ့်သားပြောစကားထက် သူများစကားကိုယုံနေကြတယ်၊ ကဲ. . သားစာသွားကြည့်ဦးမယ်"





စပါးရော၊ ဖွဲရောဖြင့် မင်းရာဇာထပြေးမည်ကြံလျှင် မမသြက သူ့ဆံပင်ကိုဆွဲထားလေ၏။

"အား. . အော်. . နာတယ်မမသြရဲ့၊ အဲဒီမမသြကိုလေ ပါကြောင့် အပျိုကြီးဖြစ်နေတာ၊ အသားချင်းလည်းကိုယ်ချင်းမစာဘူး၊ အသည်းချင်းလည်းကိုယ်ချင်းမစာဘူး"

"ပေါက်ကရတွေလျှောက်ပြောမနေနဲ့သား၊ နင့်ပါးစပ်ကဖွင့်ပြောတာကိုကြားချင်တယ်၊ မေမေ. . ကိုယ့်သားကိုယ်သနားရင် ဖေဖေ့နောက်လိုက်သွား၊ သမီးတို့ကတော့ ဒီညမပေါ်ပေါ်အောင်စစ်ရမှာပဲ"

ဂျပန်ခေတ်က ကင်ပေတိုင်အဖွဲ့ကြီးနှယ် အစ်မငါးယောက်က မင်းရာဇာကိုဝိုင်းအုံထားလိုက်ကြလျှင် သူ မေမေ့ကိုမျက်လုံးလေးပေကလပ်၊ပေကလပ်နှင့် အသနားခံလိုက်သည်။

"မေမေ. . သားစာမေးပွဲနီးပြီဗျနော်၊ မမတို့လုပ်ပုံကောင်းသလား"

မေမေ့မှာ တစ်ဦးတည်းသောသား၊ အငယ်ဆုံးသားလေး

မင်းရာဇာအား ကြင်နာသနားစွာကြည့်လိုက်ပြီး သမီးတွေကို တစ်ချက်တော့ဟန့်လိုက်သည်။

"ညည်းတို့ ကြည့်လည်းလုပ်ကြအေ၊ ယောကျ်ားလေးပဲ၊ ဘာဖြစ်တာမှတ်လို့"

"မေမေ့ကြောင့် သားပျက်စီးနေတာ၊ ဒီဘက်ကရုပ်ကို လည်းကြည့်ဦး၊ ကြောက်ချင်ယောင်၊ ဇဝက်သာယောင်ဆောင်နေလိုကဟာ"

တကယ်လည်း မင်းရာဇာ ဘယ်သူ့ကိုမှမကြောက်ပါ။ ကြောက်ပြနေခြင်းသာဖြစ်သည်။ ဒါမှလည်း အစ်မတွေက သူတို့ကိုယ်သူတို့ အထင်ကြီးကြမယ်မဟုတ်ပါလား။

မင်းရာဇာထိုင်သည့်ဆိုဖာအနီးသို့ အစ်မငါးယောက်လုံး စုပြုံပြီးဝိုင်းလာကြလျှင် မင်းရာဇာကလည်း ရှူးသလို၊ပေါသလိုနှင့် ထပြေးဖို့သာပြင်တော့သည်။

"မမတို့နော်. . သားစာကျက်ရဦးမှာ၊ စာမေးပွဲကလည်း အရမ်းနီးနေပြီ၊ (၁၅)ရက်ပဲလိုတော့တယ်၊ သားစိတ်ဆင်းရဲအောင် မလုပ်ကြနဲ့နော်၊ ဒါပဲ"





"အောင်မာ. . ဒါဘာစကားလဲ၊ မင်းကောင်မလေးကို မဖြတ်ဘူး၊ ဆက်ကြိုက်မယ်ဆိုတဲ့သဘောလား"

"မဟုတ်ပါဘူးဆို၊ မကြိုက်ရသေးပါဘူး၊ ကြိုက်မလို့စိတ်ကူးတုန်း၊ သားငယ်ပါသေးတယ်"

"နင်အပိုတွေလာပြောမနေနဲ့နော်၊ မင်းရာဇာ. . နက်ဖြန်သဘက်ခါပဲဘွဲ့ရတော့မယ်၊ ဘာကလေးလဲ၊ ကြည့်စမ်းပါဦးတော် ကြိုက်စရာရှားလို့"

"ကောင်မလေးက ဘာဖြစ်လို့လဲမမညြရဲ့"

မမလတ်က တကယ်ပင်မသိလို့မေးလျှင် မမညြက သူ့ညီမကို မျက်စောင်းကြီးကြီးတစ်ချက်ထိုးချလိုက်၏။

"ဘာဖြစ်ရမလဲ၊ ကားဒရိုင်ဘာရဲ့ညီမ၊ ဘာမှလည်းခြေခြေမြစ်မြစ်မရှိဘူးလေ၊ ဥတစ်လုံးတစ်ကောင်ကြွက်၊ အုတ်ကြားမြက်ပေါက်"

"ဟာ. . ဒီလောက်ကြီးတောင် လူတစ်ဖက်သားကို ချိုးချိုးဖဲ့ဖဲ့မပြောပါနဲ့မမညြရာ၊ သားကရော ဘာကောင်မို့လို့လဲ၊

သားလည်းလူပဲ၊ လူမှ လူပွေ၊ လူတေလေ၊ အခုမှ ဘေးတွေ့လို့ လိမ်မာသွားတာမဟုတ်လား”

မင်းရာဇာ မြတ်နိုးဘက်မှဝင်ပြီးခုခံပြောဆိုလျှင် မမသြမှာ ဆွေ့ဆွေ့ခုန်သွားရ၏။

“ကြည့်စမ်း . . ကြည့်စမ်း . . ငါ့ကိုများ ပြန်ခံပြောနေလိုက်တာ၊ နင်တော့ သိမယ်၊ ငါ့အကြောင်းသိမယ်”

မင်းရာဇာ ဒေါတွေဖောင်းနေသည့်မမသြကို လျှာထုတ်ပြလိုက်သည်။ ကိုယ့်အစ်မပဲ။ တစ်ချက်လောက်ချွဲလိုက်လျှင်ပြီးသည်။

မမနွဲ့က ဝင်ပြောပြန်သည်။ သူက ဆရာဝန်ကတော်။

“ဟိုတလောကတောင် သူ့ကောင်မလေးကို ကိုကို့ဆေးခန်းမှာတင်လိုက်ရသေးတယ်တဲ့”

သူ့အစ်မများ ငေါက်ကနဲမျက်လုံးပြူးသွားကြသည်မှာ ယိမ်းကနေသည့်နှယ်။ မင်းရာဇာရယ်ချင်လှပါ၏။

သူတို့က သာဒင်ကို ဘာထင်လို့လဲ။ အထင်ကြီးခံရနည်း





လားဟူသောစတိုင်ဖြင့် မင်းရာဇာ မိန့်မိန့်ကြီးပြုံးနေလိုက်သည်။ ထင်ချင်ရာထင်ကြပစေ။

“ဟယ် . . ဟုတ်လား၊ သား နင် မဟုတ်တရုတ်တွေ လျှောက်လုပ်ထားပြီလား၊ ကောင်မလေးဖြစ်တာ ဘာရောဂါလဲ၊ အဘောရှင်းလား”

“နွဲ့မသိဘူးမမသြရဲ့၊ ကိုကိုကလည်း လျှို့ဝှက်ထားတယ်လေ၊ ဆေးခန်းက နာ့စ်နဲ့စကားစပ်မိလို့သာ နွဲ့သိရတာ”

အမှုကို ပိုပြီးလေးနက်အောင် မင်းရာဇာဘာမှမဖြေရှင်းတော့ဘဲ အလွမ်းမင်းသားစတိုင်ဖြင့် ဆိုဖာပေါ်မှာ ခွေတိခွေခေါက်လှဲချလိုက်သည်။

ခင်နှင်းယု၏ အတွတ်လိုလို၊ ဗိုလ်အောင်ဒင်လိုလိုရုပ်နှင့်ပေါ့။ အစ်မငါးယောက်က သူ့ကို စိတ်မကောင်းသည့်ဟန်ဖြင့် ဝိုင်းဝန်းဂရုဏာသက်နေကြလျှင် မင်းရာဇာ မသိချင်ယောင်ဆောင်နေလိုက်၏။

မင်းရာဇာ စိတ်ထိခိုက်နေသည့်ဟန်ဖြင့် အပီအပြင်သရုပ်ဆောင်နေလိုက်လျှင် အစ်မငါးယောက်မှာ မျက်ရိပ်ပြလိုက်ကြ

ပြီး သူတို့ဘာသာသူတို့ ဧည့်ခန်းထောင့်မှာသွားပြီးစုဝေးကြပါလေ တော့သည်။

"ကောင်မလေးက ဘာလဲ. . ဂျလေဗီလေးလား"

"အီးမေဂျာကလို့ပြောတာပဲ"

"ဟာ. . ဒါဆိုမဆိုးပါဘူး၊ တစ်ကောင်ကြွက်တော့ရော ဘာဖြစ်လဲ၊ အဲဒါမှ တို့နဲ့တည့်မှာ"

"ဒါပေမယ့် သတင်းပေးတဲ့လူကပြောတာတော့ ကောင်မလေးက ပိုင်းလုံးလိုလို၊ ဘာလိုလိုတဲ့"

"ဘာ. . ဘယ်လို. . "

"သူ့အစ်ကိုသေသွားပြီးနောက်ပိုင်း ကျောင်းကလည်း မပြီးသေးတော့ ဘဝကို ဖြစ်သလိုရင်ဆိုင်ရတယ်ထင်ပါတယ်၊ အဲဒါကြောင့်ဖြစ်မယ်"

"ဟာ. . ဒါဆိုရင်တော့ မဖြစ်ဘူး၊ မဖြစ်ဘူး၊ သားကို အမြန်တားမှ"

"နင်တို့ကလည်း နေကြစမ်းပါဦး၊ အခု ကလေးစာမေးပွဲ





နီးနေတယ်၊ အသာလွှတ်ထားလိုက်၊ ပြီးတော့မှ တို့ကြိုက်သလို ပုံသွင်းရတာပေါ့"

"တော်ကြာ ခိုးပြေးနေလို့လည်း မကောင်းမကန်းကြီး အဖတ်တင်နေဦးမယ်"

တစ်ယောက်တစ်ပေါက်အသံတွေကို မသဲမကွဲကြားနေရာမှ မင်းရာဇာ အိပ်ချင်ယောင်ဆောင်နေလိုက်လျှင် တကယ်ပင်အိပ်ပျော်သွားသည်။

စိတ်မပူလို့တော့မဟုတ်ပါ။ အပူလွန်သွားလို့ပဲဖြစ်လိမ့်မည်။ အိပ်မက်ထဲမှာ ဦးခိုင်မြဲအောင်နှင့်သူ စီးချင်းထိုးနေရပါသည်။

ဦးပေါင်းကျားနှင့်မြင်းညိုရှင်လိုပေါ့။ မင်းရာဇာက ခေါင်းပေါင်းအကျားကြီးနှင့် မြင်းညိုကြီးကိုစီးလို့။ တဟားဟားအော်ရယ်လိုက်သေးသည်။ ရင်ထဲမှာပေါ့သွားတာပဲ။ အိပ်မက်ကို အိပ်မက်မှန်းသိနေပြီး အိုက်တင်အပြည့်နှင့်သရုပ်ဆောင်နေရတာ တော်တော်စိတ်ကျေနပ်စရာကောင်းသည်။

ခေါင်းပေါင်းအစုတ်ကြီးကိုပေါင်းပြီး မြင်းပိန်မကိုစီးထား

သည့်ဦးခိုင်မြအောင်အား မင်းရာဇာ သည်းကြီးမည်းကြီးလိုက်တိုက်နေလိုက်တာ။ လက်ထဲက ဓားကိုဝင့်ပြီး ဇာတ်ထဲက မင်းသားရှူးလို သူမကျေနပ်တာတွေပြောလိုက်၊ ဓားနှင့်ဝင့်လိုက်လုပ်နေမိသည်။

"ဟေ့. . ခိုင်မြအောင်. . မင်းဟာ ငါ့ရဲ့ယမမင်းပဲ၊ ဟုတ်ပေါင်. . ငါဟာ မင်းရဲ့ယမမင်းပဲ၊ မင်း ဒီနေ့သေရမယ်၊ မင်းသေသင့်တာကြာပြီ"

သည်အခါ အပြင်ဘက်မှာမာရေကျောရေနှင့် အသာစီးကအမြဲနေခဲ့သည့်ဦးခိုင်မြအောင်၏ရုပ်က ဇီးရွက်လောက်မျက်နှာလေးနှင့်။

ကြည့်ရတာအရသာရှိလိုက်တာနော်။

"မလုပ်. . မလုပ်ပါနဲ့ကွာ၊ ငါမှားပါပြီ၊ ငါ့ကိုယ်ငါ မှားမှန်းသိပါပြီ၊ ငါမသေပါရစေနဲ့ဦးနော်၊ ငါ့မှာ မိန်းမနဲ့သားလေးနဲ့မို့ပါကွာ၊ ငါသေရင် ငါ့မိန်းမက နောက်ယောကျ်ားယူမှာမုချပဲ၊ ငါ့သားလေး ပထွေးစာမိမှာစိုးလို့ပါ"

ပလီစိချောက်ချက်နှင့် ဦးခိုင်မြအောင်မျက်ရည်တွေတွေ





စီးကျနေလျှင် မင်းရာဇာက တဟားဟားနှင့်အော်ရယ်လိုက်သေးသည်။ (ကိုယ့်ကိုယ်ကိုတောင် အမြင်ကတ်မိပါရဲ့။)

"ခိုင်မြအောင်. . ခိုင်မြအောင်. . ဒီလောက်အရှည်ကြီးတွေမတွေးနဲ့လေကွာ၊ သူတို့ဘာသာ ဘာပဲဖြစ်ဖြစ်ပေါ့၊ မင်းတုန်းကတော့ တို့နှစ်ယောက်ရဲ့ချစ်ခြင်းကို အသေရရ၊ အရှင်ရရပစ်ခွင်းခဲ့တယ်လေ၊ အမုန်းမြှားနဲ့ ဥပေက္ခာလေးကြီးမှာတင်ပြီးအင်း. . အဲ. . အရှုံးတရားတွေကိုပစ်လွှတ်ခဲ့တာ မင်းပဲမဟုတ်လား"

"ဇာတ်ထဲကစကားမျိုးတွေလာမပြောနဲ့လေကွာ၊ သောက်မြင်ကပ်လာပြီ၊ သတ်မှာဖြင့်လည်း သတ်၊ ငါသေချင်ပြီ"

ဦးခိုင်မြအောင်က စိတ်မရှည်တော့ဟန်နှင့် မြင်းပိန်မပေါ်မှ သူ့ဇက်ကိုစင်းပေးနေလျှင် မင်းရာဇာ သူ့ကိုအားရပါးရခုတ်ဖို့ ကြိုးစားလိုက်၏။

ထိုအခါ တစ်နေရာမှဘွားကနဲပေါ်လာသူက သူ၏ချစ်သည်းလေး မေမြတ်နိုးဆုဖြစ်နေပြန်သည်။

ရှည်လိုက်တဲ့အိပ်မက်နှယ်။ သို့သော် ကောင်းခန်းမို့ မင်းရာဇာစိတ်ရှည်စွာဆက်မက်နေမိ၏။

"ကို. . ကိုရေ. . သူ့ကိုမသတ်ပါနဲ့ကွယ်၊ သူဟာ မြတ်နိုးကို ကလေကချေမဖြစ်အောင်ကာကွယ်ပံ့ပိုးခဲ့သူပါ၊ သူ့အပြစ်နဲ့ သူရှိပါစေ၊ သူ့ကို လောကကြီးက ဒဏ်ခတ်ပါလိမ့်မယ်"

ကိုယ်ချစ်ရတဲ့မြတ်နိုးက ကိုယ့်ရန်သူတော်အတွက် မျက်ရည်တွေဘာတွေကျပြီး ရင်ဘတ်စည်တီးတားနေလျှင် အိပ်မက်ပင်ဖြစ်စေ မင်းရာဇာ အူတွေရှုံ့တွသွားအောင်တိုမိသည်။

"ဟ. . ဘယ်လိုလဲကွ၊ မင်းတို့မိန်းမတွေဟာ ဒီလိုပဲလား၊ တောင်ငေလလာမြောက်ကိုယိမ်း၊ မြောက်လေလာတော့ တောင်ကိုယိမ်း၊ အမ်. . ငါပြောတာဟုတ်သေးရဲ့လား"

ကိုယ့်စကားလုံးကိုယ်ပြန်စဉ်းစားပြီး အိုက်တင်ထုတ်နေမိစဉ် မြင်းပိန်မပေါ်မှ ဦးခိုင်မြအောင်က သူ့ကို ဓားနှင့်လှမ်းခုတ်တာခံလိုက်ရသည်။

"အား. . ငါအနိုင်နေရဲ့သားနဲ့ လျှာတွေရှည်မိလို့၊ အိုက်





တင်များမိလို့ ခုတော့ခံရပြီ၊ အား. . အား. . မြတ်နိုး. . မြတ်နိုးရေ. . "

အိပ်မက်ပေမယ့် ဓားခုတ်ခံရသည့်လက်မောင်းက တစစ်စစ်နှင့်ကျိုးထိုးသလိုနာကျင်နေလျှင် မင်းရာဇာ မြတ်နိုးကိုအားရပါးရ တ,ပြီးငိုမိပါသည်။

ခွေးမလေး. . ဒင်းကြောင့်။ သင်းပေါ်လာလို့ ငါရှုံးရတာ။

"မြတ်နိုး. . မြတ်နိုးရေ. . ကိုကိုကယ်ပါဦးအချစ်ရဲ့"

"ဗုန်း. . အား. . "

မြင်းပေါ်မှလိမ့်ကျပြီး သူအိစလံဝေနေခိုက် အစ်မများက ဆွဲထူကြသောကြောင့် မင်းရာဇာ အိပ်မက်မှလန့်နိုးသွားရပါတော့သည်။

"ထ. . ထ. . ကိုယ့်အခန်းထဲကိုယ်သွား၊ သား စာမကျက်တော့ဘူးလား၊ တကတည်း အစ်မတွေတားလို့ တော်တော်စိတ်ပူသွားတယ်နဲ့တူတယ်၊ အိပ်လိုက်တာကို သိုးလို့၊ ဘောင်းဘီနဲ့ မို့ပေါ့၊ ပုဆိုးနဲ့သာဆို ဖင်တောင်ပြောင်မယ်"

မမငယ်က မညှာမတာပြောလျှင် မင်းရာဇာ ကြမ်းပြင်

ကော်ဇောပေါ် မှလှဲလဲထလိုက်သည်။ မြင်းပေါ် ကကျတာမဟုတ်ဘဲ ဆိုဖာပေါ် ကကျတာကိုး။

အိပ်မက်ကတော့ နိမိတ်မကောင်း။ နိုင်မည်လုပ်ပြီးမှ ကပ်ရှုံးရသေးသည်။ သို့သော် ဦးခိုင်မြအောင်ကို ပက်ပက်စက်စက်တွေပြောရတာ သူကျေနပ်ပါသည်။

အစ်မတွေကို နှုတ်ဆက်ရင်း၊ခွဲရင်း သူ အခန်းထဲသို့ဝင်လာခဲ့သည်။ ရေချိုးမည်။ ပြီးမှ စာကြည့်တော့မည်။ ထမင်းလည်း မစားတော့ဘူး။ ညနေက ဒန်ပေါက်စားပြီးပြီမဟုတ်ပါလား။



## အခန်း(၂၀)

စာမေးပွဲရက်တွေမှီ မြတ်နိုးနှင့်မင်းရာဇာတို့ မတွေ့ကြဖို့ တိုင်ပင်ထားကြသည်။ စာမေးပွဲပြီးမှပဲ အပြတ်ကဲမည်တဲ့။

ကို့အသံလေးကိုကြားယောင်ရင်း မြတ်နိုး စာတွေကျက်၊ စာမေးပွဲကို ကြုံးဖြေနေမိသည်။ သူလည်း ဒီလိုပဲနေမှာပေါ့။

ဖုန်းအဆက်အသွယ်တော့ လုပ်ကြသည်။ မြတ်နိုးမှာ ဖုန်းမရှိသဖြင့် ကိုက သူ့ဟမ်းဖုန်းကိုပေးထားပြီး သူကတော့ ကြုံသည့်နေရာမှဆက်၏။

တစ်နေ့တစ်ခါပဲဆက်ဖို့ တားထားသည်ကြောင့် ညဦးပိုင်းမှာပဲ စာကျက်ရင်းဖုန်းဆက်ရသည်။ အသံလေးကြားရတာ

လည်း အလွမ်းပြေတာပါပဲ။

ယခုညလည်း ကို့ထံမှဖုန်းသံကိုနားထောင်ရင်း မြတ်နိုး စာကျက်နေမိသည်။ ကို့ရဲ့ဖုန်းလာချိန်ဟာ ည(၈)နာရီဝန်းကျင်။

ထိုစဉ် ကို့ဟမ်းဖုန်းမှသံစုံလေးမြည်လာသဖြင့် မြတ်နိုး ဝမ်းသာစွာဖုန်းဖွင့်လိုက်သည်။

"ဟယ်လို. . ကို. . "

ကိုပဲသေချာသည်မို့ မြတ်နိုး ကြည်နူးစွာထူးလိုက်လျှင် ကို့ထံမှ ပီတိတွေနှင့်ပျော်ဝင်ညွတ်နူးနေသည့်အသံကြီး ထွက်ပေါ်လာသည်။

"မြတ်နိုး. . အိုကေရဲ့လား၊ ကိုတော့ ဖြေနိုင်တယ်"

"အိုကေတာပေါ့ကိုရဲ့၊ မြတ်နိုးက စာကျက်တာပဲဟာ၊ ကိုဖြေနိုင်တယ်ဆိုတာတော့ မယုံပေါင်၊ ဒီနှစ်ဘွဲ့ရဖို့ သေချာရဲ့လား"

"မြတ်နိုးကလည်း အထင်သေးလိုက်တာကွာ၊ အစက ကိုလည်းလူတော်ကွ၊ ကျောင်းမှာ အရမ်း၊ အရမ်းကိုတော်တဲ့





ကျောင်းသားပဲ၊ နောက်မှ ရည်းစားတွေဘာတွေရပြီး ညံ့သွားတာပဲ"

တစ်ဖက်မှ ခပ်တည်တည်နှင့်ကိုပြောနေလျှင် မြတ်နိုး ရယ်ရပါသည်။

"အလကား. . ကိုပိုကြီး၊ လူပွေကြီးပါနော်၊ မြတ်နိုးသိပါတယ်"

"ဟာ. . ဒါတော့မှားတယ်ကျောင်းအစ်မ၊ ကိုက လူပွေကြီးမဟုတ်ပါဘူး၊ လူတေကြီးပါ"

"ဘာထူးလို့လဲ၊ အတူတူပဲမဟုတ်ဘူးလား"

"မတူဘူးမြတ်နိုးရဲ့၊ ပွေတယ်ဆိုတာ မိန်းမရှုပ်တာ၊ တေတယ်ဆိုတာက အဲ. . "

"တော်ပါတော့၊ ဘာလဲ. . ဘာရုတ်ကျတာ၊ ရန်ဖြစ်တာလား၊ ဖဲရိုက်တာ၊ ကြက်တိုက်တာလား"

"ဟာကွာ. . မြတ်နိုးကလည်း၊ ကဲပါ. . စာမေးပွဲရက်တွေမို့ စာကိုသေသေချာချာကျက်ထား၊ ကိုပို့လိုက်တဲ့ကြက်ဥတွေ

ရော ကြော်စားရဲ့လား၊ နို့ဆီတွေ၊ အိုဗာတင်းတွေလည်း ဖျော်သောက်"

"စိတ်ချ. . သောက်လည်းသောက်တယ်၊ စားလည်းစားတယ်၊ ကဲ. . ကိုရာ အရည်မရ၊ အဖတ်မရစကားတွေတော်ပါတော့၊ အရေးကြီးတဲ့စကားပဲပြော၊ အချိန်က တန်ဖိုးရှိတယ်ကိုရဲ့၊ စာကျက်ရဦးမယ်"

"အင်းပါ. . . ဒါဆိုလည်း အရေးကြီးတာပဲပြောမယ်၊ မြတ်နိုးကို သိပ်ချစ်တယ်သိလား၊ ကျောင်းပြီးရင်လက်ထပ်မယ်၊ စာမေးပွဲပြီးတဲ့နေ့ကျရင် အင်းလျားသွားပြီး အပြတ်ကဲမယ်၊ ကဲ. . ဘာလိုသေးလဲ"

"သွား. . ကိုလူဆိုး. . "

မြတ်နိုးဘက်မှ ရယ်သံသဲ့သဲ့လေးနှင့်ဖုန်းပိတ်သွားလျှင် မင်းရာဇာ သူကိုင်ထားသည့်မမနွဲ့၏ဟမ်းဖုန်းကို ရွှတ်ကနဲနမ်းလိုက်မိသည်။

ပြီး ဖုန်းကို ရင်ခွင်ထဲထည့်ပြီး အိပ်ယာပေါ် ပစ်လှဲလိုက်၏။ မျက်နှာကလည်း သကြားရည်ထဲကျသွားသည့် ပေါင်မုန့်ကြီးလို။ အိလို့. . ရွှဲလို့။

"သိပ်ချစ်တာပဲမြတ်နိုးရယ်၊ လောလောဆယ် စာကျက်လို့တောင်မရတော့ပါလား"

မျက်လုံးမှိတ်ပြီး မင်းရာဇာ ပီတိတွေဖြစ်ကာ စားမြုံ့ပြန်နေစဉ် သူ့အခန်းထဲသို့ မမသြဝင်လာ၏။

"အလို. . အလို. . ငါကတော့ ကိုယ့်မောင်လေးစာကျက်နေတာအားရှိအောင် နွားနို့လာပို့ရ၊ အိုဗာတင်းလာပို့ရနဲ့ ဒင်းကတော့ အိပ်ယာပေါ်မှာနှပ်နေတယ်ပေါ့လေ"

မမသြ၏အသံပြကြီးကိုကြားလိုက်ရလျှင် မင်းရာဇာ၏စိတ်ကူးကမ္ဘာလေးပျက်စီးသွားရ၏။

"ဟာ. . မမသြကလည်းဗျာ၊ ဒီမှာ ပျော်နေတာလေးတွေကုန်ပါပြီ"

"အေး. . ကျပ်ကျပ်ပျော် သိလား၊ ကျပ်ကျပ်ပျော်၊ တော်ကြာ ငိုရလိမ့်မယ်သိလား"

"ဟာဗျာ. . ဖွ. . လွဲပါစေ၊ ဖယ်ပါစေ"

မမသြပေးလာသည့်အိုဗာတင်းကိုသောက်ရင်း မြတ်နိုးလည်း ယခုအချိန်ဆို သူပို့ထားသည့်အိုဗာတင်းကို သောက်နေပေရော့မည်ဟု မင်းရာဇာတွေးမိလိုက်လေသည်။



## အခန်း(၂၁)

မြတ်နိုး စာမေးပွဲဖြေပြီးချိန်သည် မင်းရာဇာထက် နာရီဝက်မျှစောသဖြင့် သူမ ကို့ကို အခန်းရှေ့မှာစောင့်နေရပေဦးမည်။

ထားသီရိက စရင်းနောက်ရင်းနှင့် သူငယ်ချင်းများနှင့် ရုပ်ရှင်ကြည့်ဖို့အတင်းဆွဲခေါ်သော်လည်း မြတ်နိုးမှာ မျက်နှာပူပူနှင့်ငြင်းရသည်။

သူတို့ဘာယ်လိုပင်ပြောင်ပြောင်၊ နောက်နောက်၊ စိတ်ဆိုး၊ စိတ်ဆိုး ကိုနှင့်ချိန်းထားတာတော့အပျက်မခံနိုင်။ သူမကိုမတွေ့လျှင် ကို့ခမျာမောသွားရှာမှာပေါ့။

သူငယ်ချင်းများကိုလက်ပြပြီး ကျောင်းဝင်းထဲမှာ ကိုလာမည့်လမ်းမှ မြတ်နိုးထိုင်စောင့်နေမိစဉ် ကားတစ်စီး သူမ၏ရှေ့သို့လျှောကနဲဆိုက်လာသည်။

ထွက်လာသူက သူမထင်မထားသည့် ဦးခိုင်မြဲအောင်။ သူနှင့်မြတ်နိုး မတွေ့ကြတာလည်း ကြာပြီမဟုတ်ပါလား။

"ဦးခိုင်မြဲအောင် . ."

မြတ်နိုး၏နှုတ်မှ အာမေဋိတ်အသံထွက်သွားလျှင် ဦးခိုင်မြဲအောင်က လေးနက်စွာသူမကိုကြည့်၏။

"မြတ်နိုးကိုပြောစရာရှိလို့ပါ၊ မြတ်နိုးရဲ့ဘဝကို ပြောင်းလဲစေနိုင်တဲ့စကားမို့ ပြောသင့်၊မပြောသင့်စဉ်းစားရင်းနဲ့ ခုမှရောက်လာခဲ့တာပါ၊ နောင်တစ်ချိန်ကျမှ ဦးကသိရဲ့နဲ့ ထိန်ချိန်ထားတဲ့အဖြစ်မျိုး မဖြစ်စေချင်ဘူးလေ"

သူ့စကားက လေးနက်ဆန်းပြားနေလျှင် မြတ်နိုး၏ရင်တွေ တဒိတ်ဒိတ်ခုန်လာလေ၏။





"ဘာစကားမို့လဲဦးခိုင်မြဲအောင်၊ ပြောစရာရှိရင်ပြောပါ၊ မြတ်နိုးစိတ်ခိုင်ပါတယ်"

သူမ သူ့ထံမှစကားကို ငံ့လင့်မျှော်ကြည့်နေသော်လည်း ဦးခိုင်မြဲအောင်ထံမှ ဘာစကားမှထွက်မလာခဲ့သေးချေ။ အတန်ကြာမှ. . .

"မင်းရာဇာဟာ ရန်နောင်ရှင်းကိုသတ်တဲ့လူ"

"ရှင် . ."

မြတ်နိုး၏နားထဲမှာ ဗုံးတစ်လုံးကပ်ပေါက်သွားခဲ့ပြီး သူမနောက်သို့ယိုင်သွားမိလျှင် ဦးခိုင်မြဲအောင်က တိုးညင်းကြေကွဲစွာဆက်ပြော၏။

"သူက ဧရာမကြီးရဲ့သား၊ သူဌေးသားမို့ ဘာမှမဖြစ်ပေမယ့် မြတ်နိုးကတော့ ဘဝပျက်လုမတတ်ဖြစ်ခဲ့တယ်၊ ဒီစကားတွေ ကိုယ်မပြောချင်ဘူး၊ မြတ်နိုးတို့က ချစ်သူတွေဆိုတော့ကြားထဲက သပ်လျှိုတယ်လို့လည်း အထင်မခံနိုင်ဘူးလေ၊ ဒါပေမယ့် မြတ်နိုးမသိဘဲလက်ထပ်ပြီးမှ ဒါတွေကိုသိလာရရင် မြတ်နိုး

ရဲ့ဘဝ တစ်မျိုးဖြစ်သွားမှာစိုးလို့ အချိန်မီ၊ အခါမီ ကိုယ်ဖွင့်ပြော ရတာပဲ၊ မြတ်နိုး ကိုယ့်စကားကိုယုံရဲ့လား၊ မယုံရင်လည်း သူ့ကို ဖွင့်မေးလိုက်ပေါ့"

မြတ်နိုးမှာ ရပ်နေဖို့ခွန်အားမရှိတော့သဖြင့် အနားမှခုံ တန်းပြာတွင်ထိုင်လိုက်ရပါ၏။ သူမ၏ဦးခေါင်းတစ်ခုလုံး အဆိပ် မိခံလိုက်ရသည့်နှယ်။

သူမရင်ထဲမှ သောကမီးပုံကြီးကလည်း တလူလူအညွန့် တွေတက်နေ၏။ ဦးခိုင်မြအောင်၏စကားများကိုလည်း မကြား တစ်ချက်၊ ကြားတစ်ချက်။

မင်းရာဇာဟာ ကိုကိုရန်နောင်ရှင်းကိုသတ်သူတဲ့။ ကြည့် စမ်း. . လူတစ်ယောက်လုံးရဲ့ဘဝကိုသတ်ပြီး မြေမြှုပ်သင်္ဂြိုဟ် ခဲ့ပေမယ့် သူကတော့ လောကထဲမှာ ဘာမှမဖြစ်သလို ရယ်လို့ မောလို့၊ ပျော်လို့၊ ရွှင်လို့။

ခေါင်းမော့ရင်ကော့နေလိုက်တာ။ ကံကောင်းလို့ပါလား။ ငါကံကောင်းလို့ပါလား။ ကိုကို့ကိုသတ်ခဲ့တဲ့ ဓားသမား သူ့ငွေး





သားလူပေါ်ကြော့ကိုမှ ငါချစ်မိခဲ့ပါလား။ ငါ့ဘဝကို ပုံအပ်တော့ မလို့ပါလား။

တစ်ထိုင်တည်းပင် နောင်တတွေရ၊ မျက်ရည်များစီးကျ လာလျှင် ဦးခိုင်မြအောင်က သူတော်ကောင်းလုပ်ကာ ဖျောင်း ဖျနေ၏။

"အချိန်မီပါသေးတယ်မြတ်နိုးရယ်၊ ဘုမသိ၊ ဘမသိနဲ့ လက်ထပ်ပြီးခါမှဆိုရင် မြတ်နိုးဘယ်ပြင်လို့ရပါတော့မလဲ၊ ကိုယ် စေတနာနဲ့ပြောတာပါ၊ မယုံရင် သူ့ကိုမေးလိုက်၊ သူငြင်းရဲရင် ငြင်းကြည့်လေ၊ အဲဒီတုန်းက မြတ်နိုးကအရမ်းပေါက်ကွဲနေတော့ ကိုယ်ပဲ အဲဒီကိစ္စတွေလိုက်ရှင်းရတယ်လေ၊ သူတို့ကတော့ အချုပ်ခန်းထဲမှာပေါ့၊ သူ့အစ်မတွေနဲ့ရှင်းခဲ့ရတယ်၊ သက်သေ တွေအများကြီးရှိတယ်"

ဦးခိုင်မြအောင်တတွတ်တွတ်နှင့် မငြင်းမနပ်ပြောနေသမျှ မြတ်နိုးနားကျည်းရပါသည်။ ပြီးလျှင် ချက်ချင်းပင်ဆုံးဖြတ်ချက် တစ်ခုချလိုက်ပြီး မြတ်နိုးကျောင်းဝင်းထဲမှပြေးထွက်ခဲ့သည်။

သူ့ကို ဘယ်တော့မှမတွေ့တော့ဘူး။ ကိုကို့ကိုသတ်တဲ့ လူယုတ်မာ။ သူတို့အပျင်းပြေကစားခဲ့တဲ့အတွက် ငါ့အစ်ကိုနဲ့ ငါ့ဘဝ ကမောက်ကမဖြစ်ရတယ်။

ဦးခိုင်မြအောင်မှာ မြတ်နိုးကိုလိုက်မပို့သေးဘဲ အောင် သေအောင်သားစားဖို့ မင်းရာဇာကိုဆက်စောင့်နေလိုက်သည်။

မြတ်နိုးထွက်သွားပြီး မကြာမီပင် မင်းရာဇာ၏ကား စာ သင်ခန်းရှေ့သို့ထိုးဆိုက်လာခဲ့သည်။ သူ့ကားပေါ်မှာ သူ့ကို လိုက်ရှုပ်မည်ဟုဆိုပြီး တမင်သက်သက်လိုက်ပါလာခဲ့သည့် ရဲရင့်၊ သီဟနှင့် စပ်နေဦး၊ ထင်ရှားတို့အားလုံး တစုတဝေးပါလာ ကြ၏။

ကားပေါ်မှ တစ်ပြုံတစ်မကြီးဆင်းလိုက်ကြပြီး မြတ်နိုးကို ရှာဖွေနေကြစဉ် ကားနံဘေးမှာရပ်နေသည့်ဦးခိုင်မြအောင်ကို သူတို့တွေ့လိုက်ကြရသည်။



✿ ရွှေစကားစာပေ ✿

"ဩ. . ဒင်းလက်ချက်ကိုး"

ဦးခိုင်မြဲအောင်ကိုတွေ့လိုက်တာနှင့် မင်းရာဇာတို့ အခြေအနေကိုသဘောပေါက်လိုက်ကြသည်။ မြတ်နိုးဆိုတဲ့အချစ်ငှက်လေးကို ဒင်း လှန့်ထုတ်ပစ်လိုက်တာပေါ့။

မီးထွက်လုမတတ်မျက်လုံးများနှင့် မင်းရာဇာ ဦးခိုင်မြဲအောင်ထံသို့တစ်လှမ်းချင်းလျှောက်သွားလျှင် သူ့သူငယ်ချင်းများက နောက်မှထိန်းဖို့လိုက်လာကြသည်။

"ခင်ဗျားယုတ်မာလှချည်လားဦးခိုင်မြဲအောင်၊ မြတ်နိုးနဲ့ကျုပ်ရဲ့ဘဝကို ခင်ဗျားကြီးဖျက်ဆီးလိုက်ပြီပေါ့"

ဦးခိုင်မြဲအောင်က မခိုးမခန့်ရုပ်နှင့် မင်းရာဇာကိုပြောလိုက်၏။

"ဒါတော့ သူ့တရားနဲ့သူပဲလေ၊ မင်း သူ့အစ်ကိုကိုသတ်ထားခဲ့တာပဲ၊ ကိုယ့်ဒဏ်ကိုယ်ခံပေါ့"

"ဒါ ခင်ဗျားသက်သက်ယုတ်မာတာ၊ အဲဒီကိစ္စက ပြီးခဲ့ပြီပဲ"

"ခံရတဲ့သူတွေဘက်ကတော့ ဘယ်ပြီးမလဲ၊ အမြနာကျည်း





နေရမှာပေါ့၊ ကဲ. . မောင်ရင် မြတ်နိုးကိုဆက်ပြီးကြိုးစားကြည့်ဦးလေ၊ ခုတော့ ကိုယ့်မှာပြိုင်ဖက်မရှိတော့ဘူး၊ ဟား. . ဟား. ဟား. . "

အနိုင်နှင့်ပိုင်းပြီး ဦးခိုင်မြဲအောင် သူ့ကားထဲသို့ဝင်မည်ပြင်လျှင် မင်းရာဇာ ဘယ်လိုမှစိတ်မထိန်းနိုင်တော့ပါ။

တခွပ်ခွပ်ထိုးကြိတ်ပစ်လိုက်ပြီး သူလည်း ဦးခိုင်မြဲအောင်၏တုံ့ပြန်မှုကြောင့် ခေါင်းကွဲသွားပါလေ၏။

# အခန်း(၂၂)

ယခုတော့ ဆေးရုံမှာ အစောင့်ကိုယ်စီနှင့်။ ထိပ်ကွဲ၊ ခေါင်းပြကိုယ်စီနှင့်။ မင်းရာဇာ၏လက်သီးကြောင့် ဦးခိုင်မြအောင် မျက်ခုံးကွဲသွား၊ နှာခေါင်းရိုးကျိုးသွားသလို ဦးခိုင်မြအောင် တုတ်နှင့်ပြန်ရိုက်သောကြောင့်လည်း မင်းရာဇာ ခေါင်းကွဲသွားခဲ့သည်။ မျက်လုံးတစ်ဖက်ဒဏ်ရာရသွားခဲ့သည်။

ရဲအစောင့်ကိုယ်စီနှင့် အမှုတွေဘာတွေလည်းဖြစ်ကြဦးမည်မို့ နှစ်ဖက်အုပ်စုတွေလည်း ရှုတ်ရှုတ်သဲသဲ။

မြတ်နိုးမှာ သည်သတင်းတွေကိုကြားနေရသော်လည်း မလှုပ်ရှားမိ။ သူမကြောင့်ဖြစ်ရသည့်ပြဿနာပေမယ့် သူမကို





ထည့်ပြီးမပြောလျှင် ဘာမှစိုးရိမ်စရာမရှိ။ သူမလည်း အခင်းဖြစ်ပွားပုံကို ဘာမှမြင်တာမဟုတ်။

စာမေးပွဲပြီးသွား၊ ကျောင်းပိတ်သွားပြီမို့ စိတ်နွမ်း၊ လူနွမ်းဖြင့် အဆောင်မှာ အခန်းအောင်းနေမိစဉ်. : .

"မြတ်နိုးရေ. . ဧည့်သည် အောက်မှာစောင့်နေတယ်၊ မသိတာဆိုလားပဲ"

အဆောင်ပိုင်ရှင်အန်တီကြီးစကားကြောင့် မြတ်နိုး ရင်ထဲဒိန်းကနဲဖြစ်သွားပေမယ့် စိတ်ကိုတင်းပြီး ဆင်းတွေ့ရပြန်သည်။

ဧည့်ခန်းထဲမှာစောင့်နေသည့်မသိတာက သူမကိုမြင်လျှင် ပြေးဖက်ပြီး ငိုယိုတိုင်တည်နေသည့်ကြောင့် မြတ်နိုးမှာ အံ့အံ့သြသြ။ တတ်လည်းတတ်နိုင်တဲ့မသိတာ။

"ညီမလေးရယ်. . ကိုခိုင့်ကိုကယ်ပါဦး၊ အခုလေ ညီမရဲ့ကိုကိုကိုသတ်တဲ့သူဌေးသားအုပ်စုနဲ့ ကိုခိုင်ပြဿနာတက်ပြန်ပြီ၊ ဟိုက ငွေအား၊ လူအားတောင့်တော့ ကိုရန်နောင်ရှင်းတုန်းကလိုပဲ သူတို့ပဲအနိုင်ရသွားမှာ၊ ကိုရန်နောင်က သေသွားလို့

ကိစ္စမရှိပေမယ့် ကိုခိုင်ထောင်ကျရင် ဒုက္ခပါပဲ၊ ကယ်ပါဦးညီမ
ရယ်. . ”

ငိုလိုက်၊ ပြောလိုက်ဖြစ်နေသည့်မသီတာကို မြတ်နိုး မသနားပေမယ့် မင်းရာဇာတို့အဖွဲ့ ငွေအား၊မနေအား၊လူအား နှင့်အနိုင်ကျင့်တာကိုတော့ သူမ မခံချင်။

“ကျွန်မကို အသားမထိနဲ့၊ ကျွန်မ ရှင့်ကိုမသနားနိုင်ဘူး၊ ဒါပေမယ့် မင်းရာဇာတို့ မတရားလုပ်တာကိုတော့ ဝင်ဖြည်ရမယ်၊ ကျွန်မ ဘယ်လိုကယ်ရမှာလဲပြော”

မြတ်နိုး ရဲရဲတောက်နေလျှင် မသီတာရွံ့သွား၏။ သို့သော် သူကအကူအညီလိုသူမို့ သည်းခံလိုက်ရသည်။

“ရှေ့နေနဲ့သွားဆွေးနွေးပြီး သူခိုင်းတာလုပ်ရုံပါပဲ၊ လာပါ ညီမရယ်. . ကိုခိုင့်ကိုကူပါဦးနော်”



အမှုကပြေအေးလို့လည်းရသဖြင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆွေးနွေးကြဖို့ ကိုရန်နောင်ရှင်းတုန်းကလိုပင် ဝတ်လုံတော်ရ ကြီးဦးထင်ဖတ်၏အိမ်တွင် စုစည်းကြပြန်သည်။

မင်းရာဇာဘက်မှ သူ့မိဘ၊ အစ်မများနှင့် သူငယ်ချင်း များစုရုံးလိုက်ပါလာကြသော်လည်း ဦးခိုင်မြဲအောင်ဘက်မှာ တော့ ဦးခိုင်မြဲအောင်၊ မသီတာ၊ သားလေးနှင့် မြတ်နိုးတို့သာ ပါလာကြသည်။

ခိုင်မြဲအောင်ဘက်မှာ မြတ်နိုးပါလာခဲ့လျှင် မင်းရာဇာ ကြေကွဲခံစားရသည်မှာ မချိတရိ။

"ကျွန်တော်သေမှအေးမှာ၊ ကျွန်တော်ထောင်ကျမှအေးမှာ၊ ပြန်မယ်၊ ဒီအမှုကိုရှေ့ဆက်ကြပစေ"

နှင့်ပေါက်ကွဲနေသဖြင့် ငိုကြ၊ ရယ်ကြ၊ ဖျောင်းဖျကြရသေးသည်။ မြတ်နိုးမှာ ယခုတိုင် မျက်လုံးတစ်ဖက်အုပ်ထားရသည့်မင်းရာဇာအား မုန်းတီးနာကျည်းစွာ ကြည့်လိုက်၏။

ထို ကြည့်ဒဏ်ကြောင့် မင်းရာဇာမှာ သူ့ဦးခေါင်းကို အချက်တစ်ရာလောက် အရိုက်ခံရသည့်နှယ်။ အချစ်ရယ်. . အချစ်ဆုံးရဲ့အမုန်းနိုင်ငံမှာ ကိုယ့်ကို အကျဉ်းသားအဖြစ် တစ်သက်လုံးဒဏ်ခတ်တော့မှာလား။

စူဠသုဘဒ္ဒါလို အပြုံးတကြီးနဲ့ ကိုယ့်ရဲ့အသည်းနှလုံးကို မင်းထုတ်ယူရက်ရင် ယူပါတော့။ အယူခံဝင်ခွင့်တောင်မပြုဘဲ တစ်ဖက်စကား၊ တစ်ဖက်နားနဲ့ မျက်စိမှိတ်ပြီး မင်းနာကျည်းနေသမျှ ကိုယ့်ဘဝလည်း ရှင်ရက်နဲ့သေဆုံးနေရမှာပါ။

ရှေးရှေးတုန်းက ကိုဓဥပဒေလို မျက်လုံး မျက်လုံးချင်း၊





သွား သွားချင်း၊ အသက်ကို အသက်ချင်းသာ မင်းနှုတ်ယူသွားလိုက်ပါတော့။

မျက်နှာစုံညီဝိုင်းဖွဲ့ထိုင်ကြပြီးလျှင် ခိုင်မြဲအောင်ကစတင်ပြီး သူမလွန်ကြောင်းပြောလေသည်။

"မြတ်နိုးဟာ ကျွန်တော့်ကားမောင်းတဲ့ ရန်နောင်ရှင်းရဲ့ညီမပါ၊ သူက သူ့အစ်ကိုကိုသတ်တဲ့တရားခံကို သိပ်ပြီးနာကျည်းနေတာသိလို့၊ နောင်မဖြစ်သင့်တာမဖြစ်အောင် ကျွန်တော်၊ မြတ်နိုးကိုဖွင့်ပြောလိုက်တာပါ၊ ဒါကို သူက မကျေနပ်လို့ကျွန်တော့်ကို စတင်ထိုးကြိတ်တာပါ"

ဦးခိုင်မြဲအောင်၏စကားဆုံးလျှင် ရဲရင့်က မားကနဲရပ်ပြီးချေပ၏။

"ကိုရန်နောင်ရှင်းကို မင်းရာဇာသတ်တာမဟုတ်ပါဘူး၊ အုပ်စိုးတို့အဖွဲ့မှာပဲဓားပါတာပါ၊ နှစ်ဖက်အဖွဲ့ ရန်းရင်းဆန်ခတ်ဖြစ်တုန်း ကိုရန်နောင်က လူကြီးပီပီဝင်ရောက်ဖျန်ဖြေ၊ ဆွဲလွဲ

လို့ မားထိုးခံရရှာတာပါ၊ ဒီအကြောင်းကို မင်းရာဇာအပေါ်ပုံချ လို့ဘယ်တရားမလဲ၊ အမှုကလည်း တရားသဖြင့်ပြီးဆုံးသွားပါပြီ”

ရဲရင့်က ရဲရဲရင့်ရင့်ပင် ထပြီးပြောလျှင် ဦးခိုင်မြအောင် မျက်စိမျက်နှာပျက်လေ၏။ တကယ်က ဒါတွေသူသိပြီးသား။ သူပဲအမှုကိုပြေငြိမ်းခဲ့သူမဟုတ်ပါလား။ ယခုမှ အစမြန်ဖော်ပြီး မြတ်ႏိ ကို ခုတုံးလုပ်တာဖြစ်သည်။

သို့သော် ဦးခိုင်မြအောင်ဆက်ပြောလေ၏။

“ဘာပဲဖြစ်ဖြစ် ကိုရန်နောင်သေဆုံးသွားတဲ့အတွက် မြတ်နိုးမှာ ဘယ်လောက်တောင်ဒုက္ခရောက်လိုက်သလဲ၊ ကျောင်းကလည်းမပြီးသေးဘဲ တစ်နှစ်ကျန်နေတဲ့အတွက် ခိုကိုးရာမဲ့ဖြစ်ပြီး ကံကောင်းလို့ ဘဝမပျက်ရတယ်၊ ကျွန်တော် တစ်လတစ်သိန်းထောက်ပံ့လို့သာ သူ့ဘဝ ကမေဒက်ကမ မဖြစ်ရရှာတယ်”

သူ့စကားဆုံးလျှင် ထရပ်သူက မမသြ။ သူမအသွင်က မီးဝင်းဝင်းတောက်။





“အဲဒီတုန်းကလည်း အဲဒီစကားကို ရှင်ပဲပြောခဲ့တယ်လေ၊ အဲဒါကြောင့် ကျွန်မတို့နှစ်ဖက်အုပ်စုကမိဘတွေအားလုံး ကလေးမလေးအတွက် နစ်နာကြေး၊ ဂရုဏာကြေးရယ်လို့ စုပြီး သိန်းသုံးဆယ်ပေးခဲ့တယ်လေ၊ အဲ့လိုပေးလို့ပဲ ရှင်တို့ အမှုရုပ်သိမ်းခဲ့တာမဟုတ်လား”

“ဟင်. . ”

ဒီတစ်ခါဟင်ရသူက မြတ်နိုး။ သူ့အစ်ကိုသေမှုအတွက် လာဘ်စားပြီး အမှုပိတ်လိုက်တာကို သူမလုံးဝမသိရပါလား။

မြတ်နိုး မားကနဲရပ်လိုက်သည်။

“ဘယ်သူ့ကိုပေးလိုက်တာလဲ”

“သူ့ကို. . ”

မသိတာသို့ လက်ညှိုးထိုးပြီး မမသြပြောချလိုက်လျှင် မြတ်နိုး၏မျက်လုံးတွေ ပြာကနဲဖြစ်သွားရပါ၏။ သူမ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်မိလိုက်သည်။

လျော်ကြေးငွေကို သူမမက်မောလို့မဟုတ်ပေမယ့် သည်

လျှော်ကြေးကို တိတ်တိတ်ယူထားသူကြီးက သူ့ယောက်ျား တစ်လတစ်သိန်းပေးမှုအတွက် အသည်းဆတ်ဆတ်ခါနာပြီး ကိုယ့်ဘဝကိုယ် ကြိုးစားတည်ဆောက်နေသည့်မြတ်နိုးကို အရပ် အတည်မရအောင်၊ သိက္ခာကျအောင် လူလယ်ခေါင်ပါးရိုက်ခဲ့ သေးသည်မဟုတ်ပါလား။

မြတ်နိုး မသီတာကို နာကျည်းသည့်မျက်ဝန်းများဖြင့် ဖျတ်ကနဲကြည့်လိုက်လျှင် မသီတာမှာ ဒူးတဆတ်ဆတ်တုန်လျက်။

မြတ်နိုး သူမထံ ဆတ်ကနဲလျှောက်သွားပြီး 'ဖြန်း'ကနဲ ပါးကိုတစ်ချက်ရိုက်ပစ်လိုက်ပါ၏။

"ကျွန်မရိုက်တာ တစ်ချက်ထဲရယ်၊ ရှင့်လို နှစ်ချက်မဟုတ်ဘူး၊ ကျွန်မအစ်ကိုကို အမြတ်ထုတ်တဲ့အပြင် ကျွန်မကြိုးစား တည်ဆောက်နေတဲ့ ဖြူဖြူစင်စင်ဘဝလေးကိုပါ အမည်းစက် အုပ်ခဲ့တဲ့အတွက် ကလဲ့စားချေတာ၊ အားလုံးကို ကျွန်မခွင့်လွှတ် လိုက်ပါပြီ၊ ကျွန်မကိုလည်း အားလုံးခွင့်လွှတ်ကြပါ"

ပြောပြီး မြတ်နိုး အိမ်ထဲမှတစ်လှမ်းချင်းထွက်ခွာသွားလျှင်





မမသြနှင့်တကွ အစ်မများအားလုံးက မင်းရာဇာကိုတွန်းလွှတ် ကြလေ၏။

နဂိုကတည်းက လိုက်ချင်နေသောမင်းရာဇာမှာ ဖိုးကျိုင်း တုတ်ဖြစ်သွားပြီး မြတ်နိုး၏နောက်သို့ ငှက်ကြီးဝန်ပို့ခြေလှမ်း များနှင့် အပြေးအလွှားလိုက်ပါသွားလေလျှင် ဧည့်ခန်းထဲမှာ ကျန်ခဲ့သည့် သူ့သူငယ်ချင်းများက ဝိုင်းပြီးရယ်မောလိုက်ကြ သည်။

ခြံပေါက်ဝမှာ တစ်ယောက်နှင့်တစ်ယောက် ကြင်နာစွာ မျက်နှာချင်းဆိုင်ကြပြီး မြတ်နိုး သူ့မျက်လုံးမှပလာစတာကို ကြင်နာယုယစွာ ဖြည်းဖြည်းဖွင့်ကြည့်လိုက်၏။ ချစ်ရည်ရွှန်းလဲ့ သောမျက်ဝန်းကြီးက အပြုံးသား။

"သွား. . ကိုလူညာကြီး၊ ဒီကတော့ မျက်လုံးလေးပျက်သွား ပြီလားလို့"

"အမယ်လေး. . မြတ်နိုးသာပစ်သွားရင် မျက်လုံးတင် မဟုတ်ဘူး၊ တစ်ကိုယ်လုံးပျက်မှာဗျ"

"ဒါဆို ကိုအနူကြီးပေါ့"

"ဟုတ်တယ်. . ဟုတ်တယ်. . ကိလေသာတွေနဲ့ ယားယံနေတဲ့ချစ်အနှုကြီးလေ"

သူ့အပြောကြောင့် နှစ်ယောက်သား ရှက်စနိုးရယ်လိုက်ကြလျှင် သူတို့အနားမှာလက်ခုပ်တီးအားပေးနေသူများမှာ မင်းရာဇာ၏သူငယ်ချင်းများပါပင်။

သီရိကြယ်စင်


ကြည်ဖြူညီမြင့်
" စာပေ "
၀/၃-လမ်းနှင့်တောင်ယမ်းခေါင်
ဖုန်း-၀၄၅-၃၀၅၁၂။



# သီရိကြယ်စင်

## မေတ္တာနဲ့ရစ်နွယ်တဲ့နှောင်ကြိုး

လုံးချင်းဝတ္ထုသစ်



ရွှေစကားစာပေ မှ
မကြာမီ
ထွက်ပါတော့မည်
095006078

# သီရိကြယ်စင်

## ချစ်ခြင်း၏ဆုလဒ်

လုံးချင်းဝတ္ထုသစ်

ရွှေစကားစာပေ မှ

မကြာမီ

ထွက်ပါတော့မည်

095006078